စိတ်ကူးချိုချိုအနုပညာ

# မောင်သာနိုး

# ခိုးစားတဲ့သစ်သီး

ဝတ္ထုတိုပေါင်းချုပ်




mgyoe.com

mgyoe.com



၁၉၉၆ ခုနှစ် ရာပြည့်တာအုပ်တိုက်ထုတ်
ဝတ္ထုတိုပေါင်းချုပ်မှုအား
ဆရာမောင်သာနိုး၏ ကျန်ဝတ္ထုတိုလက်ရာများ
ပြည့်စွက်စိစဉ် ရိုက်နှိပ်ပါသည်။

MTN0009
3,700.00 KS

mgyoe.com

နိုးစားတဲ့သစ်သီးဝတ္ထုတိုပေါင်းချုပ်၊ မောင်သာနိုး
စာမျက်နှာ ၃၀၃+ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်ညိုး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဩဂုတ်လ၊ ဒုတိယအကြိမ်ပြည့်စွက်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၉၆ ရာပြည့်စာအုပ်တိုက်ထုတ် ပထမအကြိမ်မူ။

ရောင်းဈေး ၃၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# ခိုးစားတဲ့သစ်သီး

ဝတ္ထုတိုပေါင်းချုပ်

## မောင်သာနိုး

ဒုတိယအကြိမ်ဖြည့်စွက်ရိုက်နှိပ်ခြင်း။ ၂၀၀၈

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


– စာရေးသူဆိုက (က)

– အသိအမှတ်ပြုခြင်း (ဂ)


## သမိုင်း


၁။ မြိုင်ကြီးသူ (ဗေဒါရီ) (၁၉၈၈) ၁

၂။ ပိသသနိုးတို့အမေ (၁၉၉၄) ၁၃

၃။ အမိအတွက် တိုက်ပွဲတစ်ပွဲ (၁၉၉၃) ၃၃

၄။ မယ်သည်ပင်သည်ခရီးသား ၄၅

၅။ ပရိမ္မရဲ့ လွမ်းတေး (၁၉၉၂) ၇၁

၆။ ခိုးစားတဲ့ သစ်သီး (၁၉၉၄) ၈၃

၇။ သိုးကလေ (၁၉၉၃) ၁၀၁

၈။ ဝါးရုံတောက မီးလျှံ (၁၉၉၄) ၁၂၁

၉။ နှလုံးအစားထိုး ကုသခြင်း (၁၉၉၄) ၁၄၃

၁၀။ ပင်းယက ယမင်းရုပ် (၁၉၉၂) ၁၅၃

၁၁။ ဇမ္ဗူဒိပအလွမ်း (၁၉၈၆) ၁၆၇


mgyoe.com

mgyoe.com

## ခေတ်

၁။ မောင့်စုံနဲ့သာမြိုင် (၂၄–၈–၆၁) ၁၈၁
၂။ ရှာပုံတော်ရဲ့နိဂုံး (၁၉၈၆) ၁၉၃
၃။ အချစ်ပုံပြင် တစ်ပုဒ် (၁၉၈၆) ၂၀၇
၄။ လွမ်းငွေ့တဝေဝေ (၁၉၈၁) ၂၂၅
၅။ ဥဿာပဲခူးရဲ့ပုလဲ ၂၃၉
၆။ နှင်လေဦး (၂၀–၈–၆၁) ၂၅၇

## ပုံပြင်

၁။ သပိတ်လွယ်ရင်အုပ်နီလေးအကြောင်း ၂၉၁

## အင်္ဂလိပ်

၁။ Traveler's Tales [a fable] ၂၉၇

❐

mgyoe.com

mgyoe.com

## စာရေးသူ့ဆီက

ကျွန်တော်ဟာ စာရေးဝါသနာပါတယ်ဆိုကတည်းက ဝတ္ထုတိုတွေ ရေးခဲ့ပါတယ်။ တက္ကသိုလ်မဂ္ဂဇင်းတွေနဲ့ လူထုဂျာနယ်စတာတွေမှာ အခါအားလျော်စွာ ထည့်သွင်းခဲ့ပါတယ်။ ဒါပေမဲ့ နောင်မှာ သတင်းစာဆရာလုပ်လိုက်တော့ ဆောင်းပါးဘက်အားသန်ပြီး ဝတ္ထုဘက်အရေးကျဲခဲ့ပါတယ်။ စောစောပိုင်းက ဘာသာပြန်ဝတ္ထုအတော်များများ အားထုတ်ခဲ့ပေမဲ့ နောက်ပိုင်း ကဗျာပဲဘာသာပြန်များသွားတယ်။

အခု ရာပြည့်စာအုပ်တိုက်က ကျွန်တော့် ဝတ္ထုတိုတွေကို စုပေါင်း ထုတ်ဝေချင်တယ်လို့ စကားကမ်းလှမ်းလာတဲ့အခါ ဝတ္ထုအဟောင်းတွေကို ရှာရဖွေရတာ တော်တော်ကိုအခက်အခဲ တွေ့ရတော့တယ်။ တချို့ကို ရှာမတွေ့တော့ပါဘူး။ တက္ကသိုလ်တုန်းက ရေးတဲ့ဝတ္ထုဆိုလို့ 'မောင့်စုံနံ့သာမြိုင်' တစ်ပုဒ်ပဲ တွေ့ရတယ်။ ဒါတောင် မိုးဝေမှာ

mgyoe.com

mgyoe.com
ထပ်ဆင့်ဖော်ပြခဲ့ဖူးလို့။ အများစုက နောက်ပိုင်း ကျွန်တော် ရေးဖြစ်တဲ့ ပုဂံဝတ္ထုတွေ။

ဒီဝတ္ထုတွေကို ရေးလာရာမှာ ကျွန်တော့်မှာ ရည်ရွယ်ချက်ရှိပါတယ်။ ကျွန်တော်တို့ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်စုဝေးရာ ပုဂံရဲ့သမိုင်းကို ဝတ္ထုပုံစံနဲ့ တင်ပြဖို့ ဖြစ်ပါတယ်။ ဒီလိုနဲ့ ပုဂံမတိုင်မီက စပြီး (သရေခေတ္တရာက ဗေဒါရီနဲ့ မဟာသမ္ဘဝ၊ စူဠသမ္ဘဝတို့က စပြီး) ဇာတ်လမ်းတည်ခဲ့တာ နရပတိစည်သူလက်ထက်ထိ ရောက်လာခဲ့ပါပြီ။ နောက်ထပ် သုံးပုဒ်လောက် ဆက်ရေးပြီးရင် ပုဂံခေတ်ကို တစေ့တစောင်း ထင်ဟပ်ပြနိုင်လိမ့်မယ်လို့ မျှော်လင့်မိတယ်။

ပုဂံခေတ်အကြောင်းကို ဇာတ်လမ်းသဘော ဖွဲ့နွဲ့တဲ့အခါ ခေတ်သစ်သုတေသနထက် ရှေးဟောင်းရာဇဝင်စာအုပ်ကြီးတွေက ပိုမိုပြဇာတ်ဆန်တယ်လို့ ယူဆမိတယ်။ ခေတ်သစ်သုတေသန အချက်အလက်အချို့ကို ယူပေမဲ့ ကျွန်တော့်ပုဂံဝတ္ထုအားလုံးရဲ့ ပင်မကျောရိုးကတော့ မှန်နန်းနှင့် ဦးကုလားရာဇဝင်တို့မှာပါတဲ့အတိုင်း တစ်သဝေမတိမ်း ယူထားပါတယ်။ ဒါပေမဲ့ ကျွန်တော်ရေးနေတာ ဝတ္ထုဖြစ်တယ်။ ရာဇဝင်မှတ်တမ်း မဟုတ်ဘူးဆိုတာကိုတော့ သတိပြုစေချင်တယ်။ ဒါကြောင့် ရာဇဝင်အထောက်အထားပေါ်မှာ စိတ်ကူးတွေ ဖြန့်ကျဲ ထားရတာကတော့ သဘာဝပဲပေါ့။

ကျွန်တော့်ဝတ္ထုတိုတွေကို မိုးဝေမဂ္ဂဇင်း၊ စံပယ်ဖြူမဂ္ဂဇင်း၊ ကလျာမဂ္ဂဇင်း၊ ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း၊ ရင်ခွင်သစ်မဂ္ဂဇင်းတို့မှာ အလျင်ဖော်ပြခဲ့တာ ဖြစ်ပါတယ်။ ခုအဲဒီမဂ္ဂဇင်းတွေက ကူးယူထုတ်ဝေရတာဖြစ်တဲ့အတွက်၊ ဖော်ပြပါမဂ္ဂဇင်းတို့ကို ကျေးဇူးအထူးတင်ပါကြောင်း မှတ်တမ်းတင်အပ်ပါတယ်။

mgyoe.com

mgyoe.com

ဒုတိယအကြိမ်မြောက် ထုတ်ဝေရာမှာတော့ ကျွန်တော့် ဆောင်းပါးဟောင်းတွေ ရှာဖွေရင်းထပ်မံတွေ့ရှိတဲ့ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ပုံပြင်၊ အင်္ဂလိပ်ဝတ္ထုများကိုပါ ဖြည့်စွက်လိုက်ပါတယ်။

မောင်သာနိုး

❐

mgyoe.com

mgyoe.com

# အသိအမှတ်ပြုခြင်း

'မြင့်ကြီးသူ' ဝတ္ထုကို စံပယ်ဖြူ (ဖေဖော်ဝါရီ၊ ၁၉၈၈) မှာ၊ 'ပိသုနိုးတို့အမေ' ဝတ္ထုကို ကလျာမဂ္ဂဇင်း (ဧပြီ၊ ၁၉၉၄) မှာ၊ 'အမိအတွက် တိုက်ပွဲတစ်ပွဲ' ကို ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း (ဒီဇင်ဘာ၊ ၁၉၉၃) မှာ။ 'ပရိမ္မရဲ့လွှမ်းတေး' ကို ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း (မတ်၊ ၁၉၉၂) မှာ၊ 'ခိုးစားတဲ့သစ်သီး' ကို ရင်ခွင်သစ်မဂ္ဂဇင်း (ဧပြီ၊ ၁၉၉၄) မှာ၊ 'သိုးကလေ' ကို ကလျာမဂ္ဂဇင်း (နိုဝင်ဘာ၊ ၁၉၉၃) မှာ၊ 'ဝါးရုံတောက မီးလျှံ' ကို ကလျာမဂ္ဂဇင်း (ဒီဇင်ဘာ၊ ၁၉၉၄) မှာ၊ 'နှလုံးအစားထိုးကုသခြင်း' ကို ရုပ်ရှင်တေးကဗျာ (မေ၊ ၁၉၉၄) မှာ၊ 'ပင်းယက ယမင်းရုပ်' ကို ကလျာမဂ္ဂဇင်း (ဩဂုတ်စ်၊ ၁၉၉၂) မှာ၊ 'မောင့်စုံနံ့သာမြိုင်' ကို မန္တလေးတက္ကသိုလ်နှစ်လည်မဂ္ဂဇင်း (၁၉၆၀)၊ 'ရှာပုံတော်ရဲ့နိဂုံး' ကို မိုးဝေမဂ္ဂဇင်း (အောက်တိုဘာ၊ ၁၉၈၆) မှာ၊ 'အချစ်ပုံပြင်တစ်ပုဒ်' ကို စံပယ်ဖြူမဂ္ဂဇင်း (ဇွန်၊ ၁၉၈၆) မှာ၊ 'လွမ်းငွေ့တဆဲဆဲ' ကို စံပယ်ဖြူမဂ္ဂဇင်း

mgyoe.com

mgyoe.com


(ဲအောက်တိုဘာ၊ ၁၉၈၁) မှာ၊ အသီး အသီး စတင် တင်ပြခဲ့တာဖြစ်ပါတယ်။

ဒုတိယအကြိမ်မှာ ထပ်မံဖြည့်စွက်လိုက်တဲ့ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ပုံပြင်၊ အင်္ဂလိပ်ဝတ္ထုတွေကို ရှာဖွေပေးခဲ့တဲ့ ကျွန်တော့်ဇနီး ခင်လေးနွယ်ကိုလည်း အသိအမှတ်ပြုကျေးဇူးတင်ပါကြောင်း။

❒

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မြို့ငြကြီးသူ
( မေဒါရီ )

mgyoe.com

mgyoe.com

အဝတ်အစားတွေ စုတ်ပြတ်ကာ တစ်ကိုယ်လုံးလည်း ရွှံ့တွေ၊ ဖုန်တွေ၊ သွေးစတွေ ပေရေကာ နေပေမယ့်လည်း သူ့ရုပ်ရည်ဟာ လှပချောမောပြီး မွန်ရည်တယ်။ ကြမ်းတမ်းတဲ့ စရိုက်အသွင် မရှိဘူး။ ကိုယ်လေးလက်ဝန်နဲ့ ပြေးရလွှားရတာမှာတောင် သူ့လှုပ်ရှားပုံဟာ တောင်နန်းမရဲ့ တင့်တယ်မှုအသွင်ကို ဆောင်နေတယ်။

mgyoe.com

mgyoe.com

အသျှင့်သား၊ သင်းကလေးကို ကြင်နာပါ။ သင်းကလေးဟာ ကျုပ် သွေးသားက မွေးဖွားလာခဲ့တာ မဟုတ်ပေမယ့် ကျုပ်နှလုံးသား နဲ့ မွေးမြူခဲ့ရသူပါ။ သူ့အမေက သူ့ကို လူ့လောကထဲ ဆောင်ကြဉ်း ပေးရုံပေးခဲ့တာဖြစ်ပြီး ကျုပ်ရဲ့အဆွေ တောကောင်တွေနဲ့ ကျုပ်ကသာ သူ့ကို ကမ္ဘာလောကပေါ် ရှင်သန်လာရေး ဖေးမခဲ့ကြရသူတွေ ဖြစ်တယ်။

တကယ်တော့ သူ့ခမျာ သူ့မိခင်ကို မှတ်မိမယ်တောင် မဟုတ်ပါဘူး။ သူသိနေတဲ့ သူ့မိခင်တွေက သမင်မတို့ တောဝက်မကြီးတို့ပဲ ဖြစ်တယ်။ သူငယ်စဉ်က သူတို့ရဲ့ သားတွေ သမီးတွေနဲ့ပဲ အတူပြေးလွှား၊ အတူကစား နေခဲ့တာကိုး။ သူတို့ကလည်း သူ့ကို မိမိတို့ရဲ့ သားရင်း သမီးရင်းတွေကြား မှာ သားရင်းသမီးရင်းတွေနဲ့ထပ်တူ ပြုစုစောင့်ရှောက်ခဲ့ကြပုံပါပဲ။ သူက လည်း အဲ့ဒီတောကောင်လေးတွေနဲ့ မခြားပါဘူးလေ။ အိုး... အဲ့ဒီအချိန်က သင်းကလေးကို အသျှင့်သား မြင်ဖူးစေချင်တယ်။ တကယ့်တောကောင် ကလေး၊ အဟိတ်တိရစ္ဆာန်ငယ်ကလေး၊ သူတို့လိုပဲ လေးဘက်တွားသွား ပြေးလွှားတယ်၊ သူတို့လိုပဲ စကားမဲ့တယ်၊ သူတို့လိုပဲ ကြောက်တတ်တယ်။ အဲ့ဒီအရွယ်က သူ့ကို ကျုပ် စတင်တွေ့မြင်ဖူးတာပဲ။

ကျုပ်က ကျုပ်ကျောင်းသခ်မ်းရှေ့က မြေကွက်လပ်မှာ ညနေတိုင်း

mgyoe.com

mgyoe.com
ညနေတိုင်း ရတတ်သမျှ အစာကို သူတို့အတွက် ချကျွေးလေ့ရှိတယ်။ ဟိုမှာ လေ၊ မြင်ရဲ့မဟုတ်လား။

သောက်ရေကိုတော့ စဥ့်အင်တုံနဲ့ အမြဲချပေးထားတယ်။ တောမှာက ရေကို အမြဲတမ်း မရတတ်ဘူး။ မိုးရာသီမှာသာ စိမ့်၊ စမ်းချောင်း၊ ကန်တို့က ရေပြည့်တတ်တာ၊ နွေခေါင်ခေါင်ဆိုလျှင် စိမ့်စမ်းတို့ခန်းပြီ၊ ချောင်းတို့ကောငြီ။ ဒီအခါမှာ သူတို့ ရေငတ်ကြရပြီ။ ကျုပ်ကတော့ ရေကို စရည်းအိုးကြီးတွေနဲ့ သိုလှောင်ထားတယ်။ ဒါကိုပဲ နွေခေါင်ခေါင်မှာ သင်းတို့နဲ့ မျှသုံးရတာပဲ။ တစ်ညနေသား နေဝင်ဖျိုးဖျမှာ ရေလာသောက်ကြတဲ့ သမင်အုပ်တို့အလယ် ထူးဆန်းတဲ့ တောကောင်ငယ်ကို ကျုပ်ပထမဆုံး သတိပြုလိုက်မိတာဖြစ်တယ်။ သူဟာ လေးဘက်ထောက် သွားလာနေပေမယ့် သူ့ခြေတံလက်တံတို့က သားသမင်တို့ ခြေလက်မျိုး မဟုတ်ချေဘူး။ ခေါင်းမှာ ဒိုက်သရောလို ရှုပ်ထွေးပွေလိမ်နေတဲ့ မည်းမှောင်မှောင် ဆံပင်ဖားလျားကလည်း သားသမင်တို့နဲ့မတူ ထူးခြားစေတယ်။ သူ့ကိုယ်တုံးလုံးကလေးမှာက ရွှံ့ညွန်အလူးလူး ပေကျန်လို့။ သမင်နဲ့တူတာဆိုလို့ ဝင်းလက်ဝိုင်းစက်တဲ့ မျက်လုံးတစ်စုံပဲ ရှိတယ်။

သူဟာ လူသားလို လက်နှစ်ဖက် ပါပေမယ့်လည်း ရေသောက်ရာ အစာစားရာမှာ လက်ကို အသုံးမပြုချေဘူး။ သူနဲ့အတူကြီးပြင်းခဲ့ရာ တောကောင်တို့လိုပဲ ပါးစပ်နဲ့သာ ရေအင်တုံထဲ တိုးဖော့ ရေကိုသောက်တယ်။ ကျုပ်ချပေးထားတဲ့ သစ်သီး သစ်ဥ၊ မျောက်ဥပြုတ် ကန်စွန်းဥပြုတ်တို့ကိုလည်း ပါးစပ်နဲ့ပဲ ကိုက်ခဲဖဲ့ရွဲ့ကာ ကုန်းပြီး လွေးတော့တယ်။ သူ စားသောက်နေပုံကို ကြည့်ရတာ ရယ်စရာပင် ကောင်းသေးတော့။

ကြောက်တတ်လိုက်တာကလည်း မပြောနဲ့တော့။ သားကောင်တို့က သူ့ကို သင်ကြားပေးထားတဲ့အတိုင်း သူဟာ လောကကို လန့်နေတယ်။ ဝန်းကျင်ကို ကြောက်နေတယ်။ အစာစားရင်းက မျက်လုံးလေးတွေကို ဟိုဘက်ရွှေ့၊ ဒီဘက်ပြောင်း တကြည့်ကြည့် လုပ်နေတယ်။ သတိဝီရိယကို အလစ်မပေးဘဲ စားသောက်တယ်၊ သွားလာလှုပ်ရှားတယ်။ ထစ်ခနဲ အသံကြားလျှင် မျက်ကလူး ဆန်ပျာဖြစ်ကာ အစာစားမှုကို ရပ်လိုက်ပြီ။ ဘာသံမှ ဆက်မကြားတော့မှ အစာကို ဆက်စားတယ်။ စားတော့လည်း ဟိုဘက်ကို

mgyoe.com

စောင်းကြည့်၊ သည်ဘက်ကိုငဲ့ကြည့်... အသံက ဆက်မြည်လာလျှင် အသံက ရုပ်သဏ္ဍာန် ပြောင်းလဲလာလျှင်တော့၊ လျှပ်ပြက်သည့်နှယ် ဆွေ့ခနဲထခုန်ကာ သူပြေးပြီ။ မြန်တာကလည်း မပြောပါနဲ့တော့၊ သားသမင်တို့နည်းတူ သွက်လက်ပါပေရဲ့။ အဲ့ဒီလို ပြေးရာမှာ ပထမ ခြေလေးချောင်းပဲ ပြေးတယ်။ နောက်တော့ ရှေ့ခြေ (ဝါ) လက်နှစ်ဖက်ကို ခြေစုံမြှောက်ကာ မြှောက်ကာ ခြေနှစ်ချောင်းနဲ့ပဲ ပြေးတော့တယ်။

အသျှင့်သား၊ သင်းကလေးကို ဖမ်းယူရတာ ခက်ခဲပင်ပန်းလှတဲ့ ကိစ္စ တစ်ရပ်ပါပေပဲ။ သင်းကလေးကို ဇာတ်မတူတဲ့ တောကောင်တွေထဲက ခွဲထုတ်ကာ လူ့ဇာတ်သွင်းပေးဖို့ စတွေ့ပြီးတဲ့နေ့နောက်မှာပဲ ကျုပ် အားထုတ်ခဲ့ပါတယ်။ သူဟာ တစ်ခါတလေ သမင်အုပ်စုနဲ့ ပါလာတတ်ပြီး တစ်ခါတလေ တောဝက်မကြီးတစ်ကောင်ရဲ့ သားအုပ်စုထဲ ရောပါလာတတ်တယ်။ သမင်တို့နဲ့ ရေကိုသာ အတူသောက်လို့ရပြီး မြက်သစ်ရွက်တို့ကို စားရာမှာတော့ သူ အတူလိုက်လုပ်လို့ မရချေဘူး။ သစ်ရွက်တချို့ကို သူစားပေမယ့် နှစ်ခြိုက်ပုံ မရဘူး။ ပြန်ပြန်ထွေးပစ်တတ်တယ်။ တောဝက်မကြီးနဲ့အတူ သစ်ဥသစ်ဖုတို့ကို စားရာ၊ ဝါးမျှစ်ပြုတ်တို့ကို စားရာမှာတော့ သူ ခုံခုံမင်မင်ပဲ။ သူ မှန်မှန်လာတော့ ကျုပ်လည်း သူ့အတွက် ယာဂုတို့ ဆွမ်းဟင်းလက်ကျန်တို့ကို သီးသန့်ချပေးတယ်။ သူ နှစ်နှစ်ခြိုက်ခြိုက် စားသုံးတယ်။ အနားကိုတော့ အကပ်မခံချေဘူး။

ဒါပေမယ့် သူ့မိခင်များဖြစ်ကြတဲ့ သမင်မကြီး၊ တောဝက်မကြီးတို့ဟာ ကျုပ်ကို ယဉ်ပါးနေပါပြီ။ ကျုပ်လက်နဲ့ ပွတ်သပ်တာကို လိုလား ကြည်ဖြူနေကြပါပြီ။ ဒီတော့ သူလည်း သမင်မ၊ ဝက်မတို့ နမူနာကိုယူကာ ရက်များ မကြာခင်ဘဲ ကျုပ်ကို ယဉ်ပါးလာရပါတော့တယ်။ ကျုပ် ချဉ်းကပ်လာလျှင် မပြေးတော့ဘူး။ သူ့စုတ်ဖွား ဆံပင်လေးတွေကို ကျုပ်သပ်ပေးတဲ့အခါမှာလည်း မျက်လုံးကလေးတွေ ပြူးကြောင်ကာ မော့ကြည့်ရင်း ကျုပ်ကို ဝေဖန်နေတတ်တော့တယ်။

အဲ... သူ့လက်ကလေးကို ကျုပ်လက်နဲ့ ဆုပ်ကိုင်ထားလိုက်ကာ သူ့အဖော်တွေ အစားအစာကိစ္စပြီးလို့ ပြန်ကြချိန် ပြန်ခွင့်မပေးဘဲ ထားလိုက်တဲ့အခါမှာတော့ သူ ရုန်းကန်လိုက်ပုံ မပြောပါနဲ့တော့။ ခြေထောက်ကလေး

mgyoe.com

mgyoe.com
တွေနဲ့ ကျုပ်ကို ကန်ကျောက်တယ်။ လက်သည်းရှည်တွေနဲ့ ကုတ်ခြစ်တယ်။ ခေါင်းနဲ့တိုးဝှေ့ကာ သွားနဲ့ကိုက်ဖဲ့ဖို့ ကြိုးစားတယ်။ ပါးစပ်ကလည်း လူသံမပီတဲ့ တောသတ္တဝါအသံမျိုးနဲ့ မြည်ဟိန်း မာန်ဖီနေတော့တယ်။ ကျုပ်ခက်ခဲခြင်းကြီးစွာ သူ့ရန်ပြုမှုတွေကို ခုခံရင်း သူ့ကို သင်္ခမ်းထဲ ဆွဲခေါ်ခဲ့ရတယ်။ သင်္ခမ်းထဲရောက်တော့ တံခါးကဲလားကို ချလိုက်ကာ အတတ်နိုင်ဆုံး ချိုသာတဲ့လေသံနဲ့ သူနားလည်တန်ရာမယ့် မေတ္တာစကားတွေကို ဆိုပါတယ်။ ချော့မော့ဖျောင်းဖျတဲ့အလုပ်ကို ဉာဏ်စွမ်းရှိသမျှ လုပ်ကြည့်တယ်။ နားဝင်ပုံ မရပါဘူး။ ကျုပ်လက်ထဲကလည်းလွတ်ရော ကျူဖျာထရံတွေကို တိုးဝှေ့ဖြိုဖျက်ဖို့ပဲ အားထုတ်တော့တယ်။ မရတော့ ထောင့်ထဲမှာ ငုတ်တုတ်ကလေး ထိုင်ရင်း မျက်လုံးကလေးပြူးကြောင်ကာ ကျုပ်ကို ကြည့်နေတော့တာပဲ။

ကျုပ်လည်း သတို့သမီးငယ်တို့ မက်မောတန်ရာတဲ့ မာလကာသီး၊ ရှောက်သီး၊ ငှက်ပျောသီးတို့ကို သူ့ရှေ့ ချပေးတယ်။ ကြံပင် အရည်ရွှမ်းရွှမ်းကို ကျုပ်ကိုယ်တိုင် စုပ်ပြပြီး သူ့ရှေ့ တစ်ပိုင်းချပေးထားတယ်။ ချပေးတာကို ငဲ့စောင်းကြည့်ပါရဲ့။ ပါးစပ်နဲ့ ငုံ့လို့တော့ မစားချေဘူး။ ငုတ်တုတ်ကလေးသာ ထိုင်နေမြဲ။ ပြူးကြည့်နေမြဲ။

အတန်ငယ် ညဦးနက်လာတော့ အထိုက်အလျောက် ချမ်းစိမ့်လာပြီမို့ ကမ္ဗလာခြုံစောင်တစ်ခုကို သူ့ဆီ လွှမ်းခြုံပေးမိတယ်။ လက်ခြေတို့နဲ့ ကန်ကျောက်ကာ လွှင့်ပစ်လို့သာ နေတော့တယ်။ တောတိရစ္ဆာန်မလေးဟာ ဘယ်မှာစောင်ခြုံတတ်ပါလိမ့်မလဲ။

ကျုပ်လည်း သူ့ကို လက်လျှော့ခဲ့ပြီး မိမိလုပ်မြဲထုံးစံအတိုင်း ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းကာ သတ္တဝါအနန္တကို မေတ္တာပို့ အမျှဝေပြီးတဲ့နောက်၊ တစ်ညတာအနားယူဖို့ လဲလျောင်းလိုက်ပါတော့တယ်။

အရုဏ်မတက်မီ ကျုပ်နိုးလာရာမှာတော့ သင်္ခမ်းရဲ့ထောင့်မှာ သင်းကလေး မရှိပြီ။ ကဲလားကို ချလျက်ပါပဲ။ ပျားဖယောင်းတိုင်ကို ထွန်းညှိလိုက်ကာ သင်္ခမ်းအတွင်း နေရာအနှံ့ ရှာကြည့်ပေမယ့် မတွေ့ရတော့ဘူး။ အသံကို မပြည်စေဘဲ၊ ကျုပ်ကို မနိုးစေဘဲ၊ သည်တောသတ္တဝါမလေး ဘယ်လိုလုပ်လို့များ သင်္ခမ်းတွင်းက ထွက်ပြေးလွတ်မြောက်သွားပါလိမ့်မလဲ။

မနက်အချိန်မှာ ကျုပ်ကျောင်းသင်္ခမ်းနားလာကြတဲ့ တောတိရစ္ဆာန်စု
mgyoe.com

တွေထဲမှာလည်း သင်းမပါချေဘူး။ သစ်သီးဝလံရှာဖွေရင်း တောတွင်း ကျုပ်လှည့်လည်ခဲ့ရာ တွေ့ရတဲ့ သမင်အုပ်၊ ဒရယ်အုပ်၊ တောဝက်အုပ်တို့အတွင်းမှာလည်း သင်းမရှိဘူး။ ညနေ နေဝင်ရီသရောအချိန် သခ်မ်းဆီ အစာစားဖို့ ရေသောက်ဖို့လာကြတဲ့ တောကောင်အုပ်တွေထဲမှာလည်း သူ့ကို မတွေ့ရတော့ဘူး။

လဆန်းက လပြည့်၊ လပြည့်က လကွယ်။ နေ့ရက်တွေ ရွေ့လျားကာ နေ့က လ ပြောင်းလဲခဲ့ပေမယ့် တိရစ္ဆာန်တို့အလယ် ယောင်လည်လည်ရောက်နေတဲ့ ဒီလူမမယ်ကလေးကို ကျုပ် မတွေ့ရတော့ပြီ။ သစ်သီး သစ်ဥ ရှာရင်း၊ ထင်းခွေရေခပ်ရင်း၊ တောခပ်နက်နက်အထိ ကျုပ်သွားခဲ့ပါရဲ့။ ရောက်ခဲ့တဲ့ တောင်ကုန်းတောင်စွယ်တို့ကိုလည်း တက်ခဲ့ပါရဲ့။ သင်းကလေး အရိပ်အယောင်ကိုမှ မတွေ့ရတော့ဘူး။

ရက်လအတန်ကြာခဲ့ပြီမို့ ကျုပ် သူ့ကို မေ့သလောက်ဖြစ်သွားပြီဆိုတဲ့ တစ်နေ့မှာတော့ ညက မိုးကြီး သည်းကြီးမဲကြီး ရွာချပြီးတဲ့နောက် မှိုများရမလားလို့ ဖွေရှာရင်း လျှိုမြောင်တစ်ခုဆီ ရောက်လာခဲ့တယ်။ ချုံကောင်းကောင်းတစ်ခုအတွင်းမှာ ကျုပ်ဆီလာနေကျ သမင်မကြီးကို လှမ်းမြင်လိုက်တာနဲ့ သူ့ဆီ ချဉ်းကပ်လာခဲ့တယ်။ သမင်မဟာ ကြောင့်ကြပူပန်ခြင်းကြီးစွာနဲ့ တစ်စုံတစ်ရာကို စောင့်ရှောက်နေပုံပါပဲ။ ကျုပ်ကိုလည်း အားကိုးတဲ့ အကြည့်မျိုးနဲ့ 'ကယ်ပါလှည့်အသျှင်' လို့ လှမ်းဖိတ်နေသယောင်။

သူ့အနားရောက်သွားလို့ ကြည့်လိုက်တော့ သူ့ခြေအစုံအောက်မှာ သင်းကလေး သတိမေ့မြော လဲလျောင်းနေလေပေါ့။ ကျုပ်သမင်မကို ဖယ်ရှားစေကာ ချစ်ချစ်တောက်ပူပြင်းနေတဲ့ သင်းကလေးရဲ့ကိုယ်ကို ပခုံးမှာ ထမ်းပိုးကာ ကျောင်းသခ်မ်းဆီ သုတ်ခြေတင်ခဲ့ရပါတော့တယ်။

အသျှင့်သား။ တောထဲမှာ တစ်ကိုယ်ရေ တစ်ကာယ နှစ်ရှည်လများ နေထိုင်လာခဲ့ရတော့ အာဟာရဖြစ်တဲ့ သစ်သီးသစ်ဥတို့ကိုသာမက ဆေးဘက်ဝင်တဲ့ သစ်ရွက်သစ်မြစ်တို့ကိုပါ ကျုပ်နားလည်တတ်ကျွမ်းလို့ နေပါတယ်။ ကျောင်းသခ်မ်းရောက်တော့ ရေနွေးကိုကျိုကာ ဆေးမြစ်ဆေးရွက်တို့ကို စီရင်ကာ ကျုပ် သင်းကလေးကို ကုသနိုင်ခဲ့ပါပြီ။ ရက်အနည်းငယ်အတွင်းမှာပဲ သူ့ရောဂါက သက်သာလာပါတော့တယ်။ ဒီတစ်ခါမှာတော့

mgyoe.com


သူ ကျုပ်ကို အားကိုးရမယ့်သူအဖြစ် နားလည်တတ်သွားပါပြီ။ ကျုပ်တိုက်ကျွေးတဲ့ ဆေးဝါးတို့ကို မှီဝဲတယ်၊ အားအင်ပြည့်ဖို့ ကျုပ်ကျွေးတဲ့အစာတွေကိုလည်း လက်ခံစားသုံးတတ်လာပါတော့တယ်။ အားအင်ပြည့်လာတော့လည်း ထွက်ပြေးဖို့ အားမထုတ်တော့ဘူး။

သူ့ကို စသင်ပေးရတာကတော့ အစာကို တိရစ္ဆာန်များလို ခေါင်းငုံ့လွေးစားတာမဟုတ်ဘဲ လက်နဲ့ကိုင်စားတတ်ဖို့ပါပဲ။ ရေကို အုန်းမှုတ်ခွက်နဲ့ခပ်ယူကာ သောက်တတ်ဖို့ပါပဲ။ ကျန်းမာလာတဲ့အခါ ချေးညှော်တွေ သန့်စင်အောင် သူ့ကိုယ်လုံးလေးကို ကျုပ်ကိုယ်တိုင် ရေနွေးနဲ့ ရေချိုးပေးရတယ်။ ခေါင်းဖြီးပေးရတယ်။ ကိုယ်ဝတ်ကတော့ ကျုပ်မှာရှိတဲ့ လျှော်တေသင်္ကန်းပဲပေါ့။ (ခုထိလည်း ဒါပဲဝတ်နေတာ မြင်တဲ့အတိုင်းပဲလေ) စကားကိုတော့ တဖြည်းဖြည်း သင်ယူရတယ်။ အလွယ်ဆုံး စကားလုံးဖြစ်တဲ့ 'ဘ' နဲ့ စသင်ရတာပဲ။ ကျုပ်ကို 'ဘဘ' လို့ သူ စခေါ်တတ်သွားတယ်။

လူမမယ်ကို မွေးမြူရတာ ရသေ့ ရဟန်းကိစ္စကို အနှောင့်အယှက်ဖြစ်ရပေမယ်လို့ သင်းကလေး တစ်စတစ်စ ကြီးပြင်းလာတာနဲ့အမျှ ကျုပ်အဖို့ ကြီးမားတဲ့အကူအညီဖြစ်လာတော့တယ်။ ကျုပ်နဲ့အတူ လိုက်လံကာ တောသစ်ဥသစ်ဖုကို ရှာဖွေတတ်လာပြီ။ ထင်းခွေ၊ ရေခပ်တတ်လာပြီ။ ခုနစ်နှစ်သမီးအရွယ်မှာတော့ နီးနားဝန်းကျင် မြိုင်အုပ်က မျောက်မျိုးစုံနဲ့ အဆွေခင်ပွန်းဖွဲ့ကာ အပင်တွေကို တက်တတ်၊ နွယ်ကြိုးတွေနဲ့လွဲပြီး ကူးတတ်လာသမို့ ပင်မြင့်ထက်က သစ်သီးတွေ ခူးချပေးနိုင်ရုံသာမက ဝေသီမြင့်ဖျားကရှားပါးသဇင်ပန်း၊ သစ်ခွပန်းတို့ကိုလည်း ဘုရားစင်မှာ တင်ဖို့ ခူးပေးတတ်လာတော့တယ်။ ကျုပ် အစာရေစာရှာဖွေတဲ့အလုပ်မှ တော်တော်သက်သာသွားခဲ့တယ်။

အချိန်တန် အရွယ်ရောက်မယ့် အရိပ်နိမိတ်တွေ စတင်ညွှန်ပြလာတဲ့အခါမှာတော့ သူ့ကို လောကရဲ့ ဓမ္မတာသဘောကို ရှင်းပြကာ ကျုပ်သင်္ခမ်းမှာ အတူမနေစေတော့ဘဲ သီးခြား သစ်ခက်တဲလေးတစ်ခုနဲ့ နေစေတယ်။ တဲလေးကို ကျုပ်က ညွှန်ရုံ ညွှန်ပြနိုင်ပြီး သူပဲ ဆောက်လုပ်ခဲ့တာပါပဲ။ သူက အရွယ်ရောက်လာ။ ကျုပ်က အိုမင်းလာချိန်မှာတော့ အစာရှာတဲ့အလုပ်၊ ထင်းခွေရေခပ်တဲ့အလုပ်တွေကို သူပဲ လုပ်နေပါပြီ။

mgyoe.com

mgyoe.com

ဩော်... ကျုပ်ကို သိပ်မအိုသေးဘူးလို့ အသျှင့်သားက ဆိုသလား။ ခု လပြည့်ကပဲ ကျုပ်အသက် ရှစ်ဆယ်ပြည့်ခဲ့ပြီ အသျှင့်သား။ ဇရာရဲ့ နောင်းပိုင်းရောက်နေပြီပ။ ခုလို ကျန်းမာသန်စွမ်းနေနိုင်တာကတော့ တောထဲ တောင်ထဲမှာ နေရခြင်းရဲ့ အကျိုး၊ အပူအပန် အကြောင့်အကြမဲ့ စိတ်ချမ်းချမ်း သာသာ နေရခြင်းရဲ့အကျိုး၊ သီလသမာဓိရဲ့ တန်ခိုးပေပ။ အခု သူ့ကို အားကိုးနေရပေမယ့်လည်း ကျုပ်ကိုယ်တိုင် သွားနိုင်လာနိုင် အစာရှာနိုင် ရေခပ်နိုင်ပါတယ်။ တစ်ကိုယ်တည်း တရားရှာမှီးတဲ့သူဆိုတာ မိမိကိုယ်ကို သာ အားထားရမြဲပေပဲ။ အသျှင့်သား၊ အပူအပင် ကင်းမဲ့စွာသာ သူ့ကို ခေါ်ဆောင်သွားပါလေ။ သူ့အဖို့ ရေခပ်သွားရင်း အသျှင့်သားတို့ညီနောင်ကို မြစ်ကမ်းစမှာ တွေ့လိုက်ရတာဟာ ကျုပ်ကလွဲလို့ ယောကျ်ားသနာကို ပထမ ဆုံး မြင်ဖူးရခြင်းပေပဲ။ အသျှင့်သားနဲ့ ဆုံစည်းထိုက်လို့ ခုလို ကြုံတောင့်ကြုံခဲ ကြုံဆုံကြရတာပေပဲ။ ဆုံထိုက်လို့ ဆုံလာရသူလေးကို ကြင်ကြင်နာနာ ယုယုယယ ဆက်ဆံပေါင်းသင်းပါလေ အသျှင့်သား။

သူ့မိခင်ရင်း... အိမ်း၊ သူ့မိခင်ရင်းကိုတော့ ကျုပ်လည်း တိတိကျကျ မသိချေဘူး။ တောတိရစ္ဆာန်တွေထဲ သူ့ကိုမတွေ့ခင် တစ်နှစ်သာသာလောက် ဆီကတော့ လူမိန်းမတစ်ယောက် ကိုယ်လေးလက်ဝန်နဲ့ တောတွင်းရောက် လာတာကို မြင်လိုက်မိပါရဲ့။ ဒါပေမယ့် ဒီမိန်းမဟာ ကြောက်လန့်နေပုံပဲ။ ဘယ်လိုအန္တရာယ်ဆီက ပြေးထွက်လာတယ် မသိဘူး။ ကျုပ်လို ရသေ့ ရဟန်းကို လှစ်ခနဲမြင်ရတာကိုတောင် သူ လန့်ဖျပ်သွားပုံရတယ်။ ကျုပ်ကို လည်းမြင်ရော လှစ်ခနဲ ပုန်းလျှိုးကွယ်ပျောက် ထွက်ပြေးသွားတော့တာပဲ။ သူတော်စင်နဲ့ မာတုကာမဆိုတာ ဘယ်လိုမှမအပ်စပ်ပေမယ့် ဒုက္ခရောက်နေ တဲ့ လူသားတစ်ယောက်ကိုတော့ ကူညီဖေးမဖို့ ကျုပ် အဆင်သင့်ရှိခဲ့ပါရဲ့။ ဒါပေမယ့် သူ ကျုပ်ကို အတွေ့မခံဘူး၊ တောနက်ရာ လျှိုမြောင်ထဲကိုပဲ ပြေးဝင် သွားတယ်။ အဲ... တိရစ္ဆာန်တွေကို ကျုပ်ချကျွေးထားတဲ့ အစာရေစာတွေ မနက် မနက်မှာ လက်ကျန်မရှိ ပြောင်နေတာကို သတိပြုမိတယ်။ ဒါနဲ့ ကျုပ် လည်း အလိုက်တသိပဲ ည ညမှာ အစာတွေ အပိုချပေးထားခဲ့တယ်။ တစ်ည သင်္ခမ်းကျောင်းထဲကနေ မအိပ်ဘဲ ချောင်းကြည့်လိုက်တော့ ခိုးကြောင် ခိုးဝှက်နဲ့ ရောက်လာကာ တောင်ကြည့်မြောက်ကြည့်လုပ်ပြီး သစ်သီးသစ်ဥ

mgyoe.com

mgyoe.com

တွေ လာစားတဲ့ ကိုယ်ဝန်ဆောင်မကို မြင်လိုက်ရဲ့။ နောက်တော့ မလာဘဲ ရှိနေလိုက်တာ တစ်နှစ်ကျော်ကျော်ကြာတော့မှပဲ ကလေးငယ်ကို သမင်အုပ်ကြား၊ တောဝက်အုပ်ကြား တွေ့လိုက်ရတော့တာပါပဲ။

ကိုယ်ဝန်ဆောင်မကို ခုထိမတွေ့ရပုံထောက်တော့ သေခဲ့ပြီလို့ပဲ ယူဆရပေလိမ့်မယ်။ ဘယ်မြောင် ဘယ်လျှိုထဲ သွားသေခဲ့သလဲသာ မပြောတတ်တယ်။ သားမွေးပြီး တစ်နေ့ရာပြေးခဲ့ပြီလို့တော့ ပြောလို့ရမယ် မဟုတ်ပါဘူး။

ဘယ်လိုအန္တရာယ်ဆီက သူပြေးခဲ့တယ်ဆိုတာကတော့ မှန်းရုံပဲ ခန့်မှန်းနိုင်လိမ့်မယ် အသျှင့်သား။ မင်းပြစ်မင်းဒဏ်သင့်သူတစ်ဦးမို့ နရသိမ်က လွတ်ထွက်ပြေးလာတာများလား။ လင်ဖြစ်သူ အရေးနိမ့်သွားလေတော့ ရန်သူတွေက ကျူပင်ခုတ် ကျူငုတ်မကျန်စေနဲ့ဆိုသလို ဗိုက်ထဲက ကလေးငယ်ကိုပါ သုတ်သင်ပစ်မှာမို့ ပြေးလာခဲ့တာများလား။ တစ်ပါးသူနဲ့ ရထားတဲ့ ကိုယ်ဝန်ဖြစ်ကြောင်း သိသွားတဲ့အခါ လင်သစ္စာဖြစ်သူကိုယ်တိုင်က လိုက်လံသတ်ဖြတ်သမို့ ခြေဦးတည့်ရာပြေးလာခဲ့တာများလား။ **ရှာသူ*** ဆိုပြီး ရပ်ရွာက လိုက်လံသတ်ဖြတ်ဖို့ တုတ်ဆွဲ၊ ဓားဆွဲဝိုင်းဝန်းလာကြရာမှ ကြောက်အားလန့်အား ထွက်ပြေးလွတ်မြောက်လာတာများလား… အမျိုးမျိုးဖြစ်နိုင်တာချည်းပါပဲ။

တစ်ခုတော့ ကျုပ် ပြောနိုင်တယ်။ သူ့နာမည် ကျုပ် မသိလိုက်ရပေမယ့် သူ့ရုပ်ရည်ကို မြင်ရခြင်းအားဖြင့် သူ့မျိုးရိုးကိုတော့ ကျုပ် ခန့်မှန်းကြည့်နိုင်တယ်။ သူဟာ သာမန်ဆင်းရဲသား မိလက္ခမျိုးရိုးထဲကတော့ မဖြစ်နိုင်ဘူး။ အဝတ်အစားတွေ စုတ်ပြတ်ကာ တစ်ကိုယ်လုံးလည်း ရွှံ့တွေ၊ ဖုန်တွေ၊ သွေးစတွေ ပေရေကာနေပေမယ့်လည်း သူ့ရုပ်ရည်ဟာ လှပချောမွေ့ပြီး မွန်ရည်တယ်။ ကြမ်းတမ်းတဲ့ စရိုက်အသွင် မရှိဘူး။ ကိုယ်လေးလက်ဝန်နဲ့ ပြေးရလွှားရတာမှာတောင် သူ့လှုပ်ရှားပုံဟာ တောင်နီးမရဲ့ တင့်တယ်မှုကို ဆောင်နေတယ်။ တိတ်တဆိတ် အစာကို လာစားရာမှာတောင် ကြွနေမဲ့ အငမ်းမရစားတာမျိုးမဟုတ်ဘဲ ကျက်သရေမင်္ဂလာရှိရှိနဲ့ စားသုံးတတ်တယ်ဆိုတာကို မြင်လိုက်ရတယ်။ မဟာမျိုး မဟာနွယ်ထဲက မဟုတ်တောင် မှူးကြီး မတ်ရာ

---

* ရှာသူ = စုန်းမ

mgyoe.com

mgyoe.com

သားသမီး၊ သူဌေးကြီး သူကြွယ်ကြီးတို့ရဲ့ သားသမီး ဖြစ်ပေလိမ့်မယ်။

သူ့ခမျာ သူ့သမီးလေးသာ မသေမပျောက် အခုလို ကျုပ် ကျောင်းသခ်မ်းမှာ ကစားမြူးတူးနေနိုင်ခဲ့တယ်။ ဟော ခုဆို အသျှင့်သားလို ထီးမွေနန်းမွေ ဆက်ခံနိုင်တဲ့ မင်းသားတစ်ပါးရဲ့ ဖူးစာဘက်အဖြစ် ရောက်ရှိလာခဲ့ရပြန်တယ်ဆိုတာကိုသာ မြင်လိုက်ရလျှင် ဘယ်လောက်ကြည်နူးဝမ်းသာရှာလေလိမ့်မလဲ။

အသျှင့်သား၊ သင်းကလေးနဲ့ အသျှင့်သားတို့ဟာ ဘဝကံကြမ္မာချင်းလည်း ဆင်တူကြပါပေတယ်။ သင်းကလေးရဲ့မိခင်ဟာ မင်းပြစ် မင်းဒဏ်လား၊ တခြား ရန်သူမျိုးတစ်ပါးပါးလား မသိရတဲ့အန္တရာယ်က ထွက်ပြေးကာ ဒီတောကြီးမျက်မည်းထဲ ရောက်လာခဲ့ရတာဖြစ်သလို အသျှင့်သားတို့ညီနောင်လည်း ရန်အန္တရာယ်က ရှောင်ရှားရင်း မြစ်ရေယဉ်ကြောမှာ ဝါးဖောင်ငယ်နဲ့ ထွက်ပြေးကြရာက ဒီဒေသကို ရောက်လာခဲ့တာပဲ မဟုတ်လား။ ရှေ့လျှောက်လို့ သင်တို့နှစ်ဦးဟာ မင်္ဂလာအပေါင်းနဲ့ပြည့်စုံတဲ့ ကံကြမ္မာလမ်းတစ်လျှောက်မှာ အတူလက်တွဲလျှောက်လှမ်းနိုင်ကြပါစေသား။

ညီဖြစ်သူ အသျှင့်သားကလည်း ဒီတောတွင်းသူမလေးကို အစ်ကို့ရဲ့ကြင်ယာ၊ မရီးတော်ရယ်လို့မျှ မဟုတ်ဘဲ အစ်မအရင်းလို ချစ်ခင်ဆက်ဆံနိုင်ပါစေ။

သာဓု သာဓု၊ နေမလင့်ခင် ခရီးပေါက်ချင်တာဖြင့် ထွက်ကြဖို့ အချိန်သင့်ပြီ။ သမီး မျက်ရည်တို့ကို သုတ်ပါလေ။ လူချင်း မမြင်တွေ့ကြရပေမယ့် ဘ(ရသေ့) ရဲ့ မေတ္တာဟာ သမီးဆီကို အချိန်တိုင်း ပျံ့ဝဲရောက်ရှိလာပါလိမ့်မယ်။ သွားတော့ အသျှင့်သားတို့၊ သွားတော့ ချစ်သမီး။

[၁၉၈၈]

□

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ပိသနိုးတို့ အမေ

mgyoe.com

mgyoe.com

'အချစ်ကြီးရင် အမျက်ကြီးတတ်တယ်ဆိုတာကို လည်း သိပါလေ။ နှင့်အချစ်ကို ငါနဲ့ ဟောဒီ ဗိုက်ထဲက ကလေးကိုပဲ ပေးရမယ်။ တခြား ဘယ်မိန်းမကိုမှ နှင် မပေးရဘူး။ ဒါပဲ...'

mgyoe.com

mgyoe.com

( ၁ )

"ဇာတ်ချင်း မတူလို့ဆိုတဲ့စကားကိုတော့ မပြောနဲ့ စူဠ။ ဇာတ်ချင်း မတူဘဲနဲ့ နင်နဲ့ငါ ပေါင်းသင်းလာခဲ့ကြတာ ခြောက်နှစ် ခြောက်မိုးရှိလို့မို့ သားလေး ပိဿနိုးတောင် ချစ်ချင့်စဖွယ် ပြောတတ် ဆိုတတ် ပြေးတတ် လွှားတတ်တဲ့ လုလင်ငယ်လေးဖြစ်ခဲ့ပြီ။ သူဟာ နင့်သွေး နင့်သား။ နင် သူ့ကို မချစ်ဘူးလားဟင်။ ငါ့လို **အမနုဿ*** တစ်ဦးကို နင် မတွယ်တာ တော့ဘူးဆိုတာ သဘာဝကျနိုင်ပေမယ့် သူ့လို လူမမယ်လေးကိုတော့ နင် ငဲ့ညှာဖို့ကောင်းတယ်"

သူ ဒီလိုပြောတာတွေကို စူဠသမ္ဘဝ ဘာမျှပြန်မပြောနိုင်သေးဘဲ တွေတွေကလေး အဝေးဆီငေးကာ နားထောင်နေတယ်။ သူပြောတဲ့ထဲမှာ အမှန်တရားလည်း ပါနေပေတာကိုး။ ဇာတ်ချင်းမတူတဲ့ စန္ဒမုခီကို သူ ခြောက်နှစ်တိုင်တိုင် ပေါင်းသင်းလာခဲ့တာပဲ။ ဖောင်နဲ့မျောလာခဲ့တဲ့ မျက်မမြင် ဒုက္ခိတ သူတို့ညီနောင်ကို မျက်စိအလင်းရအောင် ဆေးကုပေးခဲ့တဲ့ ဒီ ယက္ခိနီ (ဘီလူးမ)၊ လူပျိုဖားဖားအရွယ်ရောက်လာခဲ့ပေမယ့် သူ့အဖို့ လောကကြီးမှာ ပထမဆုံးမြင်ဖူးရတဲ့ ဆန့်ကျင်ဘက်လိင်။ ရုပ်ရည်သနားကမားနဲ့ သနား စဖွယ် လုံမငယ်တစ်ဦးအသွင် ဖန်ဆင်းထားတဲ့ ဒီ မသတ္တဝါကို ပထမဆုံး မြင်ဖူးရပြီး ပထမဆုံး စိတ်လှုပ်ရှားခဲ့ရတယ်။ အဲ့ဒီတုန်းကတော့ အစ်ကို

---

* လူမဟုတ်သူ

mgyoe.com

mgyoe.com

မဟာသမ္ဘဝကို ဦးစားပေးနေသူမို့ မိမိဆန္ဒကို မထုတ်ဖော်ခဲ့နိုင်။ နောက်မှ အစ်ကိုက ရသေ့သမီး ဗေဒါရီကို တွေ့သွားတော့မှ စန္ဒမုခီကို မိမိအပိုင် ချစ်နိုင်ခဲ့တာ ဖြစ်တယ်။ စန္ဒမုခီကလည်း သူ့ဘက်က ဇာတ်လမ်းကို ဟော သလို ပြောပြတယ်။

"ငါ မင်းဝံတောင်ထိပ်ကနေ ဧရာဝတီမြစ်ထဲ လှမ်းမျှော်ကြည့်လိုက် တော့ နင်တို့ဖောင်ကလေး ဟိုးအဝေးကြီးမှာ သေးသေးကလေး မြင်ခဲ့ရတာ။ ဒါပေမယ့် ငါတို့နတ်မျက်စိက နင်တို့ လူမျက်စိထက် ကောင်းကောင်းမြင်ရ တယ်။ တဲနန်းပြင်ပထွက်နေတဲ့ နင့်ကို ငါ အလျင်မြင်ရပြီး တပ်မက်တဲ့စိတ် တွေ ရင်မှာတဖွားဖွားပေါ်ခဲ့တယ်။ ဒါနဲ့ တောင်ပေါ်ကနေ မြစ်ဘက် ပြေးဆင်း လာခဲ့ပြီး စစ်ပင်ကြီးပေါ် တက်စောင့်နေခဲ့တယ်။ ဖောင်တဲအထဲက မဟာ သမ္ဘဝကို အနားရောက်မှ ငါသတိပြုမိတာ။ သူက နင့်လို မဟုတ်ဘူး။ ရှုတည်တယ်။ မာနကြီးတယ်။ အမြွှာညီအစ်ကိုဆိုပေမယ့် နင့်ကျတော့ တစ်မျိုးဖြစ်တယ်။ အလင်းအမှောင်ကိုတောင် မမြင်စွမ်းတဲ့ နင့်မျက်လုံးအစုံ မှာ ကြင်နာခြင်း၊ သနားခြင်း၊ ချစ်တတ်ခြင်းတို့ကို ငါ ဖတ်နေမိတယ်။ စစ်ပင်ကြီးရဲ့ ကိုင်းရရိုင်း သစ်ကိုင်းပေါ်ကနေ ဖောင်ပေါ်ဆင်းလာခဲ့ရာမှာ ငါ့ကို ဖမ်းမိသွားပြီး သံလျက်နဲ့ရွယ်ကာ သတ်မယ်လုပ်တာကလည်း မဟာ သမ္ဘဝပဲ ဖြစ်တယ်။ မမြင်စွမ်းတဲ့ နင့်မျက်လုံးတွေကတော့ ငါ့ကို သနားပြီး ကြည့်နေကြသလိုပဲ..."

တကယ်လည်း စူဠသမ္ဘဝက သင်းကလေးကို သနားခဲ့ပါတယ်။ (အခုလည်း သနားတာပါပဲ။ မဖြစ်နိုင်လို့သာ။ အဲ့ဒီတုန်းကတော့) ရုပ်ရည်ကို မမြင်နိုင်စွမ်းပေမယ့် အသံလေးကိုကြားပြီး သနားနေမိတာဖြစ်တယ်။

* * *

## ( ၂ )

"ငါ့အသက်ကို ချမ်းသာပေးပါ မင်းသားတို့၊ ငါ နင်တို့ကို ရန်မမူလို ဘူး...၊ နင်တို့ကို သနားပြီး ကူညီမလို့ပါ..."

"နင် ဘယ်သူလဲ၊ ရေလယ်မှာ အဆန်းတကျယ်ရောက်လာတယ်ဆို တော့ လူတော့မဟုတ်ဘူး...၊ နတ်လား..."

mgyoe.com

မဟာသမ္ဘဝရဲ့အသံ။

"ဒေဝလို့ခေါ်တဲ့ နတ်တော့မဟုတ်ဘူး ...၊ ယက္ခလို့ခေါ်တဲ့ မြေပေါ်နေတဲ့နတ်မျိုးပဲ...၊ လူတွေကတော့ နတ်ဘီလူးလို့ ခေါ်ကြတယ်"

"နင် ငါတို့ကို မျက်စိနှစ်ကွင်း အလင်းရအောင် ကုသပေးနိုင်မလား"

"ငါကိုယ်တိုင်မှာတော့ အဲ့သည်လောက်ထိ အစွမ်းတန်ခိုး မရှိဘူး...၊ ဒါပေမယ့် ငါ့အထက်က နတ်ကြီးတွေဆီ တောင်းခံပြီး ငါကုပေးမယ်..."

"အိမ်း... တောင်းချေ၊ ငါ လွှတ်ပေးလိုက်မယ်...၊ နင် ကတိတည်ပါစေနော်..."

သင်းကိုလွှတ်ပေးလိုက်ပြီးနောက် ညီနောင်နှစ်ဦး စောင့်နေကြတယ်။ ဖောင်ဖြတ်သွားရာ ရေတို့ရဲ့ အသံနဲ့အတူ အချိန်ကာလတွေ မျောပါသွားခဲ့ပေါ့။ 'သင်း ငါတို့ကို လှည့်ဖြားသွားခဲ့ပြီ' လို့ သူတို့စတင်တွေးတောစပြုမိတဲ့ အချိန်မှာတော့ သူ ပြန်လည်ရောက်ရှိလာခဲ့တယ်။

"အရှင့်သားတို့၊ ဆေးရခဲ့ပြီ" တဲ့။ မြူးကြွရွှင်ပျနေတဲ့ သင်းကလေးရဲ့ ဂီတသံ။

ဒီနောက်မှာတော့ သူ မင်းသားတို့ကို ဆေးကုတော့တယ်။ မျက်စဉ်းခပ်တယ်။ ဆေးရွက်တွေ ထောင်းထု၊ ဆေးမြစ်တွေ သွေးပြီး မျက်စိတစ်ဝိုက် လူးလိမ်းပေးတယ်။ မြကျောက်ရတနာနဲ့ စိမ်းလဲ့လဲ့အလင်းရဲ့ အအေးဓာတ်ကို မျက်လုံးထဲ ထိုးပေးတယ်။

ဆေးဝါးတန်ခိုး၊ မြကျောက် အအေးဓာတ်တန်ခိုးကြောင့် မင်းသားတို့ မျက်လုံးတွေ မှေးမှိတ်ကုန်တယ်။ ဘယ်လောက်ကြာကြာ မှေးစက်နေလိုက်မိကြတယ်မသိ။ နိုးထလာရာမှာတော့ တစ်သက်မှာတစ်ခါမျှ မကြုံဘူးတဲ့ အတွေ့အကြုံကြောင့် မင်းညီနောင် ထိတ်လန့်တကြားဖြစ်ကြရပေါ့။ မျက်လုံးထဲ စူးရှရှတွေ၊ ထိုးနှက်ချက်တွေ။ သူတို့မြင်ပြီ။ ပြိုးပြက်ပြက်တွေ၊ အလင်းရောင်တွေ... အလင်းတွေ...။ အဲ့ဒီတွင် သူလေးရဲ့အသံက...

"တဲထဲမှာပဲ ကြည့်ကြဦး၊ အပြင်ကိုမကြည့်နဲ့ဦး...၊ အပြင်ကို မကြည့်နဲ့ဦး ..."

အော်လည်းအော်၊ လူကိုယ်တိုင်လည်း မင်းသားတို့ရှေ့ ဖောင်တဲအဝင်ဝမှာ ကာဆီးထားလိုက်တယ်။

mgyoe.com

mgyoe.com

"ဒီတဲထဲမှာ အရင်ကြည့်နေပြီး ကျင့်သားရသွားမှ အပြင်ကို ထွက်ကြည့်ကြမယ်"

အဲ့ဒီတော့မှပဲ ညီအစ်ကိုလည်း သင်းကလေးကို မြင်ဖူးကြ၊ မိမိတို့အချင်းချင်းလည်း မြင်ဖူးကြတော့တယ်။ သင်းကလေးဟာ အသံလေးကသာသလို ရုပ်ကလေးကလည်း နှစ်လိုဖွယ်ကလေးပါလား။ ရှုတည်တဲ့ မဟာသမ္မဝတော့ မသိ၊ စူဠသမ္မဝကတော့ စတင် ရင်ခုန်ဖူးရပြီ။

ခဏနေတော့ ဖောင်တဲထဲက ထွက်လာကြကာ ညီအစ်ကိုနှစ်ဦးသူ့ကိုပဲ ဆရာတင်ကာ ကလေးငယ်နှစ်ဦးနှယ် မေးခွန်းမြားအစင်းစင်းပစ်ခွင်းနေတော့တယ်။

"ဒါ ဘာလဲ..."

"ဒါ ရေ၊ ဒီရေပြင်တစ်ခုလုံးကို မြစ်ခေါ်တယ်...၊ ဒါ ဧရာဝတီမြစ်ကြီး"

"ဒါ ဘာလဲ"

"အဲ့ဒါ ကမ်း၊ မြစ်ကမ်း၊ ကုန်းမြေရဲ့အစပေါ့"

"ဒါ ဘာလဲ"

"ဒါ မိုး၊ ကောင်းကင်လည်း ခေါ်တယ်"

ဒီတွင် နောင်သမိုင်းတွင်ရစ်မယ့် ညီအစ်ကိုနှစ်ဦးရဲ့ မှတ်ချက်စကားထွက်ပေါ်လာတာ ဖြစ်ပါတယ်။

"မိုးဆိုတာ အဖုံးပါလား၊ မြေဆိုတာ အထဲပါလား*..."

ဖောင်ကို ဆက်လက်စုန်ခဲ့ကြရာ တစ်နေရာက ကမ်းစပ်မှာ ဘူးခြောက်ကလေးနဲ့ ရေခပ်နေသူ လူမိန်းမငယ်တစ်ဦးကို လှမ်းမြင်ကြရတယ်။ လူသူနေထိုင်ရာကို ရောက်လာပြီဆိုကာ ဖောင်ကို ကမ်းကပ်ခဲ့ကြတော့တယ်။

* * *

## ( ၃ )

မိန်းမငယ်က ဖခင်ရသေ့ကြီးနဲ့အတူ နေထိုင်ပါကြောင်း ပြောပြတယ်။ သူတို့ ရသေ့ကြီးဆီ လိုက်သွားကြတယ်။ အကျိုးအကြောင်း မေးမြန်းစုံစမ်းပြီး

* သူတို့ပြောစဉ်က 'မိုးကား အဖုံး၊ မြေကား အထဲ' လို့ ပြောတာ ဖြစ်ပါတယ်။ 'မြေ' ကို 'မလေ' လို့ အသံထွက်ပါတယ်။ ။ မှတ်တမ်းတင်သူ

mgyoe.com

နောက် ရသေ့ကြီးက သူ့သမီး ပေဒါရီကို မဟာသမ္ဘဝနဲ့ စုံဖက်ပေးလိုက်တယ်။

အဲ့ဒီဒေသမှာ အုပ်စိုးနေတဲ့ ပျူမိဖုရားက မုဆိုးမကြီး။ မဟာသမ္ဘဝက သူနဲ့ စုလျားရစ်ပတ်ပြန်ကာ ပျူတို့ဒေသမှာ မင်းဖြစ်ခဲ့ရတော့တယ်။ ပေဒါရီလည်း မိဖုရားတစ်ပါး ဖြစ်လာရတယ်။ စူဠသမ္ဘဝက အိမ်ရှေ့မင်းသားဖြစ်လာပြီး စန္ဒမုခီနဲ့ ပေါင်းသင်းနေထိုင်ခဲ့တယ်။

* * *

## ( ၄ )

အိမ်ရှေ့မင်းရဲ့ ခြောက်သားတော်ဟာ လူမိန်းမ မဟုတ်ဘူးဆိုတာကို ဘယ်သူမှ ရိပ်စားမိခဲ့တာမဟုတ်ဘူး။ ပညာရှင်တချို့နဲ့ သူတော်စင်တချို့သာ သိကြတာပါ။ အဲ့ ခွေးတိရစ္ဆာန်များကတော့ဖြင့် သိကြသေရဲ့။ စန္ဒမုခီ ချဉ်းကပ်လာပြီဆိုရင် သူတို့ဟာ ကြောက်လန့်တကြား ရှဲကုန်ကြကာ ခပ်လှမ်းလှမ်းကနေ အူသံပေးကုန်ကြတော့တယ်။ အဆိုးဆုံးကတော့ ရွာစောင့်နတ်၊ မြို့စောင့်နတ်တို့ပါပဲ။ သူ့ခင်ပွန်း စူဠသမ္ဘဝနဲ့ ခရီးလှည့်ရာ လိုက်ပါလာတဲ့အခါ တစ်နယ်ကတစ်နယ် ကူးဖြတ်ရင် သက်ဆိုင်ရာတွေက ပြဿနာပေါ် ချင်တတ်တယ်။ စူဠသမ္ဘဝရဲ့ ကိုယ်စောင့်နတ်၊ ထီးစောင့်နတ်တို့က ဒီလူမင်းရဲ့ ကြင်ရာဖြစ်ကြောင်း၊ လူမင်းသွားရာ လိုက်ပါရသူမို့ ခွင့်ပြုရမှာဖြစ်ကြောင်း မနည်းရှင်းပြပါမှ လမ်းဖွင့်ပေးကြတယ်။

စူဠသမ္ဘဝအဖို့ စန္ဒမုခီဟာ မျက်စိအလင်း ဆောင်ကြဉ်းပေးသူဖြစ်သလို ပညာအတော်များများ သင်ကြားပေးတဲ့ဆရာတစ်ဦးလည်း ဖြစ်တယ်။ ဖောင်ပေါ်မှာတုန်းက သူတို့ညီနောင်ရဲ့ 'ဒါဘာလဲ' တွေကို ဖြေလိုက်ရတာဟာ မဟာသမ္ဘဝနဲ့ ဆုံးပြီဖြစ်ပေမယ့် စူဠသမ္ဘဝနဲ့က ဆုံးတယ်မရှိ။ ခုထိ ဖြေရတုန်း။ 'ဒါ ရေ၊ ဒါ ကမ်း' ကနေ စခဲ့တာ။ ဒါ ဆင်၊ ဒါ မြင်း၊ ဒါ ရထား... ဖြေနေရဆဲ။ ဓားခုတ်၊ လှံထိုး၊ လေးမြား အတတ်တို့ကိုလည်း မိန်းမသားဖြစ်တဲ့ စန္ဒမုခီကပဲ သင်ပေးခဲ့တာ။ လေးမြားအတတ်ကို သင်ရာမှာ သူကိုယ်တိုင်က ယုန်ဖြစ်လိုက်၊ သမင်ဖြစ်လိုက် အမျိုးမျိုး ဖန်ဆင်းကာ ရှေ့က ပြေးပြတာကို နောက်က လိုက်ပစ်စေတာဆိုတော့ ဒီအရပ်မှာဖြင့် စူဠသမ္ဘဝရဲ့ လေးမြား

mgyoe.com


စွမ်းရည်ကို ယှဉ်ပြိုင်နိုင်သူ မရှိချေဘူး။

အဲသလို လေးမြားအတတ် အသင်ကောင်းလို့လည်း ဘီလူးမဖန်ဆင်းတဲ့ သမင်ကို လိုက်ရာက တစ်ဆင့်တက်ပြီး တကယ့်သမင်ကိုလိုက်ကာ မြားနဲ့ခွင်းခဲ့နိုင်တဲ့နေ့မှာတော့ စန္ဒမုခီ ဆွေးရတော့တယ်။ ခေါင်းကလေးကို ငုံ့ကာ အကြိမ်းအမောင်းခံနေရတဲ့ ကလေးငယ်ရဲ့ပုံ ဖမ်းနေတဲ့ သူ့ကို ဇူဠသမ္ဘဝ က..

"စန္ဒမုခီ၊ နင် ဘယ်လိုဖြစ်သွားတာလဲ" လို့ မေးတယ်။

မယ်ယက္ခ တော်တော်နဲ့ မဖြေ။ ခေါင်းကို ငုံ့မြဲ ငုံ့နေတယ်။

"စန္ဒမုခီ၊ အချစ်၊ ငါမေးနေတယ်လေ.."

အတန်ကြာမှ သူ့ခေါင်းကလေး ငုံ့နေရာက ထောင်ထလာကာ စကားစတင်ဆိုလေတယ်။

"ငါတို့ မင်းဝံဒေသမှာလိုပဲ ဒီမှာလည်း အရိယာနတ်တွေ၊ ယက္ခတွေ ရှိတယ် ဇူဠ။ သူတို့က သူ့အသက် သတ်ခြင်းကို စက်ဆုပ်ကြတယ်။ အထူးသဖြင့် စကားမပြောတတ်ရှာတဲ့ ခိုကိုးရာမဲ့ သားတိရစ္ဆာန်တွေကို သတ်ဖြတ်တာကို သူတို့ ခွင့်မလွှတ်နိုင်ကြဘူး။ သင်းကလေးတို့ကို ကာကွယ်စောင့်ရှောက်ဖို့ တာဝန်ရှိတဲ့ တောစောင့်နတ်၊ တောင်စောင့်နတ်တို့က ငါ့ကို မာန်မဲအပြစ်တင်ကြတာကို ငါ ခေါင်းငုံ့ခံနေရတယ်..."

ဇူဠသမ္ဘဝ တွေတွေကလေး ဖြစ်သွားတယ်။ အသက်မဲ့နေပြီဖြစ်တဲ့ သမင်ကောင်ကို စိုက်ကြည့်ပြီး စဉ်းစားနေပုံပဲ။ ပြီးမှ...

"ငါ စိတ်မကောင်းဘူး စန္ဒမုခီ...၊ အသစ်တတ်ထားတဲ့ပညာကို စမ်းသပ်ရင်း ငါ ဒီလိုပြုမိသွားတာပါ...၊ သေစေတော့ဆိုတဲ့ ရည်ရွယ်ချက် ငါ့မှာမရှိခဲ့ဘူး ...၊ တကယ်ကတော့ ငါ့အစ်ကိုရဲ့ပယ်မယား ဗေဒါရီကို သမင်မက မွေးခဲ့တာလို့ ရသေ့ကြီးက ပြောတယ်...၊ ငါသတ်မိတဲ့ သမင်ဟာ ငါ့အစ်ကိုရဲ့ ပယ်မယားရဲ့ ဆွေမျိုးဖြစ်နိုင်တာပဲ"

အဲ့ဒီနေ့က သမင်အသေကောင်ကို တောစိုးပင်ကြီးရဲ့အောက်မှာ မြှုပ်နှံခဲ့ကြပြီးနောက် သင်းတို့နှစ်ယောက် အိမ်ပြန်လာခဲ့ကြပုံဟာ ဆွေမျိုးရင်းချာတစ်ဦးရဲ့ရှာပနကို လိုက်ပို့ပြီး ပြန်လာကြသူနှစ်ဦးရဲ့ ဟန်ပန်ပုံပန်းမျိုး။

* * *

mgyoe.com

mgyoe.com


# ( ၅ )

စူဠသမ္ဘဝနဲ့ စန္ဒမုခီတို့ရဲ့ ကြင်စဦးနှစ်များဟာ ကြည်နူးမှုအတိ နှစ်များပါပဲ။ စန္ဒမုခီဟာ ဝတ္တရားကျေပွန်တဲ့ ဇနီးကောင်းတစ်ယောက်ဖြစ်တဲ့အပြင် နာနာဘာဝဖြစ်လေတော့ သူ့တန်ခိုးအစွမ်းဟာ သာမန်လူမိန်းမထက် အသုံးဝင်ခဲ့ပြန်တယ်။ အသွင်အမျိုးမျိုး ဖန်ဆင်းပြတာမျိုးဆိုရင် စူဠသမ္ဘဝအထူးနှစ်ခြိုက်တယ်။ တော်ကြာ ပျူလုံမသဏ္ဍာန်၊ တော်ကြာ ကမ်းယံလုံမပဟန်၊ တော်ကြာ သက်လုံမပုံပန်း၊ တော်ကြာ မြန်မာလုံမ၊ တော်ကြာ မဇ္ဈိမဒေသသူ...။

"ကိုင်း ငါ ဖန်ဆင်းပြတဲ့ သဏ္ဍာန်တွေထဲမှာ ဘယ်သဏ္ဍာန်ကို အနှစ်သက်ဆုံးလဲ" လို့ သဏ္ဍာန်တော်တော်စုံတဲ့အခါ စန္ဒမုခီက မေးလိုက်တယ်။ စူဠသမ္ဘဝက...

"ငါ မျက်စိအလင်းရခါစ ပထမဆုံးမြင်ရတဲ့ရုပ်သဏ္ဍာန်ကို အချစ်ဆုံးပ" လို့ ဖြေတယ်။

"အဲ့ဒါ ငါ့ဇာတိ မင်းဝံတောင်တစ်ဝိုက်က မြန်မာရွာတွေက မြန်မာလုံမတွေရဲ့ အသွင်ပြင်ပဲ" တဲ့။ "သူတို့က အခြားလူမျိုးတွေထက် ပိုပြီး အဝတ်အစားကို နှစ်သက်ဖွယ်ဖြစ်အောင် လုပ်တတ်ကြတယ်...၊ ပိုမျိုးစုံတယ်" တဲ့။

"နင်တို့ယက္ခတွေရဲ့ အသွင်ပြင်ကရော ဘယ်လိုလဲဟင်"

"ငါတို့ ယက္ခတို့၊ ဒေဝတို့မှာ သီးခြားဝတ်စားဆင်ယင်မှု မရှိဘူး...၊ ကိုယ်ပေါက်ဖွားရာ၊ ကိုယ်နေထိုင်ရာအရပ်က လူတွေလို ဆင်ယင်လိုက်ကြတာပဲ...၊ မြန်မာနတ်က မြန်မာလို၊ ပျူနတ်က ပျူလိုပေါ့...၊ တောစောင့်နတ်တွေနဲ့ သစ်ပင်နဲ့ တစ်ရောင်တည်းရှိကြပြီး တောင်စောင့်နတ်က မြေသား၊ ကျောက်သားနဲ့ တစ်သားတည်း ရှိတတ်ကြတယ်"

"နင်တို့ယက္ခတွေမှာ မျက်လုံးပြူးပြူး၊ အစွယ်ငေါငေါနဲ့ ကြောက်စရာအသွင်ပြင်တွေနဲ့ဆို"

"ဒါက ခြောက်လှန့်စရာရှိရင် တမင်ဖန်ဆင်းပြရတဲ့ သွင်ပြင်လေ...၊ ဒါကို မြင်ဖူးတဲ့လူတွေက ပန်းချီဆွဲကြ၊ ပန်းပုထုကြလေတော့၊ ယက္ခဆိုရင် အစွယ်ငေါငေါနဲ့ချည်းလို့ နင်တို့လူတွေ ထင်ကုန်ကြတာပ...၊ ငါ့မှာ အစွယ်ငေါငေါ ရှိ,မရှိ နင်အသိဆုံးပဲ"

mgyoe.com

mgyoe.com


"တစ်ခါတုန်းက ကလူကျိစယ်ရင်း ငါ့လက်မောင်းကို ကိုက်တာ အစွယ်ငေါငေါကြီးနဲ့လို့ ထင်မိပါတယ်"

စန္ဒမုခီ စကားနဲ့မဖြေ၊ လက်နဲ့လှမ်းပြီး ပေါင်ကို လိမ်ဆွဲလိုက်တယ်။ အိမ်ရှေ့မင်းသား စူဠသမ္ဘဝ ကျေးကျွန်တွေကလည်းများ၊ လာရောက်ဖူးမြော်သူတွေကလည်း ပေါပါဘိ။ အခုမှ လူဆိုတာကို မြင်ဖူးရတဲ့ အိမ်ရှေ့မင်းက လူတွေကို ခွဲခြားမကြည့်တတ်သေး။ အဲ့ဒီအခါမျိုးမှာ စန္ဒမုခီရဲ့ သုံးသပ်ချက်များဟာ အဖိုးတန်လှတယ်။

"နေ့လယ်က လာတဲ့တောင်သူကြီး မဟုတ်မမှန်တွေ ပြောသွားတာပဲ...၊ သူ့မျက်နှာမှာ လောဘရဲ့အရောင်တွေ ဝင်းနေတယ်...၊ သူ မတရားလုပ်ပြီး တစ်ဖက်သားရဲ့ လယ်ကိုယူထားတာ...၊ ဟိုက မတရားခံရတာ"

"အဲ့ဒီမိန်းမကြီးဟာ လင်ကြီးရဲ့တပည့်နဲ့ ဖောက်ပြားနေတာ...၊ သူကပဲ အသပြာပေးပြီး လင်ကြီးကို သတ်စေတာ...၊ သူ့ရဲ့မျက်ရည်ယိုရွဲ စကားတွေကို အဟုတ်မှတ်ပြီး မသနားလိုက်နဲ့..."

"ဒီရဟန်းလူထွက်က စာပေကျမ်းဂန် မတတ်ပါဘူး ...၊ လူအထင်ကြီးအောင် ကြားဖူးနားဝတွေကို ရေရွတ်နေပေမယ့် ဒီလောက်ကျော်ကြားနေတဲ့ 'ယေဓမ္မာ ဟေတုပ္ပ ဘာဝါ' ဂါထာကိုတောင် တလွဲ အနက်ပြန်သွားတယ်...၊ လောကီပညာလည်း မကျွမ်းဘူး။ မိန်းမငယ်တို့နဲ့ လော်လည်ချင်တဲ့ အကျင့်ရှိကြောင်းကို တစ်ချက်တစ်ချက် ငါ့ကိုလှမ်းကြည့်တဲ့ သူ့အကြည့်မှာ ငါမြင်တယ်...၊ သင်းကို အရာဋ္ဌာန မပေးအပ်သင့်ဘူး"

ဒါတွေအပြင် ကိုယ်ယောင်ဖျောက်တတ်သမို့ သူများတွေ ကြိတ်တိုင်ပင်ကြတာ၊ ကွယ်ရာမှာ မဟုတ်မဟတ် လုပ်နေကြတာများကိုလည်း သွားကြည့်ပြီး ပြန်ပြောနိုင်၊ သတင်းပေးနိုင်သေးတယ်။ ရန်သူလာတာ၊ ဘေးအန္တရာယ်ကြုံမှာကိုလည်း တော်တော်လှမ်းလှမ်းက ကြိုသိတယ်။ ဒါပေမယ့် ရက်ပိုင်းသာ။ လနဲ့ နှစ်နဲ့ချီခဲ့ရင် သူ မစွမ်းတော့။

"အဝေးကို မြင်နိုင်စွမ်းက အထက်နတ်ကြီးတွေမှာသာ ရှိကြတယ်" လို့ သူက ရှင်းပြတယ်။ "ငါတို့အဆင့်က အနည်းအကျဉ်းပဲ...၊ ခရီးဆိုလည်း တစ်တိုင် နှစ်တိုင်၊ အချိန်ဆိုလည်း လေးငါးရက်ပဲ ငါတို့ ကြိုမြင်နိုင်တယ်...၊ ဒီထက်ဝေးရင် ငါတို့ မမြင်စွမ်းတော့ဘူး" တဲ့။

mgyoe.com

mgyoe.com

အဝေးကို သိပ်မမြင်နိုင်တာတောင်မှဘဲ စူဠသမ္ဘဝအဖို့တော့ မလွယ်ချေဘူး။ တစ်ခါတော့ အိမ်ရှေ့မင်းဟာ တောင်စဥ်ခုနစ်ခရိုင်ကို ခရီးထွက်ရတယ်။ ခါတိုင်း ခုလိုခရီးထွက်ရင် စန္ဒမုခီ အတူပါနေကျ။ ကိုယ်လုံးပြလို့ဖြစ်ဖြစ်၊ ကိုယ်ယောင်ဖျောက်လို့ဖြစ်ဖြစ် လိုက်လေ့ရှိတယ်။ ခုတော့ ကိုယ်ဝန်အရင့်အမာနဲ့မို့ မြောက်အိမ်တော်မှာ ကျန်ရစ်ခဲ့တာ။ ကမ်းယံရွာကြီးတစ်ရွာမှာ ညအိပ်ကွန်းထောက်ရတော့ သူကြီးဖြစ်သူက အိမ်ရှေ့မင်းကို လုပ်ကျွေးပြုစုဖို့ သူ့သမီးကြီးကို လွှတ်ပေးခဲ့တယ်။ သူ့သဘာဝနဲ့သူ တစ်မျိုး ချစ်စရာလေးမို့ အဲ့ဒီညက စူဠသမ္ဘဝ မြောက်သားတော် စန္ဒမုခီကို မေ့သွားတော့တယ်။

အိမ်ပြန်ရောက်တဲ့အခါ စန္ဒမုခီ သူ့ကို မျက်နှာထားကြီးနဲ့ စူးစိုက်ကြည့်လိုက်ပြီး သူလည်း အနားရောက်သွားရော...

"နင့်ကိုယ်မှာ သူစိမ်းနံ့ပါလာတယ်...၊ ထွီ... ငါ့ကို မှန်မှန်ပြော" လို့ စစ်လား၊ မေးလား လုပ်ပါလေရော။

မင်းသား ရယ်ကာမောကာနဲ့ လိုးလွှဲပြောဖို့ ကြိုးစားပါသေးတယ်။ ဒါပေမယ့် လူသားထက် အပြန်တစ်ရာပါးနပ်တဲ့ ယက္ခရဲ့သမီးပျိုကို ဘယ်ကြာကြာ ဖြီးဖြန်းနိုင်လိမ့်မတုန်း။ နောက်ဆုံးမှာ ဖြစ်ကြောင်းကုန်စင်ကို အမှန်အတိုင်း သံတော်ဦး တင်ရတော့တယ်။ သူ့စကားအဆုံးမှာ စန္ဒမုခီ မိန့်ခွန်းချွေတယ်။

"ဒီမှာ စူဠ၊ လူသားဖြစ်တဲ့ နင့်နောက်လိုက်မိလို့ ယက္ခမျိုးနွယ်စုက ငါ့ကိုကြည့်ခဲ့ကြတာ နင်အသိ။ ဟောဒီမှာ ဒီဗိုက်ထဲမှာ နင့်သွေးသား။ ငါတို့ယက္ခဆိုတာ ဥပပတ်မျိုး၊ သားသမီးကို တစ်ခါတည်း ကြီးပြင်းပြီး သားပေါက်ဖွားတာ။ ဒါပေမယ့် နင်ကလူတွေလို သန္ဓေသားက ပေါက်ဖွားတာပဲလိုချင်တယ်ဆိုလို့ ငါ ခုလို ဒုက္ခခံပြီး ကိုယ်ဝန်ဆောင်ပေးနေတာ။ ငါနင့်ကို ဒီလောက်ထိချစ်တယ်ဆိုတာကို နင်သိပါလေ။ တစ်ခါ အချစ်ကြီးရင် အမျက်ကြီးတတ်တယ်ဆိုတာကိုလည်း သိပါလေ။ နင့်အချစ်ကို ငါနဲ့ ဟောဒီဗိုက်ထဲက ကလေးကိုပဲ ပေးရမယ်။ တခြား ဘယ်မိန်းမကိုမှ နင် မပေးရဘူး။ ဒါပဲ" တဲ့။

စူဠသမ္ဘဝ ပြုံးရယ်ကာသာ နားထောင်နေတယ်။

* * *

mgyoe.com

mgyoe.com

( ၆ )

လအနည်းငယ် ကြာသွားပြီးတဲ့နောက် စန္ဒမုခီ သားယောကျ်ားလေးကို ဖွားမြင်တယ်။ လူတစ်ဝက် ယက္ခတစ်ပတ် (အမုဒေဝ) ဖြစ်တဲ့ သားငယ်လေးဟာ အရောင်အဆင်း လွန်ကဲလှပပြီး ကျက်သရေ ရှိလှတယ်။ မိခင်၊ ဖခင်တို့ရဲ့ မျက်လုံးပန်းသီးဖြစ်ရုံမက မြောက်အိမ်တော်တစ်ခုလုံးရဲ့ အသည်းကျော်ကလေးဖြစ်လာတော့တယ်။ ရွာထိပ်က နတ်ကွန်းက ပိဿနိုးနတ်မင်းရဲ့ ရုပ်တုနဲ့တူတယ်လို့ အထိန်းတော် အယတော်များက ပြောကြရာက မိဘတို့ အမည်မမှည့်ရခင် သားငယ်မှာ 'ပိဿနိုး' အမည်တွင်သွားရဲ့။

ချစ်စရာ သားတစ်ယောက်ရလာပြီဖြစ်တဲ့ စန္ဒမုခီဟာ ကစားစရာရတဲ့ ကလေးငယ်လေးနှယ်ဖြစ်နေတော့တယ်။ လင်ရဲ့အရေးကိစ္စတွေမှာ ဝင်မပါအားတော့။ လင်ဖြစ်သူကလည်း တိုင်းရေးပြည်ရေးတွေ ဆောင်ရွက်ပြီးစီးတိုင်း အိမ်မှာ သားနဲ့ဆော့ကစားနေမြဲ။

တစ်နေ့တော့ စကားပြောတတ်စ သားလေးကို နန်းတော်ခေါ်သွားတယ်။ ပြန်လာတော့...

"သူ့ဘကြီးက ပိဿနိုးကို သိပ်ချစ်တယ် စန္ဒမုခီ" လို့ စူဠသမ္ဘဝက ပြောပြတယ်။

"နင့်အစ်ကိုနဲ့ မရီးမှာ သားမရဘူးနော်"

"အိမ်း ပျူမိဖုရားနဲ့ သမီးလေးရခဲ့တာပဲရှိတယ်...၊ ခု ပျူမိဖုရားလည်း ဆုံးပြီ...၊ ဒီသမီးလေးပဲ အစ်ကိုက ချစ်နေတာ"

"ဗေဒါရီနဲ့ ကလေးမရဘူးနော်...၊ နင့်အစ်ကိုကလည်းချော...၊ ဗေဒါရီကလည်းလှတော့ သူတို့သာ ကလေးရရင် သိပ်ချစ်စရာကောင်းမှာ..."

စူဠသမ္ဘဝက စိတ်မဝင်စားတော့ဟန်နဲ့ သားငယ် ပိဿနိုးနဲ့ ကစားဖို့သာ အားထုတ်နေသမို့ စကားစပြတ်သွားခဲ့တယ်။

နှစ်အတန်ကြာသွားပြီးခါမှပဲ ဒီစကားကို ပြန်ကောက်မိကြတယ်။ တစ်နေ့ စန္ဒမုခီ သူ့ခင်ပွန်းကို ပြောပြတယ်။

"နင့်မရီး ကိုယ်ဝန်ရှိပြီ" တဲ့။

စူဠသမ္ဘဝ အံ့အားသင့်သွားတယ်။ မယုံနိုင်သလို ဟန်ပန်။

"နင် ဘယ်လိုလုပ်သိလဲ..."

mgyoe.com

mgyoe.com

"သူ ဉယျာဉ်တော်ထွက်တာကို ငါ လှမ်းမြင်လိုက်တယ်...၊ မြင်လိုက်တော့ သိတာပေါ့...၊ ဒါလောက်သိဖို့ နတ်တန်ခိုးမလိုဘူး ရှင်ဋ္ဌ...၊ သာမန်လူ မိန်းမတောင် အချင်းချင်းမြင်ရင် သိနိုင်တာပါပဲ"

အိမ်ရှေ့မင်း ဆက်မပြောနိုင်ဘဲ ငိုင်တွေတွေ ဖြစ်သွားပုံကတော့ ဆန်းသလိုလို ရှိရဲ့။ စန္ဒမုခီ အံ့ဩသွားပြီး မေးလိုက်တယ်။

"နင် ဘာဖြစ်သွားတာလဲ ရှင်ဋ္ဌ။ နင့်အစ်ကိုမှာ ကလေးရတော့မှာကို နင် ဝမ်းမသာဘူးလား"

ရှင်ဋ္ဌသမ္ဘဝ ချက်ချင်း မဖြေဘူး။ အတန်ကြာ မှိုင်တွေနေပြီးမှ...

"သားကလေးရရင် ငါ့အစ်ကို ဝမ်းသာရှာမှာပဲ...၊ ငါလည်း ဝမ်းသာပါတယ်...၊ ဒါပေမယ့် ခုတလော ငါ့အစ်ကို နေထိုင်မကောင်းလှဘူး...၊ ခေါင်းမူးမူးနေတယ်...၊ တစ်နေ့က ညကြီးမင်းကြီး သလွန်ပေါ်က ဦးခေါင်းစောက်ထိုး မူးလဲကျတာ နတ်၊ သိကြားတို့ မ,ပေလို့ မသေမပျောက်ခဲ့တာ...၊ ခုတော့ သက်သာနေပါပြီ..."

"သူ့သမားတော်တွေက ဆေးဝါးမတိုက်ကြဘူးလား"

"တိုက်ကြတာပ...၊ ဒါကြောင့်လည်း သက်သာတာပ...၊ ဒါပေမယ့် တစ်ခါတစ်ခါ ခေါင်းမူးနေတတ်တယ်...၊ လုံးဝ နေကောင်းမသွားသေးဘူး...၊ သူနေကောင်းရေး တစ်နန်းတော်လုံး ဝိုင်းဆုတောင်းနေကြရတာပဲ"

* * *

## ( ၇ )

ပျူနန်းတော်သူ၊ နန်းတော်သားတွေ ဆုတောင်း မပြည့်ခဲ့ရှာကြဘူး။ ဘုရင်မဟာသမ္ဘဝ သာသနာသက္ကရာဇ် ၆၆ ခုနှစ်မှာ အနိစ္စရောက်ခဲ့တယ်။ အသက် ၂၆ နှစ်၊ နန်းသက် ၆ နှစ်မှာ ငယ်ငယ်ရွယ်ရွယ်နဲ့ ကွယ်လွန်ခဲ့ရှာတာပါပဲ။ မိဖုရား ဗေဒါရီမှာ ကိုယ်ဝန်သုံးလနဲ့ ကျန်ရစ်ခဲ့ပါသတဲ့။

မဟာသမ္ဘဝရဲ့ ဈာပနကိစ္စပြီးတယ်ဆိုရင်ပဲ ဘုရင်သစ် တင်မြှောက်ရေး စိုင်းပြင်းကြရတယ်။ ဒီကိစ္စမှာ ပြဿနာကတော့ မရှိလှဘူး။ ဘုရင် မဟာသမ္ဘဝကိုယ်တိုင် သူ့ညီကို အိမ်ရှေ့အရာ နှင်းခဲ့ပေပြီပဲ။ ဒီညီရှင်ဋ္ဌသမ္ဘဝကိုပဲ မင်းမြှောက်ကြရရုံပဲ။ ဒါပေမယ့် နန်းတက်တယ်ဆိုတာ တောင်ညာစံ

mgyoe.com

mgyoe.com
မဟောသီကို လက်ဆွဲပြီး တက်ရမြဲဖြစ်တယ်။ အိမ်ရှေ့စံ စူဠသမ္ဘဝဟာ မြောက် သားတော် စန္ဒမုခီကို လက်ဆွဲပြီး ရာဇပလ္လင်ထက် တက်မလား။

စန္ဒမုခီဟာ လူမဟုတ်ဘူး။ အမနုဿဆိုတာကို တစ်နန်းတော်လုံး ကတော့ မသိပါဘူး။ ဒါပေမယ့် ပုဏ္ဏားဖြူ ပုဏ္ဏားညိုတို့က သိတယ်။ လောကီဗဟုသုတရှိတဲ့ အမတ်တချို့က သိတယ်။ ဖွင့်ဟထုတ်ဖော်ပြောတာ ကတော့ ပုဏ္ဏားဖြူ ပုဏ္ဏားညိုတို့ပါပဲ။ နန်းတက်ပွဲနဲ့ ပတ်သက်တဲ့ ဗေဒင် ကိန်းခန်းကိစ္စတွေ တိုင်ပင်ကြတော့ ပုဏ္ဏားတော်တို့က...

"အိမ်ရှေ့စံဟာ မြောက်အိမ်တော်မှာ ဘယ်လိုမိန်းမနဲ့ စံခဲ့ စံခဲ့၊ နန်းတက်ပွဲမှာတော့ မိဖုရားအဂ်၊ ကြန်အင်လက္ခဏာနဲ့ ပြည့်စုံသူကိုသာ လက်တွဲ နန်းတက်ရပါမယ်...၊ အထူးသဖြင့် လူကမွေးတဲ့ လူ့ဇာတိ လူ့သမီး စင်စစ်ကိုသာ မိဖုရားမြှောက်ရပါတယ် ငါအရှင်တို့" လို့ ကန့်ကွက်စကား ဆိုကြတယ်။

အဲ့ဒီတွင် စုဝေးတိုင်ပင်နေသသူ နန်းတော်သားများအတွင်း အုန်းအုန်း ကျွက်ကျွက် ဖြစ်ကုန်တယ်။ တချို့က ခုမှသာ အိမ်ရှေ့မင်းရဲ့ မြောက်သား တော်ဟာ လူ့သမီး မဟုတ်ဘူးဆိုတာ သိကြရတာကိုး။ ဒီကတစ်ခါ ဆက်ပြီး ဒါဖြင့် ဘယ်သူ့ကို မိဖုရားမြှောက်မလဲ၊ သင့်တော်မယ့် သမီးကညာ အရှာ ထွက်ကြမလားဆိုတဲ့ ပြဿနာ ပေါ်လာပြန်တယ်။ အမတ်တစ်ဦးက...

"သင့်တော်မယ့် သမီးကညာရှာဖို့ဆိုတာ မလွယ်ဘူး...၊ အချိန်ကြာ မယ်...၊ အချိန်ကြာပြီး တွေ့ချင်မှလည်း တွေ့မယ်...၊ နန်းတော်ထက်မှာ မိဖုရားက အဆင်သင့်ရှိနေပြီးဟာပဲ...၊ အရွယ်လည်း ငယ်နုသေး၊ ရုပ်ရည် လည်း လှပဆဲပဲဥစ္စာ...၊ ဘာလို့ တခြားမှာရှာလိမ့်မလဲ..."

အားလုံးက 'ဟုတ်ပေသားပဲ' ဖြစ်ကုန်ကြတာ စူဠသမ္ဘဝဆီကို မေးခွန်း ထုတ်တဲ့အကြည့်တွေ စူးစိုက်ကုန်တယ်။ ဘယ်လိုလဲ မင်းသား...

စူဠသမ္ဘဝရင်ထဲ လှိုင်းကြက်ဖ ဖြူဖြူဖွေးတို့ ကြွချည်ကျချည် ရုန်းရင်း ခတ်ဖြစ်ကုန်ကြပေါ့။ 'အရွယ်ကလည်း ငယ်နုသေး၊ ရုပ်ရည်ကလည်း လှပ ဆဲပဲ...' စောစောကပင် ဆံကေ ဖိုးရိုးဖားရား ကပိုကရို အဝတ်အစားနဲ့ မရိုး ဖြစ်သူရဲ့ သနားစရာရုပ်သွင်ကို တွေ့ခဲ့ရကာ သူကရုဏာတွေ ပိုခဲ့ရသေးရဲ့။ မြင်ရသူတစ်ဖက်သားမှာ ရင်ခွင်ထဲပွေ့ယူသွတ်သွင်းကာ ချော့ချင်စိတ်၊ ယုယ
mgyoe.com

mgyoe.com

ချင်စိတ်တွေ တဖွားဖွားပေါ်စေနိုင်တဲ့ ရုပ်သွင်မျိုးဖြစ်တယ်။ ဒီလိုနဲ့ စန္ဒမုခီကို သူ သနားခဲ့ပြီ။ အခု မရီးတော် ဗေဒါရီကို 'သနား' ရဦးတော့မှာပါလား။

"ဘယ်နှယ့်လဲ အရှင့်သား"

တစ်ကိုယ်လုံး တုန်ယင်နေသမို့ စကားတို့က တုန်ယင်နေပေမယ့် ပီပီသသပဲ ကြားနိုင်ကြပေရဲ့။ သူ့အဖြေက...

"အမတ်ကြီးတို့ သင့်တော်မယ် ထင်သလိုသာ စီမံကြပါဘိ" တဲ့။

* * *

( ၈ )

အဲ့သည့် 'အမတ်တို့ သင့်တော်မယ်ထင်သလိုသာ စီမံကြပါဘိ' ဆိုတဲ့ စကားတွေကပဲ စန္ဒမုခီကို ဒေါသမုန်တိုင်း ထကြွစေတာ ဖြစ်တယ်။

"ဒါ နင့်စိတ်အလိုကို အမတ်တွေဆီ လွှဲပေးလိုက်တာ မဟုတ်လား စူဠသမ္ဘဝ" လို့ အိမ်ပြန်ရောက်တာနဲ့ အိမ်ရှေ့မင်းကို သူက စွပ်စွဲလိုက်တယ်။ မခေါ်စဖူး 'စူဠသမ္ဘဝ' ရယ်လို့ နာမည်ကို အပြည့်အစုံခေါ်လိုက်တယ်။ "နင့်ကိုယ်၌က ငါ့လို အရုပ်ဆိုးမထက် နင့်မရီး အချောအလှကို ပိုပြီး လိုလားတယ် မဟုတ်လား" တဲ့။ ပြီးတော့ဆက်ပြီး... "ဟင်း အစ်ကိုမို့လို့ အလျှော့ပေးခဲ့ရတာ၊ နင် အစကတည်းက ဗေဒါရီကို မျက်စိကျခဲ့မှာပါ" တဲ့။

ဒီလိုပြောတာကို စူဠသမ္ဘဝ မခံဘူး။

"ငါ နင့်ကိုသာ မျက်စိအလင်းရကတည်းက ချစ်ခဲ့တာပါလို့ ငါ ပြောခဲ့ပြီ စန္ဒမုခီ...၊ အခုဟာက ပုဏ္ဏားဖြူ ပုဏ္ဏားညိုတို့က တင်ပြလာကြတာ...၊ လူ့ဇာတိ၊ လူ့သမီးစစ်စစ်မှ မိဖုရား မြှောက်ရမှာတဲ့...၊ ငါ ဘာတတ်နိုင်ဦးမှာလဲ...၊ ဇာတ်ချင်းမှ မတူဘဲ၊ အတူလက်တွဲ နန်းမတက်နိုင်ဘူးပ"

"ဇာတ်ချင်းမတူလို့ဆိုတဲ့ စကားကိုတော့ မပြောနဲ့ စူဠ...၊ ဇာတ်ချင်းမတူဘဲနဲ့ နင်နဲ့ငါ ပေါင်းသင်းလာခဲ့ကြတာ ခြောက်နှစ်ခြောက်မိုးရှိလို့မို့ သားလေးပိဿနိုးတောင် ချစ်ချင့်စဖွယ် ပြောတတ် ဆိုတတ် ပြေးတတ်လွှားတတ်တဲ့ လုလင်ငယ်လေးဖြစ်ခဲ့ပြီ။ သူဟာ နင့်သွေး နင့်သား။ နင်သူ့ကို မချစ်ဘူးလားဟင်။ ငါ့လို အမနုဿတစ်ဦးကို နင်မတွယ်တာတော့ဘူးဆိုတာ သဘာဝကျနိုင်ပေမယ့် သူ့လို လူမမယ်လေးကိုတော့ နင်ငဲ့ညှာဖို့ ကောင်း

mgyoe.com

mgyoe.com

တယ်...၊ နင် ဘုရင်ဆိုရင် နင့်သား သူဟာ အိမ်ရှေ့ဥပရာဇာ ဖြစ်ရမယ်"

"ငါ နင့်ကို မတွယ်တာတော့တာ၊ ငါ့သားကို မငဲ့ညှာတာမှ မဟုတ်တာဘဲ စန္ဒမုခီ...၊ အများဆန္ဒကို ငါနာခံရတာ...၊ ငါ ဖေဒါရီကို လက်ဆွဲပြီး နန်းတက်ရပေမယ့် နင်တို့သားအမိကို စွန့်ပစ်သွားမှာ မဟုတ်ဘူး...၊ နင်တို့ ဒီမြောက်အိမ်တော်မှာ ဆက်နေကြရမယ်"

"ဩ ကိုယ့်လင်က ရွှေနန်းတော်ထက်မှာ တခြားမိန်းမနဲ့ အကြည်တော်ဆိုက်နေချိန် ကိုယ်က ဒီအိမ်ကြီးထဲမှာ သားလေးကိုပဲ အဖော်ပြုပြီး နေရမှာတဲ့လား...၊ နင့်မှာ နှလုံးသားမှရှိရဲ့လား စူဠ"

စူဠသမ္ဘဝ စကားတစ်ခွန်းမှ ပြန်မပြောနိုင်၊ တွေတွေကလေး ငေးငိုင်တွေးနေမိတယ်။ ပြီး သားကလေး ပိဿနိုးနဲ့ ဆော့ကစားနေလိုက်တယ်။ စန္ဒမုခီကတော့ အခဲမကျေနိုင်သေး။ တတွတ်တွတ်နဲ့ ဆက်လက် စကားဆိုနေတယ်။

"နင် အဲ့ဒီလင်တစ်ယောက်က နှစ်ယောက်ပြောင်းနိုင်တဲ့ မိန်းမနဲ့ နန်းတော်ထက် ပျော်မြူးနေချိန်မှာ ငါတို့သားအမိ ဒီအိမ်မှာဆက်ပြီး ရှိနေလိမ့်မယ်လို့ နင်ထင်သလား စူဠ။ ဝေးပါသေးရဲ့။ ငါမနေနိုင်ဘူး။ နှလုံးသားက ခံစားတတ်တဲ့ ဘယ်မိန်းမသားမှလည်း နေနိုင်မှာမဟုတ်ပါဘူး။ ငါ့ကို မင်းဝံတောင်ဒေသက ဆွေမျိုးတွေကတော့ ကြဉ်ခဲ့ပြီ။ သူတို့ဆီကိုတော့ ပြန်သွားလို့ရလိမ့်မယ် မဟုတ်ဘူး။ ဒါပေမယ့် သုနာပရန္တတိုင်းဟာ အကျယ်ကြီးပါ။ ရောဝတီမြစ်ရိုးတစ်လျှောက်မှာ ဘယ်လူသား၊ ဘယ်ယက္ခမှ မပေါက်ရောက်သေးတဲ့ အရပ်တွေ ပေါပါတယ်"

စူဠသမ္ဘဝ မနေနိုင်တော့။ သားကလေးနဲ့ ကစားရာက ခေါင်းထူထလာကာ ပြောပစ်လိုက်တယ်။

"ဘာတွေ လျှောက်ပြောနေတာလဲ စန္ဒမုခီ...၊ နင့်ကို ဘယ်သူက နှင်နေလို့လဲ...၊ နင်ရော ငါ့သား ပိဿနိုးရော ဒီအိမ်က တစ်ဖဝါးမှ ခွာစရာမလိုဘူး"

"ဘယ်သူကမှ ပါးစပ်က နှင်ချနေတာမဟုတ်ပေမယ့် မေတ္တာတရားမရှိရင်တော့ အတူနေလို့မဖြစ်နိုင်ဘူး...၊ ကိုယ့်အပေါ် စုပြုံနေရမယ့် မေတ္တာက တခြားသူတစ်ယောက်ဆီ ယာယီရွှေ့သွားပြီဆိုတော့မှ ကိုယ်က အလိုက်

mgyoe.com

mgyoe.com

တသိ ဖယ်ရှားပေတတ်ရမယ်...၊ ကိုယ့်ဂုဏ်သိက္ခာကို ကိုယ်မထိန်းသိမ်းသူတို့သာ မျက်နှာပြောင်တိုက်တဲ့အလုပ် လုပ်ရဲကြတာ..."

"ငါ နင့်ကို စကားဘက်ပြိုင်မပြောလိုတော့ဘူး စန္ဒမုခီ...၊ နင်ဟာ ဘီလူးမမို့ တော်တော့တယ်...၊ စကားက တတ်လွန်းတယ်...၊ ငါ တစ်ခွန်းပဲ ပြောမယ်...၊ နင် ဒီအိမ်က မခွာရဘူး...၊ ဒါအမိန့်...၊ မယားဟာ လင့်အမိန့်ကို နာခံရတဲ့အပြင် အခု ငါက ဘုရင်...၊ ဘုရင့်အမိန့်ကို လူရော၊ ယက္ခရော နာခံရတယ်..."

စန္ဒမုခီ ဘာမှမပြော။ ဒါပေမယ့် နှုတ်ခမ်းကလေး တွန့်လိုက်တာကို ရော စူဠသမ္ဘဝ မြင်လိုက်ပါလေစ။

* * *

## ( ၉ )

နောက်တစ်နေ့မနက်မှာ စူဠသမ္ဘဝ သူ့ဇနီးနဲ့သားကို နှုတ်ဆက်ကာ နန်းတော်ကို သွားတယ်။ အဲ့သလို နှုတ်ဆက်တာဟာဖြင့် သူတို့ကို နောက်ဆုံး နှုတ်ဆက်ရတာဖြစ်တယ်ဆိုတာကို သူ စိုးစဉ်းမျှ ရိပ်စားမိခဲ့ခြင်း မရှိချေဘူး။ နန်းတက်ပွဲအရေး တခြားပြည်ရေးရွာမှုကိစ္စတွေနဲ့ သူ့ မြောက်အိမ်တော်ကို ပြန်မရောက်တော့ဘူး။

သူ ပြန်မရောက်ပေမယ့် သူ့သတင်းတွေကိုတော့ စန္ဒမုခီ ကြားလို့နေရတယ်။ မရိုးတော်အပေါ် အကြင်နာကြီး ကြင်နာကာ ယုယနေတဲ့အကြောင်း၊ သူ့အယုအယကောင်းလွန်းလို့ ခင်ပွန်းဆုံးတာမှ လမလည်သေးတဲ့ ဟိုခမျာ မျက်ရည်တွေကြားက ပြုံးလဲ့လာနိုင်ကာ စားတော်ပွဲများပါ ပွဲတော်တည်လာနိုင်ပြီဖြစ်ကြောင်း၊ မှူးမတ်တွေနဲ့ ခဏတစ်ဖြုတ် ညီလာခံရတာ ပြီးလျှင်ပြီးချင်း မတ်နဲ့မရိုး အကြင်နာပြိုင်ပွဲကြီး ကျင်းပလေ့ရှိကြောင်း... စသည်ဖြင့် စသည်ဖြင့်။ သူတစ်ပါး အပြောသက်သက်မျှကို စန္ဒမုခီ မမှုသေးပါ။ မိမိတန်ခိုးနဲ့ နန်းတော်ဆီ ကြည့်မိရာမှ မြင်ကွင်းက သူ့နှလုံးသည်းပွတ်ကို အပ်တစ်ထောင်နဲ့ ဆွပေးသလိုမို့ သူ စိတ်ပိုင်းဖြတ်လိုက်တော့တယ်။

ခြောက်နှစ်တာနေခဲ့တဲ့ ဒီမြောက်အိမ်တော်ကို သူ ခွဲခွာတော့မယ်။ မိမိခရီးထွက်တော့မယ်ဆိုတဲ့အကြောင်းကို အိမ်တော်ကျွန်တွေထဲက

mgyoe.com

mgyoe.com
လှူယုံတော်တွေကို ပြောပြလိုက်တယ်။ အိမ်ရှေ့မင်းလုပ်ပုံကို မကျေနပ်ဘဲ စန္ဒမုခီကို စာနာသူ အများအပြားကပဲ သူတို့ကိုပါ တစ်ပါတည်း လိုက်ခွင့်ပြုဖို့ တောင်းဆိုလာကြတယ်။ သူတို့ကတစ်ခါ သားချင်းရင်းချာတွေကို ခေါ်ပြန်တော့ နောက်ဆုံးမှာ ကလေးလူကြီး တစ်ရာကျော်သွားတယ်။ ရွာတစ်ရွာ တည်လောက်ပေါ့။ လှူယုံများကို စေလွှတ်ကာ လှေငှားဖို့၊ ခရီးအတွက် စားနပ်ရိက္ခာ စုဆောင်းဖို့ ပြင်ဆင်စေရတယ်။

စူဠသမ္မဝမင်းသား မရီးတော်ဇေဒါရီကို လက်ဆွဲပြီး ရာဇဘိသေက ခံယူမယ့်နေ့ အရဏ်တက်အချိန်က နောက်တစ်နေ့မှာ သရေခေတ္တရာမြို့ကြီး ဖြစ်လာမယ့်အရပ်နဲ့ မြစ်ကမ်းပါးကနေ လှေကြီးတစ်ကျိပ်ခန့်ဟာ လေးလေး တွဲ့တွဲ့ ဆိတ်ဆိတ်ငြိမ်ငြိမ် ဧရာဝတီမြစ်ကြီးကို ဆန်တက်သွားကြတာကို အိပ်တန်းက စောစောထတတ်တဲ့ မြစ်ထွေး၊ ပိန်ညင်း၊ စက္ကဝတ် ငှက်ကလေး တွေ တထူးတဆန်း ငေးမျှော်ကြည့်နေမိကြတယ်။ ရှေ့ဆုံးက လှေကြီးရဲ့ဦးမှာ ရပ်ရည်လှပသလောက် စိတ်ဓာတ်မာကျောပုံပေါ်တဲ့ မိန်းမငယ်တစ်ဦးဟာ သုံးလေးနှစ်ရွယ်ကလေးငယ်ကို လက်ဆွဲကာ မတ်တတ်ရပ်ပြီး ရှေ့ကို မျှော် ကြည့်ရင်း လိုက်ပါလာတယ်။ မကြာမီ ဖဲထွက်ခဲ့ရာ ကုန်းမြေဆီက စည် ပန်တျာသံတို့ကို မနက်လေညင်းက သယ်လာတယ်။ စိန့်တိုင်းထိရောက်ဖူး တဲ့ ပျူဂီတသံပေပ။ မိန်းမငယ် ကုန်းမြေဆီကို မျက်ရည်ရွှဲစိုနေတဲ့မျက်နှာနဲ့ လှည့်ကြည့်လိုက်တယ်။ ဒါပေမယ့် တစ်ခဏပဲ။ ချက်ချင်းပြန် လှည့်လိုက် ကာ ရှေ့ကိုပဲ စိုက်ကြည့်နေတယ်။

မိခင်နဲ့အတူ မိခင်ရဲ့လက်ကို ဆွဲကာရပ်ရင်း ရှေ့ကိုကြည့်နေတဲ့ သားငယ်ရဲ့ မေးခွန်းက မနက်ခင်းမြစ်ပြင်ရဲ့ ဆိတ်ငြိမ်မှုကို ဖြိုခွဲလိုက်တယ်။

"အမိ ငါတို့ ဘယ်ကိုသွားကြမှာတုန်း..."

"သား ဒီဧရာဝတီမြစ်ကြီးဟာ သုနာပရန္တတိုင်းအလယ်မှာ မြောက်က တောင် စီးဆင်းနေတယ်။ ဒီဧရာဝတီမြစ်ကြီးလိုပဲ ကြီးမားခန့်ညားတဲ့ တောင်ကြီးတစ်တောင်ကလည်း သုနာပရန္တတိုင်းရဲ့ ဗဟိုချက်မမှာ ထယ်ထယ် ဝါဝါ တည်ရှိနေတယ်။ ပုပ္ပားတောင်တော်လို့ ခေါ်ကြတယ်။ အဲ့ဒီ တောင်တော်မှာ တရားမွေ့တဲ့ သူတော်စင် ရသေ့ရဟန်းတို့လည်း သီတင်း သုံးသလို သူယောင်မယ် သက်ထား၊ ဖေဖော်ဂျီလည်း ဖိုထိုးရဲ့။ ငါတို့

mgyoe.com

mgyoe.com

ယက္ခတွေ၊ ဒေဝတွေရှိသလို တောင်သူယာခုတ် လူသားအချို့လည်း နေထိုင်ရဲ့။ ဆင်၊ ကျား၊ ဝံတို့ ကျက်စားသလို သမင်၊ ဒရယ်၊ ချေငယ်တို့လည်း ပေါပေရဲ့။ ပန်းမျိုးစုံသလို သစ်သီး၊ သစ်ဖုတို့လည်း လှိုင်တယ်။ ငါတို့ မြစ်မင်းကို ဆန်ကာ အဲ့ဒီ တောင်မင်းဆီကို ခရီးဆက်ကြမယ်။ တောင်ခြေရင်းမှာ ရွာတည်ပြီး လောဘ၊ ဒေါသတို့ ကင်းရာ၊ သစ္စာမဲ့ခြင်း၊ ကျေးဇူးမသိတတ်ခြင်းတို့ကို မကြားဖူးရာ၊ မေတ္တာတရား၊ သန္တိတရားတို့ လွှမ်းမိုးရာမှာ အေးအေးချမ်းချမ်း ကြောင့်ကြမဲ့မဲ့ နေထိုင်သွားကြမယ် ငါ့သား..."

စန္ဒမုခီရဲ့ စကားအဆုံးမှာ မြစ်ရဲ့ယာဘက်ကမ်းဆီ ကြည့်လိုက်ရင် အရှေ့ကောင်းကင်မှာ နေရဲ့ ရှေ့တော်ပြေး လိမ္မော်ရောင်တို့ ကင်းထောက်လာကြပြီ။ မြစ်ရေပြင်ထက် ခုန်ပျံလာတဲ့ လေရိုင်းကလေးကလည်း အေးမြလတ်ဆတ်ပါဘိ။

* * *

မှတ်စု

မင်းဝံတောင်။ ။ ခုခေတ်မှာတော့ မင်းဝံတောင်နဲ့ စစ်ကိုင်းတောင်ရိုး ခွဲခြားသုံးနေကြပါတယ်။ ရှေးက ယက္ခတို့ နေခဲ့ရာအရပ်ဟာ အခု ဇေတဝန်ဘုရားနဲ့ လေးကျွန်းမာရ်အောင် ဘုရားတို့ တည်ထားရာနေရာဝန်းကျင်ဖြစ်တယ်။

စစ်ကိုင်း ။ ။ စန္ဒမုခီတက်ခဲ့ရာ စစ်ပင်ကြီး ကိုင်းရရိုင်းရှိတဲ့ အရပ်၊ တစ်နည်း စန္ဒမုခီဟာ စစ်ပင်ကြီးရဲ့ အကိုင်းအပေါ်ကနေ ဖောင်ပေါ် ဆင်းခဲ့ရာ အရပ်ကို အခု စစ်ကိုင်း တွင်နေတာပါတဲ့။

စကု၊ စလင်း၊ ရလင်း၊ မိုးဖုံး မြေထဲ။ ။ မင်းသားတို့ မျက်စိကို စန္ဒမုခီ စတင်ဆေးကုရာကို စကု၊ မျက်စိအလင်းရရာကို ရလင်း (တချို့က 'စလင်း')။ မိုးနဲ့ မြေကို မြင်ပြီး မှတ်ချက်ချရာအရပ်ကို 'မိုးဖုံး မြေထဲ' တွင်တယ်လို့ ရာဇဝင်မှာ ဆိုတယ်။

mgyoe.com

mgyoe.com


သားတော်များ။ ။ မဟာသမ္မဝဆုံးတော့ ဇေဒါရီမှာ ကျန်ခဲ့တဲ့ ဗိုက်က မွေးဖွားလာတဲ့ သားတော်က နာမည်ကျော် 'ဒွတ္တဘေါင် 'မင်းကြီး' ဖြစ်လာပါတယ်။ စူဠသမ္မဝနဲ့ စန္ဒမုခီရဲ့သား 'ပိဿနိုး' ကတော့ မိခင်နဲ့ ပုပ္ပားမှာ ရှာတည်ထောင်ရာပါသွားပြီး နောင်ဘာဖြစ်သွားကြောင်း ရာဇဝင်များမှာ မတွေ့ရတော့ပါ။

စန္ဒမုခီ ။ ။ စန္ဒမုခီဟာ ပုပ္ပားမှာ ရွာတည်ထောင်နေခဲ့ကြောင်း ရာဇဝင် အစောင်စောင်ကဆိုပေမယ့် ပုပ္ပားမှာ သူ့နတ်ကွန်းမရှိတာကို ထောက်ရင် သူဟာ လူတွေနဲ့ပဲ အတူနေ၊ လူတွေကြားမှာပဲ စုတေသွားခဲ့တယ်လို့ ယူဆရပါမယ်။ လူကို လင်လုပ်ပြီး လူနဲ့ သား တောင်ရခဲ့သူကိုး။ ပုပ္ပားဒေသက ရှေးလူကြီးများ ပြောဖူးတာ ကတော့ သူတို့နယ်မှာ ဟိုးပဝေရှေးက နှစ်ရာချီပြီး အသက်ရှည်တဲ့ အဘွားကြီးတစ်ယောက် ရှိခဲ့ဖူးကြောင်း ရှေးအစဉ်အဆက်က ပြောခဲ့ကြပါသတဲ့။ 'ဘွားသက်ရှည်ဘုရား' ဆိုပြီး ဘုရားငုတ်တို လေးရှိခဲ့ဖူးတာလည်း ခုတော့ နောက်ပိုင်းပြုပြင်မှုတွေကြောင့် ကွယ်ပခဲ့ရပါသတဲ့။

ကျမ်းကိုး

၁။ မှန်နန်းရာဇဝင်တော်ကြီး ပထမတွဲ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း (၁၉၉၂)

၂။ ပုပ္ပားတောင်ထိပ် ဦးခန္တီဘုရားမှာ တွေ့ခဲ့ရတဲ့ ရသေ့ကြီး ဦးခေမဒူတရဲ့ ပြောပြချက်များ (တိတ်ခွေ) (၁၉၉၁)

[၁၉၉၄]

❑

mgyoe.com

mgyoe.com

# အမိအတွက် တိုက်ပွဲတစ်ပွဲ

mgyoe.com

mgyoe.com

'သြ ... ငါ့ညီသား နောင်မယ်ကြီး
ပင်ပန်းလာမှတ်တယ်။ နေကလည်း ပူမှ ပူပဲကိုး။
ဟော့ ... သင်္ဂန်းကို ထန်းရည်တစ်မြူ ဆက်လိုက်
ကြစမ်း ...'

mgyoe.com

mgyoe.com

ရဟန်းကျောင်းတွင်း ဝင်လာခဲ့တဲ့ သူငယ်လေးရဲ့ မျက်နှာဟာ ဒေါသနဲ့ ရဲရဲနီလို့နေကာ အပွန်းအပဲ့တွေနဲ့ သွေးစတွေဟာ ပေကျံနေပြီး တစ်ကိုယ်လုံးမှာလည်း ရွံ့အလူးလူးနဲ့။ ဇရပ်ပေါ်က အမိဖြစ်သူ မျက်ကလူးဆန်ပျာနဲ့ ပြေးဆင်းလာတဲ့ဂါကာ စိုးရိမ်ပူပန်တဲ့ လေသံနဲ့...။

"သား ... အနိရုဒ္ဓ၊ ဘယ်လိုဖြစ်လာတာလဲ" လို့ မေးလိုက်တယ်။ သူငယ်က ရုတ်တရက်မဖြေ။ နှုတ်ခမ်းကိုသာ ကိုက်လိုက်တယ်။ အတန်ကြာမှ...

"သူတို့ ငါ့ကို မတော်မတရားတွေ ပြောကြလို့ ငါ သူတို့နဲ့ သတ်ပုတ်လာခဲ့တယ် အမိ" တဲ့။

"သူတို့ဆိုတာ ဘယ်သူတွေလဲ"

"ရွာထဲက သူငယ်တွေပေါ့"

"သူတို့ နင့်ကို ဘယ်လိုများ မတော်မတရားတွေကို ပြောကြသတုန်း"

"ရဟန်းကျောင်းမှာ ကပ်နေတဲ့ ဆွမ်းကျန်ဟင်းကျန်စားတဲ့...၊ နောက်ပြီး..."

အနိရုဒ္ဓ ဆက်မပြောနိုင်သေးဘဲ နှုတ်ခမ်းကိုသာ တင်းတင်းကိုက်ကာ ရှေ့ကိုကြည့်နေတယ်။ နောက်မှ မိခင်က သိချင်ဇောနဲ့ စူးစိုက်နေမှန်းသိသမို့...

"နောက်ပြီး အမိကို စော်ကားမော်ကား ပြောဆိုကြတယ် အမိ...၊ နင့်အမိဟာ စောရဟန်းလွန်တော့ နင့်အဖကို ယူခဲ့တယ်...၊ ခု နင့်အဖ ရဟန်းဖြစ်နေ

mgyoe.com

mgyoe.com

ပြီ...၊ နောက်တစ်လင်ပြောင်းဖို့ အချိန်ကို စောင့်နေတာတဲ့...၊ ဒီတွင် ငါ ပြောသူကို အတင်းဝင်လုံးပြီး သတ်ပုတ်ခဲ့တာပဲ... သူတို့က အများ၊ ငါက တစ်ဦးတည်းဖြစ်ပေမယ့် ငါ သူတို့ကို အတော်ပဲ နာကျင်စေနိုင်ခဲ့တယ်အမိ"

သူငယ်ရဲ့စကားအဆုံးမှာ အမိမြောက်ပြင်သည် စကားမဆိုနိုင်၊ နှုတ်ခမ်းတွေ တုန်ရီကာ ငေးငိုင်မှိုင်တွေလို့ သွားတော့တယ်။ ဘယ်လောက်ကြာလိုက်မှန်း မသိ။ နောက်မှ သတိလည်လာကာ သားလက်ကို ဆွဲယူရင်း...။

"လာ သား နင့်ကို ဆေးကြောကြမယ်"

ဆိုကာ ခေါ်သွားပြီး ပေရေနေတာတွေကို ရေနဲ့ ဆေးကြောပေးပြီး နာတဲ့နေရာများမှာ ဆေးမြစ်တို့ သနပ်ခါးတို့သွေးကာ လူးပေးတယ်။ ပါးစပ်ကလည်း တတွတ်တွတ်...။

"ငါ့သား ... အခု မင်းလုပ်နေတဲ့ ကျည်စိုးလည်း ဘုရင့်သား၊ နင်လည်း ဘုရင့်သားပါပဲ...၊ ကျည်စိုး၊ စုက္ကတေးနဲ့ နင်တို့ဟာ အမေ ညီအစ်မမွေး ညီအစ်ကိုတွေ ဖြစ်ကြတယ်...၊ နင့်အစ်ကိုတွေဟာ နင့်ကို ပစ်ထားကြမယ် မဟုတ်ချေဘူး...၊ နင်အရွယ်ရောက်လာရင် သူတို့ဆီ အမှုထမ်းချေ... နင် သူကောင်းပြုခံရမှာပါ.. သား"

တကယ်ကတော့ ဒီအကြောင်းတွေကို အနိရုဒ္ဓ အရင်ကပဲ သိပြီးပါပြီ။ အမိထံကရော အဖထံကရော ကြားဖူးပြီးပါပြီ။ ကျည်စိုးရဲ့ အမိ တောင်ပြင်သည်၊ စုက္ကတေးရဲ့အမိ အလယ်ပြင်သည်၊ မိမိရဲ့ အမိမြောက်ပြင်သည်တို့ဟာ ညီအစ်မအရင်းတွေဖြစ်ကြကြောင်း၊ သုံးယောက်စလုံးကို စောရဟန်းမင်းက မိဖုရားမြှောက်ခဲ့ကြောင်း၊ စောရဟန်းမင်း လွန်ပြီး မိမိဖခင် ကွမ်းဆော်ကြောင်ဖြူ မင်းဖြစ်လာတဲ့အခါ သူတို့ ညီအစ်မသုံးဦးစလုံးကိုပဲ ဆက်လက် မိဖုရားမြှောက်ခဲ့ကြောင်း၊ အဲ့ဒီတုန်းက တောင်ပြင်သည်မှာ ကိုယ်ဝန်ကိုးလ၊ အလယ်ပြင်သည်မှာ ကိုယ်ဝန်ခြောက်လပါခဲ့ကြကြောင်း၊ မိမိ မိခင် မြောက်ပြင်သည်မှာသာ အငယ်ဆုံးမို့ ဘာကိုယ်ဝန်မှ မပါခဲ့ကြောင်း၊ မိမိဖခင် လက်ထဲမှာပင် တောင်ပြင်သည်နဲ့ အလယ်ပြင်သည်တို့က ကျည်စိုးနဲ့ စုက္ကတေးတို့ကို အသီးသီး ဆက်တိုက်မွေးဖွားခဲ့ကြတော့ ဖခင်ကလည်း သားအရင်းတွေလိုချစ်၊ မိခင်ကလည်း တူကလေးတွေကို သားနှယ် ထိန်း

mgyoe.com

ကျောင်းခဲ့ကြောင်း၊ အရွယ်ရောက်လာတော့ သင်းတို့က ဖခင်ကို အတင်းအဓမ္မ ရဟန်းဝတ်စေပြီး ကျည်စိုးက မင်းလုပ်နေခဲ့ကြောင်း..

"ကျည်စိုးနဲ့ စုက္ကတေးဟာ အမိဘက်ကနေ အစ်ကိုဝမ်းကွဲ တော်ကြပေမယ့် အဖတစ်ဦးစီဖြစ်ကြတယ်နော်... အမိ"

"အဖ တစ်ဦးစီဖြစ်ကြသလို အမိလည်း တစ်ဦးစီပါသား၊ ဒါပေမယ့် ငါကရော နင့်အဖကပါ သူတို့ကို သားတွေလိုပဲ သဘောထားကြပါတယ်...၊ သားမိုက်တွေ..."

* * *

သားမိုက်တစ်ကောင်ကတော့ သက်ဆိုးမရှည်ခဲ့ဘူး။ နန်းသက်ခြောက်နှစ်အရမှာ မုဆိုးတစ်ယောက်ရဲ့ မြားချက်နဲ့ ကျည်စိုး ကွယ်လွန်ခဲ့ရတယ်။ စုက္ကတေး ဘုရင်ဖြစ်လာတယ်။ အနိရုဒ္ဓ အရွယ်ရောက်တော့ စုက္ကတေးဆီမှာပဲ အမှုတော်ထမ်းခဲ့တယ်။ အမိ မြောက်ပြင်သည်ကိုယ်တိုင် နန်းတော်ကိုသွားပြီး မိမိကို အပ်ခဲ့တာဖြစ်တယ်။ အဲဒီတုန်းက အမိဟာ စုက္ကတေးမင်းကို 'သား' လို့ပဲ ခေါ်ခဲ့တာကို အနိရုဒ္ဓ တအံ့တဩ တွေ့ရတယ်။ "သား စုက္ကတေး၊ ဒါ နင့်ညီငယ် အနိရုဒ္ဓပဲ...၊ သင်းကို နန်းတော်မှာ စေပါဘိ" တဲ့။

စုက္ကတေးမင်းကလည်း အမိကို 'အမိ' လို့ခေါ်ခဲ့တာ၊ ဝမ်းသာ အယ်လဲနှလုံးရွှင်ပြရှိခဲ့ဘာကိုလည်း အနိရုဒ္ဓ သတိထားမိတယ်။

"ငါ့အမိ ရွှေနန်းတော်မှာ မစံရပေမယ့် လှမြ၊ ဝမြဲပဲကိုး..." တဲ့။

ဟုတ်ပေရဲ့၊ အဲဒီတုန်းက အမိမြောက်ပြင်သည်မှာ အသက်လေးဆယ်ပင် မပြည့်တတ်သေးသမို့ ယောကျ်ားတို့ တပ်မက်စရာပဲ ဖြစ်နေသေးတာကို အနိရုဒ္ဓ မျက်မြင်ပါပဲ။ ရဟန်းကျောင်းကို ဉပုသ်သီတင်း လာယူတတ်တဲ့ ကုန်သည်ပွဲစားကြီးတို့ အဖရဟန်းကြီးဆီ သီလယူရင်းက အမိဘက် မျက်စိရောက်ရောက်သွားတတ်ကြတာကို မိမိ သတိမူမိတယ်။ သားအမိ ရွာထဲသွားစဉ် တွေ့ရတဲ့ကာလသားတို့ပင် အမိကို လှမ်းကြည့်ကာ အချင်းချင်း လက်တို့တီးတိုးပြောကြဟန်ကိုလည်း မိမိကြုံဖူးသားပ။

စုက္ကတေးရဲ့ နန်းတော်မှာ အနိရုဒ္ဓ ထူးထူးထွေထွေ လုပ်ရတယ်လို့

mgyoe.com

မရှိလှဘူး။ ကွမ်းတော်ဆက်၊ ပန်းတော်ဆက်လောက်ပါပဲ။ ရဟန်းကျောင်းမှာ နေရသူပီပီ 'စာတတ်' တစ်ဦးမို့ ကလန်၊ သံပျင်တို့ရဲ့ စာရင်းမှတ်တမ်းစသည် မှာ ကူညီရေးမှတ်ရသည်လည်း ရှိရဲ့။ အများအားဖြင့်ကတော့ ကိုယ်ရံတော် တပ်သားများဆီက ဓားရေး၊ လှံရေး အတတ်တို့ကို ဆည်းပူးသင်ယူလေ့ရှိ တယ်။ မြင်းစီးလည်း လေ့ကျင့်ကျွမ်းကျင်လာတယ်။

နေ့ခင်း နန်းတော်မှာ သွားရောက်အမှုထမ်းနေရကာ၊ ညနေ နေစောင်း တာနဲ့ ရဟန်းကျောင်းကို ပြန်ခဲ့ပြီး အဖ အမိတို့နဲ့ အတူနေတယ်။ အဖရဟန်း ဆီက သိစရာများ မေးမြန်းဆည်းပူးတယ်။

* * *

တစ်နေ့တော့ အနိရုဒ္ဓ ရွှေနန်းကပြန်လာရာမှာ သူ့အဖ ရဟန်းကို မေးစရာတစ်ခု ပါလာတော့တယ်။

အဲ့ဒီနေ့က အနိရုဒ္ဓ ကလန်တွေနဲ့ လယ်တွေထဲသွားနေခဲ့ရတာ။ ပူပူ အိုက်အိုက်ထဲ ပြန်လာရတော့ နန်းတော်မှာ နောင်တော် စုက္ကတေး ထန်းရည် ပွဲတော်တည်နေခိုက်နဲ့ ကြုံတယ်။ သူဟာ တော်တော်ကို ထန်းရည်မူးနေပုံ ပါပဲ။ ရာဇပ္လန္တြေကိုတောင် ကောင်းကောင်းထိန်းနိုင်ပုံမရ။ ထန်းရည်ငှဲ့ပေး၊ စားတော်စာ လာချပေးတဲ့ ကိုယ်လုပ်တော်လေးတွေကိုပဲ တို့ကနန်း၊ ဆိတ်က နန်း ကလူနေတော့တယ်။ အနိရုဒ္ဓကို မြင်တော့...

"သြ... ငါ့ညီသားနောင်မယ်ကြီး ပင်ပန်းလာမှတ်တယ်...၊ နေကလည်း ပူမှပူပဲကိုး...၊ ဟော့ သင်းကို ထန်းရည်တစ်မြူ ဆက်လိုက်ကြစမ်း" တဲ့။

အနိရုဒ္ဓ ငေးကြောင်နေမိတယ်။ ခါတိုင်း 'အနိရုဒ္ဓ' လို့ နာမည်ကို ခေါ်ရင်ခေါ်၊ ဒါမှမဟုတ် 'ငါ့ညီ' လို့ ခေါ်နေကျ။ ခု တစ်မူထူးခြားကာ 'ညီသား နောင်မယ်' တဲ့။ ဒီစကားစုဟာ ဘာအဓိပ္ပာယ်ဆောင်တယ်ဆိုတာကို တိတိ ကျကျတော့ အနိရုဒ္ဓ မသိ။ ဒါပေမယ့် ကောင်းတဲ့သဘောနဲ့ သုံးနှုန်းတာ မဟုတ်ကြောင်းကိုတော့ သူ ရိပ်စားမိသလိုလိုပဲ။ စုက္ကတေးရဲ့ မျက်နှာနီရဲကြီး ကလည်း ထန်းရည်မူးနေလို့တင် မဟုတ်သေးဘဲ မိမိနားမလည်နိုင်သေးတဲ့ လျှို့ဝှက်အကြောင်း တစ်စုံတစ်ရာကြောင့် မိမိကို လှောင်ပြောင်ကျီစယ်လိုဟန် ပေါ်လွင်နေလေတယ်။

mgyoe.com

ရဟန်းကျောင်းကို ပြန်ရောက်လာကာ ရေမိုးချိုးအနားယူပြီးတဲ့နောက်မှာ အနိရုဒ္ဓဟာ အဖရဟန်းကြီးကို ခြေဆုပ်လက်နယ် ဝတ်ဖြည့်ဖို့ သူ့ရှိရာအခန်းဆီလာခဲ့တယ်။ အဖရဟန်းက နေပြည်တော်အကြောင်း၊ မိမိတို့အလုပ်အကြောင်း မေးမြန်းတာတွေကို အလိုက်သင့်ဖြေကြား၊ အာလာပ သလ္လာပ ပြောဆိုကြပြီးတဲ့နောက်...။

"အဖ၊ ညီသားနောင်မယ်ဆိုတာ ဘာကိုပြောတာလဲ..." လို့ အနိရုဒ္ဓက ကောက်ကာငင်ကာ မေးလိုက်တယ်။

"နင် ဒီစကားကို ဘယ်မှာကြားခဲ့ရသတုန်း သား..."

"ဒီနေ့ နန်းတော်မှာ နောင်တော်စုက္ကတေး ငါ့ကို အဲ့သလိုခေါ်လိုက်တယ်"

အဖရဟန်း တော်တော်နဲ့ မဖြေ။ စဉ်းစားနေသလား၊ စကားကို ရွေးနေသလား မသိ၊ ဖြေမယ့်ဖြေတော့လည်း...။

"အေး အဓိပ္ပာယ်ကတော့ နင့်အမိကို သူသိမ်းပိုက်လိုတဲ့သဘောပ" အနိရုဒ္ဓ အဖကိုဝတ်ဖြည့်နေရာက ငေါက်ခနဲထလိုက်တယ်။

"ဟယ်... စော်ကားလှချည့်၊ ဒီအယုတ်ကောင် မင်းဆိုးမင်းညစ်ကို ငါ ခုပဲ သွားပြီး သတ်ပစ်မယ်"

အဖရဟန်း သူ့ကို လှမ်းဆွဲလိုက်တယ်။

"သည်းခံဦး ငါ့သား...၊ နင်အရွယ်ရောက်ပြီ၊ စားအတတ်၊ လှံအတတ် အထိုက်သင့်တတ်ပြီဆိုပေမယ့် နင့်မှာ အင်အားမရှိသေးဘူး...၊ အင်အားမရှိဘဲနဲ့ စုက္ကတေးကို စိမ်မခေါ်နိုင်သေးဘူး၊ နားထောင်..."

* * *

အနိရုဒ္ဓ လိုက်ရမယ့်လမ်းကို ကွမ်းဆော်ကြောင်ဖြူမင်း နန်းကျဘုရင်က အသေးစိတ် ညွှန်ပြတယ်။ ပုပ္ပားမှာ မိမိကိုသစ္စာခံတဲ့ သူရဲတွေ အများပဲရှိတယ်။ သူတို့ကို အနိရုဒ္ဓ အကျိုးအကြောင်းပြောပြ၊ အကူအညီတောင်းကာ၊ သူတို့အကူအညီနဲ့ အင်အားစုဆောင်းရမယ်။ ပုပ္ပားမှာ လူကောင်းရနိုင်သလို မြင်းကောင်းလည်း ရနိုင်တယ်။ အဲ့ဒီမှာ အနိရုဒ္ဓဟာ မိမိရော မိမိရဲဘော်များပါ မြင်းစီးလေ့ကျင့်ရမယ်။

mgyoe.com

mgyoe.com

"ငါတို့အမျိုးက မြင်းသည်တော်အမျိုး ငါ့သား...၊ နင့်အဘိုး တန်နက်မင်းဆို မြင်းဝါသနာကြီးလွန်းလို့ မြင်းတင်းကုပ်ထဲ ညအချိန်မတော်ဆင်းကြည့်နေကျ။ ဒါနဲ့ပဲ မြင်းတင်းကုပ်ထဲမှာ မသမာသူ လုပ်ကြံခံရပြီး နတ်ရွာစံခဲ့ရတာ"

"ငါလည်း ကြောင်ဖြူအရပ်မှာ မယ်တော်နဲ့ မထင်မရှားနေခဲ့ရာက အရွယ်ရောက်တော့ မြင်းစီးပြီး ပုဂံနန်းတော်ကို တက်သိမ်းခဲ့တာပဲ ငါ့သား...၊ မြင်းကို ဒုံးစိုင်းပြီး ပုဂံနန်းထဲ တန်းဝင်ခဲ့တာပါပဲ"

"ငါတို့ဟာ မင်းမျိုးမင်းနွယ် အစစ်တွေဖြစ်တယ်...၊ သင်းရို့က မျိုးရိုးမဟုတ်တဲ့ မိလက္ခုတွေ၊ စုက္ကတေးအဖ စောရဟန်းဆိုတာ သခွားစိုက်တဲ့တောင်သူ ကြီးမျှ၊ ကံထသခိုက် ဘုရင်တက်ဖြစ်တာ၊ ကံကုန်တော့ မရှုမလှအသက်ဆုံးခဲ့ရတာပဲ...၊ သူ့သား ကျည်စိုးနဲ့ စုက္ကတေးလည်း ငါ့ကို ဥပါယ်တံမျဉ်နဲ့ ရဟန်းဝတ်စေကာ နန်းလုတက်ခဲ့ကြတာ...၊ ခု ကျည်စိုး အသေဆိုးသေခဲ့ရပြီ...၊ စုက္ကတေးလည်း သူ့ဘုန်းကံ နေကွယ်ချိန်ရောက်နေပြီ...၊ ငါ့သားဘုန်းကံတက်ချိန်ရောက်လာပြီ...၊ ပုပ္ပားကိုသွား အင်အားကိုစု၊ ဓားလှံအတတ်၊ မြင်းစီးအတတ်မှာ သူ့ထက်ထူးချွန်အောင် လေ့ကျင့်လေ၊ ငါ့သားကိုနတ် သိကြားတို့ စောင်မကြပါလိမ့်မယ်"

မကြာမတင်မှာပဲ အနိရုဒ္ဓ ပုပ္ပားကို ထွက်ခဲ့တော့တယ်။

စောင့်ရှောက်နေသူ သားအနိရုဒ္ဓလည်း ရဟန်းကျောင်းက ပျောက်ကွယ်သွားရော စုက္ကတေးလည်း ရဟန်းကျောင်းကို ဆင်နဲ့ ရောက်လာကာ မြောက်ပြင်သည်ကို ခေါ်ယူသွားပါလေရော။ ကွမ်းဆော်မင်း နန်းကျရဟန်းကြီးခမျာ မျက်လွှာချကာ မေတ္တာပို့လျက်သာ ကျောင်းမှာ တစ်ပါးတည်းကျန်ရစ်ခဲ့တော့တယ်။

* * *

ပုပ္ပားမှာရောက်နေတဲ့ အနိရုဒ္ဓဆီကို ပြည်သူတွေ ဝင်လာမစဲ တသဲသဲဖြစ်နေတော့တယ်။ နဂါးကိုးကွယ်တဲ့ ညောင်ဦးစောရဟန်းကိုရော၊ သူ့သားတော်တွေဖြစ်ကြတဲ့ ကျည်စိုး၊ စုက္ကတေးတို့ကိုရော ပုဂံသူ ပုဂံသားတွေ မကြည်ညိုကြဘူး၊ သူတော်ကောင်းကြီးဖြစ်တဲ့ ကွမ်းဆော်မင်းနဲ့ သား အနိရုဒ္ဓ

mgyoe.com

mgyoe.com

ကိုတော့ ကြည်ညိုကြတယ်။ အနိရုဒ္ဓ မယ်တော်ကို စုက္ကတေးက သိမ်းယူလိုက်ပြန်ပြီ ကြားရတော့ ဒေါသအမျက်ခြောင်းခြောင်း ထွက်ကြကာ အနိရုဒ္ဓအပေါ် သနားပိုမိကြပြန်ပြီး တိုးလို့သာ ကူညီအားပေးကြပြန်တယ်။ ပထမ ပုပ္ပားနယ်တစ်ဝိုက်၊ နောင် ပုဂံ–ညောင်ဦးနယ်တစ်ဝိုက်ဆီက ယောကျ်ားပျိုအိုတို့ အနိရုဒ္ဓထံ တဖွဲဖွဲ ဝင်လာနေကြတယ်။

ဝင်လာသူတို့ကို အနိရုဒ္ဓရဲ့ ရဲဘော်သွေးသောက်ကြီးများက ဓား၊ လှံ၊ လေး၊ မြား စစ်ရေးစစ်ရာ အတတ်တွေ ပိုင်နိုင်အောင် သင်ပြပေးကြတယ်။ မကြာမီ အနိရုဒ္ဓရဲ့တပ်ဟာ ဆယ်က ရာ၊ ရာက ထောင်၊ ထောင်က သောင်း ဖြစ်လာပါလေရော။

မိမိဖခင်ပြောတဲ့ 'အင်အား' မိမိမှာရှိပြီး လေ့ကျင့်နေလိုက်တာလည်း နှစ်အတန်ရှိပြီဆိုတဲ့အခါမှာတော့ အနိရုဒ္ဓဟာ ပုပ္ပားက အဿထိုရ်မြင်းကို စီးကာ တပ်ဦးမှ ဓားလွတ်ကိုင် ခေါင်းဆောင်လျက် ပေါက္ကာရာမ မင်းနေပြည်ဆီ တပ်တော်ကြီးနဲ့ ချီတက်လာခဲ့တော့တယ်။ မိမိအစွမ်းကိုလည်း ယုံကြည်၊ မိမိတပ်မတော်သားတွေရဲ့ တိုက်ရည်ခိုက်ရည်ကိုလည်း စိတ်ချသမို့ အနိရုဒ္ဓရဲ့မျက်နှာမှာ ကြောက်ရွံ့ဟန်တစ်စက်ကမှ မရှိဘူး။ မာန်တင်းဝင့်ကြွားယောကျ်ားပီသတဲ့အသွင်ပဲ လွှမ်းနေတယ်။ သမတီးအရပ်နားရောက်တဲ့အခါ တပ်ကိုရပ်နားပြီး ပုဂံမင်းထံ ရာဇသံစေလိုက်တော့တယ်။ နန်းကိုပဲ ပေးမလား၊ စစ်ပဲတိုက်မလား ...။

အနိရုဒ္ဓရဲ့ ရွှေသဝဏ်ကိုရတဲ့အခါ စုက္ကတေးဟာ ပထမတော့ မျက်နှာကြီး နီရဲကာ ဒေါသအမျက်ခြောင်းခြောင်း ထွက်တော့တယ်။ နောက်တော့ ပြုံးဖြီးဖြီးကြီး ဖြစ်သွားရာက တဟားဟားနဲ့ အားရပါးရ ရယ်တော့တယ်။ "အောင်မလေးဟဲ့... အနိရုဒ္ဓ၊ သင်းက ခံတွင်းမှာ အမိနို့ရည်မစင်သေးသူက များ ငါ့ကို တိုက်မယ်တဲ့လား၊ ဟား... ဟား... ဟား... ဟား... ဟေ့ ပုပ္ပားက တောပုန်းတွေ၊ မင်းတို့ဆရာကို ပြောလိုက်ကြ၊ ငါ့ကို ဒီလောက်တိုက်ချင်ရင် သူနဲ့ ငါ မြင်းစီးချင်းတိုက်မယ်...၊ သမတီးချောင်းက စောင့်သာနေလို့..."

* * *

အရှေ့ဘက်တစ်ခိုက တက်လာဆဲနေရဲ့ ရွှေ့တော်ပြေး ရောင်ခြည်

mgyoe.com

mgyoe.com
လေးတွေဟာ သမတီးချောင်းရဲ့ ရေအလျဉ်ပေါ်မှာ ငွေရောင် မြွေနဂါးတို့ လှုပ်ကစားနေသည့်နှယ် လူးလွန့်နေတယ်။ ကမ်းတစ်ဖက်တစ်ချက်မှာတော့ တပ်အသီးသီးရဲ့တံခွန်တွေ၊ အောင်လံတွေ လေအဝှေ့မှာ နတ်ပူးသည့်နှယ် ယိမ်းထိုးခါယမ်းနေကြပေါ့။ နှစ်တပ်လုံးက စစ်သည်တွေကတော့ တုပ်တုပ်မျှ မလှုပ်။ လက်နက်တွေသာ အသင့်အနေထားတွေနဲ့။

ချောင်းတောင်ဘက်ကမ်းက နတ်မြင်းအလား ထွားလှတဲ့ မြင်း အသြထိုရ်ကို စီးကာ အနိရုဒ္ဓ ထွက်လာခဲ့တယ်။ အလားတူ မြောက်ဘက် ကမ်းက စုက္ကတေး ထွက်လာတယ်။ ကမ်းနဖူး တစ်ဖက်တစ်ချက်မှာ ကိုယ်စီ ရပ်မိကြပေါ့။

"ငါလာပြီ စုက္ကတေး ..."

အနိရုဒ္ဓရဲ့ မိုးချုန်းသံ။

"နင်က ငါ့နန်းကို လိုချင်တာ...၊ ဒီဘက်ကမ်းကိုလာခဲ့"

စုက္ကတေးရဲ့ သရဲသဘက်အသံ။

အနိရုဒ္ဓ ချောင်းထဲဆင်းဖို့အပြင်၊ သူ့တပ်တွေက 'ဟယ်' ခနဲ ရှန်းရင်း ဆူညံသံများ ပေါ်ထွက်လာတယ်။ အနိရုဒ္ဓက လက်ပြလိုက်မှ အသံဆိတ် သွားတယ်။ သူ့မြင်း ချောင်းထဲဆင်း၊ တစ်ဖက်ကမ်းရောက်သွား၊ ရန်သူတော် နှစ်ဦး မျက်နှာချင်း ဆိုင်နေမိကြ။ ဒါကို အားလုံး အသက်ပင် မရှုနိုင် ငေးစိုက်ကြည့်နေကြ။

"နင်က အကြီးဖြစ်တယ် စုက္ကတေး... နင် အလျင်ထိုးလေ..."

အနိရုဒ္ဓ အဲသလို အော်လိုက်ပြီးနောက်မှာ စုက္ကတေးဟာ လှံကို အသင့်ချိန်ကိုင်ရင်း မြင်းကို တစ်ချက်တို့လိုက်ကာ 'ကျား' ခနဲ ကြောက်မက် ဖွယ် အသံကြီးနဲ့ အော်ပြီး ဒုန်းစိုင်းတိုက်ခိုက်တော့တယ်။ လေပွေမုန်တိုင်း တအားဝှေ့ရမ်း တိုက်ခိုက်သလို ထင်ရတော့တယ်။ အနိရုဒ္ဓ ရင်ဝဆီကို တည့်တည့်ထိုးဝင်တော့မှာ မုချ၊ ရင်မနေကြတုန်း အနိရုဒ္ဓရဲ့ခံနေတဲ့ အရိန္ဒမာ လှံနဲ့ သွားတိုက်မိကာ လမ်းချော်သွားပြီး မြင်းက ဦးကိုသာ ထိုးမိတော့တယ်။ အနိရုဒ္ဓရဲ့ လူသူအလုံးအရင်းကို မြင်လိုက်ရကတည်းက သွေးလန့်နေပြီဖြစ် တဲ့ စုက္ကတေးဟာ မိမိလှံအားကို အနိရုဒ္ဓ ခံနိုင်တာကို မြင်လိုက်ရပြန်တော့ ဟန်ပင်မဆောင်နိုင်။ တစ်ကိုယ်လုံး တုန်နေလေတော့တယ်။

mgyoe.com

mgyoe.com


"ကိုင်း...ငါ့အလှည့်" လို့ အနိရုဒ္ဓ ဟစ်အော်လိုက်ပြီး ...

"အမိအတွက် ကလဲ့စားဟေ့"

ဆိုကာ မြင်းနဲ့ ထိုးတော့တယ်။ မြန်ဆန်လိုက်တာ။ မိုးကြိုးပစ်သလား ထင်မှတ်မှားရတော့တယ်။ မျက်စိတစ်ခတ်၊ လျှပ်တစ်ပြက်ခန့်မှာ ကြည့်လိုက်တော့ မြင်းပေါ်က စုက္ကတေးမှာ ရှေ့ကဝင် နောက်ကထွက်သွားတဲ့ လှံကြီးတန်း လန်းနဲ့ ကြောက်အားလန့်အားပြေးတဲ့ မြင်းပေါ်က ပါသွားတာကို တွေ့မြင်ကြရတယ်။

* * *

အနိရုဒ္ဓနဲ့ စုက္ကတေးတို့ရဲ့ စီးချင်းထိုးပွဲသတင်းဟာ ပေါက္ကာရာမ နေပြည်တော်နဲ့တကွ ညောင်ဦး၊ ပုပ္ပားနယ်တစ်ဝန်း တော်မီးနှယ် ပျံ့သွားတော့တယ်။

မြင်းစီးချင်းထိုးပွဲကို ကြည့်မယ်လို့ လိုက်လာခဲ့တဲ့ မြောက်ပြင်သည် မိဖုရားလည်း လမ်းမှာတင် ခင်ပွန်းဖြစ်သူ ကျဆုံးပြီဆိုတဲ့ သတင်းကို ကြားရတဲ့အခါ ရင်ကိုထုကာ မြေပေါ်လူးလိမ့်ငိုကြွေးလိုက်တာ ရင်မှာဆီးတဲ့ ရင်ဝတ်ပင် ကျွတ်ကျရတော့တယ်။ နှုတ်ကလည်း ...

"ငါ့ရဲ့ တူသားလည်းဟုတ်၊ လင်လည်းဟုတ်တဲ့ ပုတ္တလင်၊ ပုတ္တလင်... အခုတော့ အသေဆိုးနဲ့ သေရလေခြင်း" လို့ မြည်တမ်းနေတော့တယ်။

မိဖုရားကို ချော့မော့ပြုစုနေကြခိုက်မှာပဲ အနိရုဒ္ဓ အဲ့ဒီနေရာကို မြင်းကြီးစီးလို့ ရောက်လာတယ်။ သူ့ကိုလည်းမြင်ရော မိဖုရားဟာ ရံရွေတော်တွေရဲ့ လက်ထဲက ရုန်းထကာ သားကို လက်နဲ့ငေါက်ငေါက်ထိုးရင်း...

"ဟဲ့ ... အနိရုဒ္ဓ၊ သားမိုက်၊ နင်နဲ့အစ်ကိုလည်းတော်၊ နင့်အမိ ငါ့ရဲ့ လင်လည်းဖြစ်၊ နင့်ကိုနန်းတော်မှာ ရာထူးပေးစောင့်ရှောက်ထားခဲ့တဲ့ ကျေးဇူးရှင်ကို နင်ရက်ရက်စက်စက် လှံနဲ့ထိုးသတ်ရက်ပလေတယ်... ဟင်... ကျေးဇူးကန်း"

အနိရုဒ္ဓ အံ့သြခြင်းကြီးမက အံ့သြတဲ့မျက်နှာနဲ့ အမိကို စူးစိုက်ကြည့်နေတယ်။ ပြီး မြင်းကို ချာခနဲလှည့်ကာ ပုဂံနန်းတော်ဆီသွားမယ့်အစား ဖခင်ရဲ့ ရဟန်းကျောင်းဆီကိုပဲ ဦးလှည့်ခဲ့လေတော့တယ်။

mgyoe.com

mgyoe.com

မှတ်ချက်

စုက္ကာတေးလှံထိကာ မြင်းပေါ်ပါသွားတဲ့အရပ်ကို 'မြင်းကပါ'၊ မယ်တော် 'ပုတ္တလင်' မြည်တမ်းတဲ့နေရာမှာ တည်တဲ့ဘုရားကို 'ပုတ္တလင်ဘုရား'၊ မယ်တော် ရင်ဝတ်ကျွတ်ရာအရပ်မှာ တည်တဲ့ဘုရားကို 'ရင်ဝတ်ကျွတ်ဘုရား' တွင်ကြောင်း မှန်နန်းရာဇဝင်နဲ့ ဦးကုလားရာဇဝင်တို့က ဆိုတယ်။

[၁၉၉၃]

□

mgyoe.com

mgyoe.com

# မယ့်သည်ပင်သည် ခရီးသား

mgyoe.com

mgyoe.com

(၁)

'ပုဂံပြည့်ရှင် ဘုရင်မင်းမြတ် ရေကြောင်း ချီလာသတဲ့ဟေ့...'

မြစ်အောက်ဆီက မောင်းသံစည်သံတွေ မိုးပြိုမတတ်ကြားလိုက်ကြရကတည်းက ဘုရင်မင်းမြတ်ပဲ ဖြစ်ရမယ်ဆိုတာကို တောင်ပြုးနယ်သားတို့ ခန့်မှန်းပြီးပါ။ ပထမ သဲ့သဲ့ယဲ့ယဲ့ကလေး စတင်ကြားခါစတုန်းကတော့ ဘာလဲပေါ့၊ ရှင်လောင်းများ လှည့်လာသလားလို့။ အသံကျယ်ကျယ်လာကာ နောက်ဆုံး ဝက်ဝက်ကွဲကြားရတော့ ဘုရင်မင်းမြတ်မှန်း သိလိုက်ကြပါပြီ။ ဘယ်များ ချီတော်မူတာပါလိမ့်။

တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက် မြစ်ကမ်းပါးပေါ် ရောက်သွားကြတဲ့အခါမှာတော့ လှေတော်၊ ဖောင်တော်များကလည်း ကမ်းမှာ ဆိုက်လာကြတယ်။ စစ်သည်ဗိုလ်ပါတို့လည်း ကမ်းပေါ်တက်လာကြပေါ့။ ရွာသားတွေနဲ့ အပြန်အလှန်မေးကြမြန်းကြရာမှာတော့ ရွာသားတို့ရဲ့ သိလိုစိတ်ဟာ ပြေလည်သွားပါတော့တယ်။

"တရုတ်တရက်တို့ ဒေသကို ချီတော်မူတာတဲ့။ မြတ်စွာဘုရားရဲ့ စွယ်တော်ကို ပင့်တော်မူမလို့တဲ့..."

ဘုရင် အနိရုဒ္ဓရဲ့ တပ်သားတွေ ရွာထဲရောက်လာကြတဲ့အတွက် တပြုံးပြုံးနဲ့ ပျော်မဆုံးဖြစ်ကြရသူတွေကတော့ မုန့်တီ၊ မုန့်ပေါင်း၊ မုန့်ပျား

mgyoe.com

သလက်၊ မုန့်ကြာခွက်၊ မုန့်ဖက်ထုပ်၊ မုန့်သည်မျိုးစုံနဲ့ ရွာထိပ်က အကြော်ဖိုက ဝဝဖိုင့်ဖိုင့်အကြော်သည်ကြီးပါပဲ။ ဆိုင်မှာဆောင်းထားတဲ့ ဘူးသီးလေးငါးလုံး အမြန်ခွဲ၊ အမြန်ကြော် အမြန်ချကျွေးလို့ ကုန်သွားတဲ့အပြင် ရွာရှေ့က ယာခင်းဆီ အပြေးအလွှားသွားပြီး ဘူးသီးတွေရတတ်သမျှ ဝယ်ယူခဲ့ရသေးတယ်။ ဒုတိယ အလုပ်ဖြစ်ကြသူတွေကတော့ ထန်းတောကလူတွေ။ ထန်းပင်ပေါ်က ချထားသမျှ မြူတွေ အကုန် ကုန်တဲ့အပြင် ထပ်ပြီး အသစ်တက်၊ အသစ်ချတာတွေလည်းကုန်၊ ခပ်ချဉ်ချဉ်ဖြစ်နေတဲ့ အလျင်တစ်နေ့က လက်ကျန် ထန်းရေတွေလည်း ကုန်၊ အိုးတွေထဲမှာ ပြောင်။

ထန်းတောရောက်နေတဲ့ မြန်မာ၊ မွန်၊ ရှမ်း၊ ကရင်၊ ကချင်၊ တရုတ်၊ ကသည်း၊ ကုလားဖြူ ကုလားမည်း လူမျိုးစုံ စစ်သည်တွေထဲမှာ လေးတောင်သာသာအရပ်အမောင်း၊ နီကြင်ကြင် အသားအရေကြောင့် အထင်အရှားဆုံးဖြစ်သလို ထန်းရည်ရော အရက်ပါ အသောက်နိုင်ဆုံးမို့ ရွာသားတွေထဲက တစ်မုဟုတ်ချင်း အကျော်ကြားဆုံး ဖြစ်သွားရတာကတော့ ဘုရင် အနိရုဒ္ဓအားထားတော်မူတဲ့ ကုလားဖြူ စစ်သည်ညီနောင် ရွှေဖျဉ်းကြီး ရွှေဖျဉ်းငယ်။ သူတို့ညီနောင်ဟာ သောက်နိုင်ရုံ သက်သက်မျှမဟုတ်။ ဆိုနိုင်ကနိုင် ရယ်မောနိုင်လို့လည်း သောက်ဖော်သောက်ဖက်တွေနဲ့ ရွာလူထုရဲ့ ချစ်ကြည်ခင်မင်တာကို ခံကြရတယ်။

ပရိသတ်က ပွဲတောင်းသမို့ အစ်ကိုရွှေဖျဉ်းကြီးက ပုပ္ပားတောင်ဘွဲ့ တေးတစ်ပုဒ်ကို အောင်မြင်တဲ့ အသံကြီးနဲ့ လွမ်းဆွတ်တသဖွယ် တတိယအကြိမ်ထပ်မံသီဆိုပြနေခိုက် ဝိုင်းနောက်နားမှာ ထိုင်နေတဲ့ ရွာသားတစ်ဦးက အနားက စစ်သည်ကို–

"သူရို့ ကုလားညီနောင်က ထွားလိုက်ပုံကြီးကလည်း ဘီလူးလားအောက်မေ့ရတယ်နော်"

လို့ ပြောပြလိုက်တယ်။ ဒီတွင် ပုဂံစစ်သည်က ရွာသားကို လက်ကုပ်ကာ–

"ရှူး... တိုးတိုး... ကိုယ့်လူကလည်း သင်းရို့အဖေက ကုလားဖြူဗိုလ်မှူးဗျတ္တ၊ သင်းရို့အမေက ပုပ္ပားက ဘီလူးမ မယ်ဝဏ္ဏလေ"

လို့ အသံတိုးနဲ့ ရှင်းပြလိုက်ရတယ်။

mgyoe.com

mgyoe.com

တောင်ပြုံးရွာသားလည်း ဒီတော့မှ တေးဆိုနေသူနဲ့ သူ့ညီကို မျက်လုံးပြူးကာ ပါးစပ်ဟကာ ငေးစိုက်ကြည့်နေလေရဲ့။

*   *   *

(၂)

အနိရုဒ္ဓရဲ့တပ်၊ တောင်ပြုံးရွာမှာ ရပ်နားတာ ရက်ကြာလာတာနဲ့ အမျှ ကုလားခြေလျင်နှစ်ဦးရဲ့သတင်းကလည်း တစ်ရွာလုံးမက ကျော်စည်တစ်နယ်လုံး[၁] ပျံ့နေတော့တယ်။ အကြီးအစ်ကိုလုပ်သူကိုတော့ လူရိုး လူအေး တည်ကြည်ခန့်ညားသူအဖြစ် ရှုမြင်ပြောဆိုကြပြီး အငယ်ကောင်ကိုတော့ လူရွှတ်လူနောက်၊ အမူးသမား၊ အပျော်သမား၊ မြာသမားရယ်လို့ အသိအမှတ်ပြုလာကြတော့တယ်။ ရွာထဲက အပျိုချောဆိုတာလည်း ကုန်သလောက်ဖြစ်ပြီ။ ရွှေဖျဉ်းအငယ်ကို နှလုံးသားမပေးဆက်ရသေးဘူးဆိုလို့ မိဘမောင်ဖွားက အိမ်ထဲဝှက်ထားသူ၊ တစ်ရွာတစ်ကျေးပို့ထားသူလောက်ပဲ ကျန်တော့မယ်။

ရွှေဖျဉ်းငယ်တစ်ယောက် ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဖြစ်နေရတာ ဆန်းတော့လည်း မဆန်းပေဘူး။ မျိုးရိုးဗီဇအရ သန်မာထွားကျိုင်းတဲ့ ကိုယ်ခန္ဓာမှာ ဖခင်ရဲ့ဖြူတဲ့အသား။ မိခင်ရဲ့ ဝါဝင်းတဲ့အဆင်းပေါင်းဆုံထားလေတော့ စိုပြည်ဝင်းပတဲ့ သူ့အသားအရေဟာ မက်မောစရာကောင်းနေတယ်။ ဒီအထဲမှာ ထူထဲတဲ့မျက်ခုံး၊ ပြာလဲ့လဲ့ မျက်လုံး၊ ပေါ်လွင်တဲ့နှာတံ၊ နီတျာပါးလျတဲ့ နှုတ်ခမ်း၊ စိမ်းမည်းတဲ့ မုတ်ဆိတ်ကျင်စွယ်တို့က လိစ္ဆဝီမင်းသားရဲ့ရုပ်သွင်ကို ဖန်ဆင်းပေးတယ်။ ပုပ္ပားတောင်မှာ မွေးခဲ့ပေမယ့် ပုဂံမင်းနေပြည်တော်မှာ ကြီးပြင်းခဲ့သူပီပီ အပြောကလည်း ကောင်းပြန်ဆိုတော့ ဇနပုဒ်ကျေးလက်က တောပန်းလေးတွေ သူ့လက်ထဲ ဟောတစ်ပွင့် ဟောတစ်ပွင့် ကြွေကုန်တာ ဘယ်ဆန်းလိမ့်လဲ။

ဒါပေမဲ့ တောပန်းတိုင်းဟာ အညှာလွယ်တတ်တာ မဟုတ်ဘူးဆိုတာကိုတော့ ပုဂံသားကြီး တစ်နေ့မှာ တအံ့တသြ တွေ့ရတော့တယ်။ နံ့နေပြီဖြစ်တဲ့ ရွာထဲမှာ လျှောက်သွားရင်းက ရွာစွန်တစ်နေရာအရောက် အိမ်ဝင်းထဲက

၁။ ခုခေတ်မတ္တရာနယ်

mgyoe.com

'ဂျောင်း–ဂျက်' အသံနဲ့အတူ အလွန်ချိုလွင်တဲ့ စမ်းကျသံနှယ် တေးဆိုသံကလေး ထွက်ပေါ်လာတယ်။ တပ်သားကောင်းကြီးရဲ့ ခြေလှမ်းမှန်မှန်တွေ တန့်ရပ်သွားပြီး–

"ဘာသံပါလိမ့်..."

"ရက်ကန်းခတ်နေတာပါ အချင်း" လို့ အတူပါလာသူတပ်သားက ဖြေတယ်။

ရွှေဖျဉ်းငယ် ရှေ့သွားရမှာကို မသွားတော့ဘဲ အိမ်ဝင်းထဲကို လှည့်ဝင်လိုက်လေပေါ့။ အိမ်အောက်မှာတော့ ရက်ကန်းစင်တစ်စင်။ အဲဒီရက်ကန်းစင်ထက်မှာ...

မိန်းမကျမ်းကြေနေသူလို့ သူ့သွေးသောက်တွေကြား နာမည်ကြီးနေတဲ့ ရွှေဖျဉ်းငယ် အသက်ရှူရပ်သွားရတော့တယ်။ ပုဂံနေပြည်တော်မှာရော ဧရာဝတီမြစ်ရိုးတစ်လျှောက်က ရွာတွေမှာရော သည်လောက် လှပကြော့ရှင်းတဲ့ ရုပ်ဆင်းအင်္ဂါကို သူမမြင် မတွေ့ဖူးသေးခဲ့။ စိုပြည်ဝင်းမွတ်တဲ့အသား၊ အချိုးအစား ပြေပြစ်တဲ့ ကိုယ်လုံး၊ မျက်လုံးမျက်ဖန် ထူးထူးကဲကဲလှသနဲ့ ရက်ကန်းစင်ပေါ် ရွှေစင်ရုပ်ကို တင်ထားသလား ထင်မှတ်မှားရတော့တယ်။ အသက်အရွယ်ကတော့ ငယ်နုလှတာမဟုတ်။ သုံးဆယ်ကျော်ကျော်လောက်တော့ ရှိပေလိမ့်။ အပျိုကြီးလား၊ တစ်သားမွေး တစ်သွေးလှ အိမ်ထောင်သည်ပေလား။

ကိုရွှေဖျဉ်း ရက်ကန်းစင်ဆီ တန်းတန်းမတ်မတ်သွားတယ်။ လုံမကြီး သီချင်းအဆိုရပ်ကာ တစ်ချက်မော့ကြည့်တယ်။ ပြီး ရက်ကန်းကို ရက်မြဲဆက်ရက်နေတယ်။ ရွှေဖျဉ်းငယ် အချိုသာဆုံးပြုံးလိုက်ကာ–

"တို့နှမ ဘာများရက်နေပ..."

မပြုံးမရယ် မမာကျောပေမယ့် မချိုသာတဲ့ ခတ်ပြတ်ပြတ်လေသံနဲ့ ရက်ကန်းသည်မက အဖြေပေးတယ်။

"ပုဆိုး..."

"အဆင်ကလေးက လှပါ့ဗျား၊ ရက်တဲ့သူက လှမှကိုး..."

အမျိုးသမီးဆီက ဘာသံမှမထွက်လာ။ ရက်ကန်းရက်မြဲ။ မင်းလုလင်ကပဲ စကားဆက်ရတော့တယ်။

mgyoe.com

mgyoe.com

"နာမည်က ဘယ်လိုခေါ်ပါလိမ့်"

"မယ်ဥ"

"မယ်ဥတဲ့လား...။ လှလိုက်တဲ့နာမည်လေး။ ရွှေလိုဥပြီး ချစ်ရမယ့်သူမို့ 'မယ်ဥ' လို့ခေါ်တာဖြစ်မှာပေါ့နော်... ငါတို့လည်း ချစ်လိုက်ချင်ပါ့ဗျာ။ ရွှေလိုလည်း ဥမယ်၊ ငွေလိုလည်း ဥမယ်၊ ပတ္တမြားလို..."

ရွှေဖျဉ်းစကားကို အဆုံးမသတ်လိုက်ရ။ မယ်ဥက ဒေါသနဲ့ ဝင်ဖြတ်ပြောလိုက်တယ်။

"ဒီမှာ ဘုရင့်တပ်သားကြီး၊ နင်လျှောက်ပြောမနေနဲ့။ ငါ့မှာ ကာမပိုင်လင်ယောကျ်ားရှိတယ်"

"ဩော် ကာမပိုင် လင်ယောကျ်ားရှိသတဲ့လား၊ ကောင်းတာပ။ ပိုင်ရှင်ရှိတော့လည်း ပိုင်ရှင်ဆီ တောင်းယူရတာပ။ နို့ အဲဒီပိုင်ရှင်က ဘယ်မှာတဲ့တုန်း"

"ငါ့ခင်ပွန်း ခရီးထွက်နေတယ်။ သူက သစ်ဖောင်လိုက်တယ်လေ။ သစ်ဖောင်လိုက်တယ်ဆိုတော့ ငါ့ခင်ပွန်းဟာ အမြဲခရီးထွက်နေရသူပ၊ ခရီးသည်..."၁

"ဟဲ... ခရီးထွက်နေတယ်ဆိုတော့ နေရာကျတာပ။ သူမရှိတုန်း ငါတို့ လွတ်လွတ်ကျွတ်ကျွတ်ကြီး ချစ်ကြရုံပ ဟား... ဟား... ဟား"

မယ်ဥ ရက်ကန်းစင်ပေါ်က ဆင်းချလာတယ်။ ဝါဝင်းနုမွတ်တဲ့ သူ့မျက်နှာဒေါသနဲ့ နီရဲနေတယ်။ ထဘီကို တိုတိုပြင်ဝတ်ပြီး လက်တစ်ဖက်ခါးမှာထောက်ကာ လက်တစ်ဖက်က သိုးဆောင်းလုလင်ကို တငေါက်ငေါက်ထိုးကာ ကက်ကက်လန် ရန်တွေ့တော့တယ်။

"ဟဲ့ သိုးဆောင်းကုလားငယ်၊ နင်တို့ ဘာသာတရားမှာ ကာမေသုဆိုတာ မရှိဘူးလား ဟင်။ မရှိလည်း နင်ဟာ ငါးပါးသီလမြဲကြတဲ့ ပုဂံပြည်သူပြည်သားတွေကြားမှာ နေလာတာကြာပြီပဲ။ ပရဒါရကံဆိုတာ နင်မကြားဖူးဘူးလား။ ရှောင်ကြဉ်ရတဲ့ ကံငါးပါးထဲမှာ အကြီးလေးဆုံးကံပဲ့။ ငရဲက မကျွတ်တော့ဘူး။ ငါတို့ဒေသက လူတွေဟာ သူတစ်ပါးသားမယားဆိုရင်

---

၁။ ဒါတွေဟာ ခေတ်စကားနဲ့ ပြင်ရေးထားတာတွေဖြစ်တယ်။ မူရင်းပြောပုံက "သည်ပင်လေ ခရီသာ" လို့ဖြစ်တယ်။ "သည်ပင်" က ခင်ပွန်း၊ "ခရီသာ" က "ခရီးသား" ခရီးသည်လို့ ဆိုလိုတယ်။ ပြန်တင်ဆက်သူ

mgyoe.com

mgyoe.com

စိတ်နဲ့တောင် မပြစ်မှားရဲကြဘူး။ နင်က နှုတ်နဲ့ပါပြစ်မှားနေပြီ။ နင်တို့လူမျိုးဟာ မိုက်ရိုင်းလှတဲ့လူမျိုးပါလား။ နင်တိရစ္ဆာန်၊ နင်လူမဟုတ်ဘူး။ နင့်ရဲ့ဖြားယောင်းမှုကြောင့် ငါတို့အရပ်က လုံမငယ်တွေ အတော်များများနစ်မွန်းခဲ့ပြီ။ မနူးမနပ် အပျိုရိုင်းလေးတွေကို နင်သွေးဆောင်လို့ ရတိုင်း ငါ့လိုမိကောင်းဖခင်သမီးကို စမ်းလို့ရမယ်ထင်သလား။ ဝေးပါသေးရဲ့၊ အသက်အသေခံမယ်..."

"အောင်မယ် တောသူမ၊ လူဝါးဝလို့..."

ရွှေဖျဉ်းငယ်ခါးမှာ ဆောင်လာတဲ့ဓားကို ထုတ်လိုက်တယ်။ ဒါပေမဲ့ရှေ့တစ်လှမ်းမတက်ခင်မှာ–

"ဖျဉ်းငယ်... ရပ်"

ဆိုတဲ့ အသံမာကြီးကြောင့် ရပ်လိုက်ရရဲ့။ ပြီး မယ်ဥ နားမလည်တဲ့ဘာသာစကားတွေနဲ့[၁] ကြိမ်းမောင်းနေတော့တယ်။ လှည့်မထွက်ခင်မှာတော့မယ်ဥကို ချီသာတဲ့လေနဲ့...

"သူ့ရဲ့ မိုက်ရိုင်းမှုအတွက် ငါတောင်းပန်ပါတယ်။ ခွင့်လွှတ်ပါ။ ဘုရားသခင် သင်နဲ့အတူ ရှိပါစေ ငါ့နှမ" လို့ ပြောပြောဆိုဆို နှုတ်ဆက်သွားတယ်။ ရပ်ချင်းဆင်တာကြောင့် သူ့အစ်ကို ရွှေဖျဉ်းကြီးဆိုတာ ဖြစ်လိမ့်မယ်လို့ မယ်ဥ တွေးမိရဲ့။

* * *

## (၃)

သူ့တပ်သားတွေ ကုန်းပေါ်တက်၊ စနည်းနာကြပြီးတဲ့နောက် ဘုရင်အနိရုဒ္ဓလည်း ကမ်းပေါ်ကြွချီခဲ့ကာ ဒေသတစ်ခွင်လှည့်လည်ကြည့်တယ်။ အသင့်ဆောက်လုပ်ပြီးစီးနေတဲ့ သစ်ခက်တဲနန်းမှာလည်း ညအိပ်နားနေတော်မူတယ်။

သစ်ခက်တဲနန်း တည်ဆောက်ထားတဲ့နေရာက မြစ်ကမ်းပါးနဲ့

၁။ ပုပ္ပားမှာ မွေး၊ ပုဂံမှာကြီးပေမယ့် ဖခင်လုပ်သူဗျတ္တက သူ့သားတွေကို သူတို့ဘာသာစကား၊ ဘာသာရေး၊ ထုံးထမ်းများ သင်ပေးထားပုံရတယ်။ တင်ဆက်သူ။

mgyoe.com

mgyoe.com


သိပ်မလှမ်းချေဘူး။ မြစ်ရေအလျဉ်ကိုကြည့်ပြီး ငေးမောကြည်နူးရတယ်။ မြစ်လေတဟူးဟူးနဲ့မို့ ဥတုရာသီရဲ့ ပူအိုက်ခြင်း၊ ခရီးတာရဲ့ ပင်ပန်းနွမ်းနယ်ခြင်းတို့ကိုလည်း ပြေပျောက်စေနိုင်စွမ်းရှိတယ်။ မင်းကြီးအနိရုဒ္ဓ တော်တော်ကို ကျေနပ်အားရနေပုံပဲ။

မိန့်တော်မူတယ်။ "စွယ်တော်ကို ပင့်ပြီး ပြန်လာတဲ့အခါကျတော့လည်း ဒီမှာ နားကြရဦးမှာပဲ။ အဲဒီအခါ ဒီအရပ်မှာ ဂူဘုရားတည်မယ်...။ ဒီသစ်ခက်တဲနန်းကွန်းထောက်ရာမှာပဲ တည်ကြမည်။ ငါနားခဲ့ရာကို အထိမ်းအမှတ်လည်းဖြစ်စေ၊ နောင်လာသူတို့လည်း နားနေရာရကြစေ"

ဤစကားတွေ မြွက်ကြားပြီး မရှေးမနှောင်းမှာပဲ မင်းကြီး ခရီးဆက်တော်မူတယ်။ တပ်သားအထောင်အသောင်းထဲက နှစ်ဦးမျှသာဖြစ်တဲ့ သိုးဆောင်းလုလင် ညီနောင်လည်း တောင်ပြုံးဒေသကို နှုတ်ခွန်းဆက်ရတော့တယ်။ အစ်ကိုဖြစ်သူ ရွှေဖျဉ်းကြီးကို လူရိုးလူအေးအဖြစ် ယောကျ်ားမိတ်ဆွေများ၊ လူကြီးသူမများက ပြောစမှတ်ပြုကျန်ရစ်သလို ညီဖြစ်သူ ရွှေဖျဉ်းငယ်ကိုလည်း နှလုံးသားကို ဆုပ်ကိုင်ဆော့ကစားသွားရက်သူအဖြစ် ရွှေပြုံးသူတို့ မျက်ရည်စိုရွှဲနဲ့ လွမ်းတနေရစ်ကြပေါ့။

* * *

(၄)

ကွန်းထောက်ရပ်နားရာ ကျေးရွာဒေသများမှာ ရွှေဖျဉ်းငယ်တစ်ယောက် လုံမငယ်တွေနဲ့ ပန်းစားနေတာကို သက်ဆိုင်ရာ မိဘမောင်ဖွား တချို့နဲ့ ရပ်ရွာကာလသားတချို့က မကျေမချမ်းဖြစ်ကြပေမယ့် တပ်ထဲက သူ့သွေးသောက်ရဲဘော်ရဲဘက်တို့ကတော့ ရယ်စရာ မောစရာ အပျင်းပြေစကားအဖြစ် ပြောစရာလောက်ပဲ သဘောထားကြပါတယ်။ အလေးအနက် အမှတ်အသားမထားကြပါဘူး။ ရွှေဖျဉ်းညီနောင် လုပ်သမျှ အငြိုးကြီးကြီးနဲ့ နှလုံးသားထဲက တေးမှတ်နေသူကတော့ ရှိလေရဲ့။

ထီးလှိုင်က ကလန်ကြီးဟာ[၁] အနိရုဒ္ဓရဲ့ လက်အောက်မှာ အမှုထမ်း

၁။ ကလန်စစ်သားကနေ 'ကျန်စစ်သား' ဖြစ်သွားတယ်လို့ ပညာရှင်တချို့ က ကြံဆကြတယ်။ တင်ဆက်သူ

mgyoe.com

mgyoe.com


ရတဲ့ ကုလားဖြူကုလားမည်းတွေကို သူပဲအုပ်ချုပ်ကွပ်ကဲနေတာပါ။ ဂျွမ်းစစ်ကို နှိမ်နင်းဖို့ ပဲခူးကို လေ့လက်ဖယ်၊ ထွေရှူး၊ ညောင်ဦးဖီးတို့နဲ့ ချီစဉ်က ဆိုရင် ကုလားခြေလျင် ရှစ်ကျိပ်ကို သူဦးဆောင်ခဲ့ပါတယ်။ သင်းရို့အဖေ ဇျတ္တာ သထုံက ပြေးလာခဲ့စဉ်ကလည်း မိမိလက်အောက်မှာ အေးအေးဆေးဆေး အမိန့်နာခံခဲ့တာပါပဲ။ သူက သထုံဘုန်းကြီးကျောင်းမှာ နေခဲ့ရစဉ်က ဇော်ဂျီ ဖိုဝင်သား စားခဲ့ရလို့ဆိုလား၊ တော်တော့်ကို စွမ်းတယ်။ ခြေကျင် ပြေးစို့ဆို လည်း ရှေ့ဆုံးက၊ မြင်းစီးစို့ဆိုလည်း မျက်စိတစ်မှိတ်အတွင်း ပျောက်သွားပြီ။ ဒါကြောင့်လည်း ပုဂံနဲ့ပုပ္ပားကို အိမ်ဦးနဲ့ကြမ်းပြင်သဘောထားကာ မနက် တိုင်း ပန်းခူးဆက်နိုင်ခဲ့တာ။ ဒါပေမဲ့ သူ့ကို (ကျန်စစ်သားကို) မကျောခဲ့ဘူး။ ဆရာနေရာမှာ ထားခဲ့တယ်။ ဟော ဇျတ္တက မွေးလာတဲ့ သားနှစ်ကောင်ကျ တော့ အဖေလို အပိုးမကျိုးတော့ဘူး။ လူနဲ့ဘီလူးစပ်ပြီးကျတာမို့ ဖအေ့ထက် လည်း စွမ်းတယ်။ ဧရာဝတီမြစ်ကြီးကိုများ အကျယ်ဆုံးနေရာမှာ ဟိုဘက် သည်ဘက် လက်ပစ်ကူးလိုက်တာ ခဏလေးရယ်။ သောင်ပြင်ထွန်းမှ ကူးနိုင် တဲ့ ညောင်ဦးဖီး လက်ဖျားခါရတော့တာပဲ။ လုံ့ဖျားထောက်ခုန်ရာမှာလည်း သူ့ (ကျန်စစ်သား) ထက်သာတယ်။ ဓားနဲ့ တစ်ချက်တည်း ခုတ်လှဲတာ ကလည်း သူများလို ငှက်ပျောပင်မဟုတ်၊ ဆီးပင်ကို ခုတ်လှဲတာ။ ဒီတော့ ဘုရင်အနိရုဒ္ဓက ပစားပေးတော့တာပေါ့။ လုံမလေးတွေကလည်း တ 'ဖျင်း' တည်း 'ဖျင်း' ကုန်တော့တာပေါ့။

ဆိုးတာက သူတို့ညီနောင် ထိုးတက်လာချိန်မှာ မိမိက လေးဆယ် ကျော် ငါးဆယ်နီးပါး အကျပိုင်းအရွယ်။ မြန်မာတပ်မှူးတပ်သားတွေရော၊ ကုလားခြေလျင်တို့ပါ သေနာပတိ မိမိကို လေးစားမြဲလေးစားကြပေမယ့် ဘီလူးရဲ့သား ဒီကုလားနှစ်ကောင်က ပမာမခန့်ချင်ကြတော့ဘူး။ ရိုးရိုးအေး အေးနေတတ်တဲ့ အကြီးကောင်တောင်မှ မိမိ (ကျန်စစ်သား) အပေါ် ခပ်တည် တည်ရယ်။ မလေးစားဘူးလည်း မဟုတ်၊ ပေါ့တန်တယ်လည်း မဟုတ်။ လူ့ဟော့ရမ်း အငယ်ကောင်ကိုတော့ မပြောနဲ့တော့။ ကျန်စစ်သားအမိန့်ဆိုရင် ဥပက္ခာပြုချင်ချင်။ ဘုရင်အနိရုဒ္ဓက စေခိုင်းမှ အလေးထားချင်တဲ့ဟန်ပန်မျိုး။ တစ်လောက သူရို့အဖေ ဇျတ္တတခြားကိစ္စနဲ့ မအားမလပ်လို့ ပုပ္ပားကို ပန်းသွားခူးဖို့ သူတို့ညီနောင်ကို ကျန်စစ်သားက ခိုင်းလိုက်တယ်။ ဒါကို

mgyoe.com

mgyoe.com


အကြီးကောင်က မျက်လုံးကလေးတွေပြူးကာ နာစိုက်ခံယူပေမယ့် ရွှေဖျဉ်းငယ်က မကြားသလိုဟန်နဲ့ သူ့မြင်းကိုပဲ ပွတ်သပ်မြဲ ပွတ်သပ်နေတယ်။ ဘယ်သူမှတော့ သွားမယ့်ပုံမပြ။ သည်နောက် မရှေးမနှောင်းမှာ ပဲခူးကမင်းသမီးခင်ဦး (အခုတော့ မိဖုရားကြီးသီရိစန္ဒာဒေဝီပေါ့လေ) တစ်နေရာကပေါက်လာကာ "ငဖျဉ်းငယ်၊ ငါ့ကို ပုပ္ပားကစံကားပန်း ဆောင်ချေလင့်" လို့ တစ်ခွန်းဟလိုက်တာနဲ့ ပြူးဖြဲဖြဲမျက်နှာ ကမန်းကတမ်း အမူအရာနဲ့ "အိမ်း–ဆောင်ချေလိမ့်" ဆိုကာ.အစ်ကိုကိုတောင် မစောင့်။ မြင်းပေါ်လွှားတက်ကာ ဒုန်းစိုင်းတော့တယ်။ ရွှေမင်းသမီးလည်း အပြုံးပန်းတွေဝေကာ မြင်းစီးသွားသူတွေကို ငေးမောရင်း ကျန်ရစ်ရဲ့။ အဲဒီရွှေမင်းသမီးရဲ့ ဝါဝင်းအိမွတ်တဲ့ မျက်နှာပေါ်က အပြုံးပန်းတွေဟာ ကျွန်စစ်သားရဲ့ နှလုံးသည်းပွတ်ထဲမှာ ဆူးညှောင့်တွေ ဖြစ်ခဲ့ရလေပြီကော။

မိမိကို ဥဿမင်းသမီးနဲ့ ပြန်ဆက်နေပြီလို့ သတင်းသိုးသိုးသဲ့သဲ့ကြားတယ်ဆိုပြီး အနိရုဒ္ဓက စောင့်ကြည့်နေချိန် မင်းသမီးက ဒီကုလားငယ်ကို မျက်နှာသာပေးကာ ခိုင်းလားစေလား အရောတဝင် ဆက်ဆံလားလုပ်နေပြန်တဲ့အတွက် ထီးလှိုင်သားကြီး အသည်းကျွဲဝင်ခတ်ရုံမက ဆင်ကပါ တက်နင်းချေပစ်နေသလို ခံစားမိတော့တယ်။

ဒီလိုနဲ့ တရုတ်တရက်တို့ဒေသကို ခရီးရှည် ချီတက်လာခဲ့ကြရာမှာ ဒီခရီးဟာဖြင့် ဒီနှစ်ကောင်ရဲ့ နိဂုံးဖြစ်ရမယ်လို့ ကျွန်စစ်သား သန္နိဋ္ဌာန်ချထားခဲ့ပေါ့...။ နေသေးသပ ချျုံထဲက။ ချိုသွေးသပ...။

* * *

(၅)

အနိရုဒ္ဓတပ်တွေ တောင်ပြုံးရွာအပါအဝင် ကျော်စည်အရပ်ကထွက်ခွာသွားကြပြီးနောက် တစ်လမပြည့်တတ်ခင်မှာ ရွာကိုပြန်ရောက်လာသူကတော့ မယ်ဥရဲ့ခင်ပွန်း ကိုရင်မောင်ပဲ ဖြစ်တယ်။ အထက်အညာဒေသဆီ သစ်ဖောင်တွေ မျှောချဖို့ သွားနေရာက ပြန်ရောက်လာတာပါပဲ။ မယ်ဥတို့ တစ်အိမ်သားလုံး ဝမ်းမြောက်မဆုံး တပြုံးပြုံးနဲ့ပ။

ရောက်ရောက်ချင်းတော့ ဆောက်နဲ့မထွင်းကြပါဘူး။ လုပ်ငန်း

mgyoe.com

mgyoe.com

အကြောင်း၊ အိမ်သားတွေအကြောင်းပဲ မေးမြန်းပြောဆိုဖြစ်ကြတယ်။ ဒါပေမဲ့ ဒီအရပ်ကို ပုဂံပြည့်ရှင် ဂန္ဓာလရာဇ်သွားရင်း ကွန်းထောက်ဝင်နား သွားတယ် ဆိုတဲ့ သတင်းကြီးက ဒီလောက်ဟိုးလေးတကျော်ဖြစ်နေတာ ထိမ်ချန်လို့ ရပါ့မလား။ အလားတူ အနိရုဒ္ဓရဲ့ ကုလားခြေလျင်တပ်သား သိုးဆောင်း လုလင်က မယ်ဥကို မထိလေးစား ပြောသွားတဲ့အကြောင်းကလည်း မပြောပဲ ထားလို့ မဖြစ်ချေဘူး။ အရေးကြီးတာတွေ ပြောပြီးလို့ ကိုရင်မောင် နေသား တကျဖြစ်သွားချိန်မှာတော့ ဒီအကြောင်း မခြွင်းမချန်ပြောလိုက်ကြတော့ တယ်။

"စော်ကားလိုက်လေ… တောက်…" သတင်းစုံကြားပြီးတဲ့နောက် ချက်ချင်းထွက်ပေါ်လာတဲ့ ကိုရင်မောင်ရဲ့ တက်ခေါက်သံ ဖြစ်ပါတယ်။

"စော်ကားတာတော့ အမှန်ပ၊ ဒါပေမဲ့ သူက ဘုရင်မြှောက်စားတဲ့ လူစွမ်းကောင်းဆိုတော့ သူ့ကိုဖက်ပြိုင်လို့ မဖြစ်ဘူး" ကိုရင်မောင်ရဲ့ အရီး တော်သူတစ်ဦးက မှတ်ချက်ချတယ်။

"မယ်ဥက မချေမငံ ပြန်ပြောလိုက်တကို လွန်လှပြီ၊ ကုလားဖြူက ဓားနဲ့ပိုင်းတော့မလို့။ သူ့အစ်ကိုရွှေဖျဉ်းကြီး ပေါက်လာပေလို့သာပ…" အစ်မ ဝမ်းကွဲတော်သူတစ်ဦးက ပြန်ပြောပြတယ်။

"အို– ဓားနဲ့ ပိုင်းရုံမကလို့ မိုးကြိုးစက်နဲ့ ခွင်းခွင်း၊ မတော်မတရား ပြောဆိုတာတော့ ငုံ့ခံမနေနိုင်ဘူး။ အသက် အသေခံမယ်…" မယ်ဥရဲ့ ရဲရဲ တောက် ကြုံးဝါးသံ။

ဆွေမျိုးသားချင်း တစ်စုရဲ့ကြိတ်ဝိုင်းလေးဟာ ငြိမ်ကျသွားပြန်တယ်။ ရေနွေးကြမ်းသောက်သူက သောက်၊ ကွမ်းဝါးသူကဝါး၊ တစ်ဦး တစ်ဦးမှာ တော့ အတွေးကိုယ်စီနဲ့။ ကွမ်းတစ်ယာညက်ခန့် ကြာသွားပြီးတဲ့ နောက်မှာ တော့ တစ်ယောက်ဆီက စကားသံပေါ်လာတယ်။

"မင်းကြီးအနိရုဒ္ဓက စိန့်တိုင်းကအပြန် ဒီအရပ်ကို ဝင်ဦးမှာ။ ဂူဘုရား တစ်ဆူ တည်မယ်လို့ မိန့်သွားသတဲ့"

"မင်းကြီးပြန်လာရင် ဒီကုလားဖြူကောင်လည်း ပြန်ပါလာဦးတော့ မှာ။ သင်းပြန်ပါလာရင်တို့များဆီကိုလည်း ရောက်လာဦးတော့မှာ…"

"အံမာ သူကပြန်လာရင် မယ်ဥကိုလာတွေ့ပြီး မယ်ဥရဲ့အချစ်ကို

mgyoe.com

mgyoe.com

မရရအောင် ယူပြလိုက်ဦးမယ်လို့ ကြိမ်းသွားသတဲ့။ ထန်းတောက ကာလသားတွေက ပြောတယ်"

ဆွေမျိုးတစ်စု ခေါင်းချင်းရိုက်ရပြန်တယ်။ တချို့ကလည်း အရင်ကလိုပဲ သူ့အစ်ကို ရွှေဖျဉ်းကြီးက တားမြစ်ပါလိမ့်မယ်။ သိပ်ပူပန်စရာ မလိုလှဘူးလို့ ယူဆကြတယ်။ တချို့ကတော့ သူ့အစ်ကိုဟာ နေရာတကာ မလိုက်နိုင်ပေဘူး။ ညီအစ်ကိုက အမြဲတတွဲတွဲနေတာမှ မဟုတ်တာကပဲလို့ တင်ပြကြတယ်။ နောက်ဆုံးမှာတော့ အပြန်ပြန် အလှန်လှန်ညှိနှိုင်းတိုင်ပင်ကြပြီးနောက် ဆွေမျိုးတစ်စု တညီတညွတ် ဆုံးဖြတ်ချက် ချလိုက်ကြတာကတော့ ကိုရင်မောင်နဲ့ မယ်ဥ ဒီဒေသမှာမနေကြဖို့ ဘေးကင်းရာပြေးကြဖို့။ "ပြေးဆို ဘုရင့်တပ်ကြီး စိန့်တိုင်းက ပြန်မရောက်ခင် ကြိုကြိုတင်တင် ပြေးနှင့်မှ ဖြစ်မနော်" ကိုရင်မောင်ရဲ့ဘထွေးတော်သူတစ်ဦးက လေးလေးနက်နက် အကြံပြုလိုက်တယ်။

ဒါပေမဲ့ မယ်ဥလွတ်ရာ ပြေးနိုင်ပမလား...။

* * *

(၆)

ရွာသူရွာသားတွေ တမေ့တမြောဖြစ်သွားလောက်ပြီဆိုတဲ့အခါမှာမှ ဘုရင်အနိရုဒ္ဓရဲ့တပ်ဟာ ကျော်စည်ဒေသကို ပြန်လည်ရောက်ရှိလာခဲ့တယ်။ နွေတုန်းကလာခဲ့တာ မိုးလွန်သွားပြီး အခုဆောင်းအလယ်တိုင်မှပဲ မောင်းသံ၊ ဗုံသံကို မြစ်ညာဆီက ကြားကြရတာဖြစ်တယ်။

ဘုရင့်တပ်ကြီး စိန့်တိုင်းက ပြန်လာခဲ့ပြီဆိုတဲ့သတင်း ရွာစဉ်ပျံ့နှံ့သွားပြီးနောက် လူထုကြီးဟာ ကမ်းပါးတစ်လျှောက် အုပ်စုငယ်ကလေးတွေနဲ့ ပေါက်လာကြတယ်။ လှေတွေ ကမ်းနားချဉ်းကပ်လာတဲ့အခါ သူတို့သတိထားမိကြတာကတော့ မင်းကြီးအနိရုဒ္ဓနဲ့တကွ သူ့ဗိုလ်ပါအပေါင်း မျက်စိမျက်နှာမကောင်းကြတာပဲ ဖြစ်တယ်။ ပုဂံပြည့်ရှင်ရဲ့ ပြည်တော်ပြန်ခရီးက မလှပခဲ့ပါကလား။

ဘုရင့်တပ်သားတွေ ကမ်းပေါ်တက်လာကြကာ ရွာသားတွေနဲ့ စကားစမြည် ပြောမိကြတဲ့နောက်မှာတော့ ဘုရင်နဲ့ သူ့လူများ မျက်နှာမသာရတဲ့

mgyoe.com

mgyoe.com
အကြောင်းကို ပြည်သူ့တို့သိရပါပြီ။ "စိန့်တိုင်းက မြတ်ဗုဒ္ဓရဲ့စွယ်တော် မရခဲ့ဘူးတဲ့..."

နောက် မမြင်မတွေ့ရလို့ ထင်ရှားသိသာနေတဲ့ အကြောင်းချင်းတကိုလည်း ရွာသားတို့ပြောဆိုနေကြပြန်တယ်။ "ဟို သိုးဆောင်ညီနောင် မတွေ့ရပါလား"

ပုဂံတပ်သားတွေက အဖြေပေးတယ်။ "သင်းရို့ကို လှော်ကားလှေပေါ်မှာ ထိပ်တုံးခတ်ထားတယ်" တဲ့။

"ဟယ် ဘာဖြစ်လို့တဲ့တုန်း"

"မယုံတော်မှုတော့လို့တဲ့။ သင်းရို့ကို လူစွမ်းကောင်းတွေဆိုပြီး မြှောက်စားထားတာ။ တကယ့်တိုက်ပွဲကျတော့ ထင်သလောက် အားမကိုးရပါဘူး။ ကြေးရုပ်ကြီးတက်ပြီး ကြိမ်နဲ့ရိုက်တာပဲ ရှိတယ်။ စစ်တော့ ဟုတ်တိပတ်တိ မတိုက်ဘဲ အငယ်ကောင်ကဆို သေရည်သေရက်သောက်စားမူးယစ်လိုက်၊ တရုတ် တရက်မလေးတွေနဲ့ ကလူကျီစယ်လိုက်။ ဒါပဲ လုပ်နေတာပဲ"

"စစ်မတိုက်ဘူးတော့ မဟုတ်ပါဘူးလေ" လို့ နောက်ပုဂံတပ်သားတစ်ဦးက ဝင်ထောက်တယ်။ "သူရို့လက်ချက်နဲ့ ရန်သူအကျအဆုံး အတော်အတန်ရှိပါတယ်။ သူရို့တစ်ယောက်က ကျုပ်တို့ဆယ်ယောက်လောက် ထိန်းနိုင်တာပဲ။ ခုဟာက အင်အားက မတန်တဆ ကွာခြားလွန်းတာကလား။ မြားဆိုလည်း မြားမိုး၊ လှံဆိုလည်း လှံမိုးရွာချတော့တာ။ လူစွမ်းကောင်းလည်း ဘယ်တတ်နိုင်လိမ့်မတုန်း။ ဒါကို မင်းကြီးလည်း သိပါတယ်။ ခုတော့ မင်းကြီးကို..."

သူ့စကားမဆုံးခင် ပထမတပ်သားက 'ရှူး' ဆိုပြီး အရိပ်အခြည်ပြတဲ့အတွက် စကားကိုရပ်လိုက်ရတယ်။ ခတ်လှမ်းလှမ်းမှာ ဖြတ်သန်းသွားသူကတော့ တပ်သားလေးဦးငါးဦး ခြံရံလျက် ထီးလှိုင်က ကလန်စစ်သားကြီး။ ရှုတင်းတင်းနဲ့ဖြစ်သော်လည်း တစ်စုံတစ်ရာ ကျေနပ်မှုရှိတဲ့အသွင်နဲ့။ သူအတန်ငယ် လှမ်းသွားမှပဲ စကားကို ပြန်ဆက်ကြရတယ်။

"သူပေါ့ မင်းကြီးက တော်တော်၊ သူက ကဲနေတာ။ သူက ကုလားငယ်ကို ပြိုင်ဘက်လို သဘောထားနေတာလေ။ ခုတော့ သူ့အကွက်ဝင်သွား
mgyoe.com

mgyoe.com

တာပ။ သူအပြောကောင်းတာနဲ့ပဲ ဟိုကုလားငယ်နှစ်ယောက် ဒုက္ခရောက်ရတော့မှာ။ အငယ်တင် မဟုတ်။ အကြီးပါ သေရတော့မှာ။ ကျူပြင်ခုတ် ကျူငုတ်မှ မကျန်စေနဲ့တဲ့လေ..."

"ဩော်... သတ်ပစ်မှာတဲ့လား။ အကျဉ်းချထားရုံမျှလို့ တို့က အောက်မေ့မိတာ..."

"သတ်ပစ်မှာမို့ ထိပ်တုံးခတ်ထားတာလေ။ တောင်စွယ်နေကွယ်တာနဲ့ သင်းရို့ညီနောင် ကွပ်မျက်ခံရတော့မယ်"

အဲဒီနေ့ တောင်စွယ်နေကွယ်ခါနီး ဆည်းဆာချိန်မှာတော့ သိုးဆောင်းလုလင်ညီနောင်ကို လက်ပြန်ကြိုး တုပ်လျက် လှော်ကားလှေပေါ်က ခေါ်ဆောင်ခဲ့ကြကာ ရွာအနောက်ဘက် ညောင်ပင်ကြီးဆီ ခေါ်သွားကြတာကို ဝါရင်းတုတ် ရွာသူရွာသားတို့ မြင်ကြရတယ်။ "လိုက်ကြည့် လှည့်ကြ" လို့ခေါ်တဲ့အတွက် ရွာသားတို့လည်း၊ လိုက်ပါသွားကြတယ်။ ညောင်ပင်နားက ကမူလေးပေါ် သင်းရို့ကို ဒူးတုပ်စေကာ ကျန်စစ်သားက စာတော်ဖတ်တစ်ဦးကို အမိန့်တော် ဖတ်စေတယ်။

"သိုးဆောင်းကုလားခြေလျင် ငရွှေဖျဉ်းကြီး၊ ငရွှေဖျဉ်းငယ်တို့ဟာ အမှုတော်ကို မကျေပွန်၊ ယုံကြည်တော်မမူရတဲ့အတွက် သင်ရို့အား တောင်စွယ်နေကွယ်ရင် လည်ကုပ်ကို ဓားနဲ့ပိုင်းပြီး မသေမချင်း သတ်စေအမိန့်တော်။ ။ အနိရုဒ္ဓဒေဝ"

စာတော်ဖတ်ရဲ့ အောင်မြင်တဲ့အသံကြီး ပြီးဆုံးသွားတဲ့အခါ ဆားမှာ ခါးထောက်ရပ်နေသူ ကျန်စစ်သားဆီက အသံထွက်လာတယ်။

"ကုလားငယ်တို့ ဘာပြောချင်ကြသေးသလဲ"

အငယ်ဆီက ဘာသံမျှ ထွက်မလာ။ အကြီးကောင်ဆီကသာ–

"နားဒါး"[၁]

"ကိုင်း နားဒါးဖြင့်လည်း လက်မရွံ့ကြီးတို့ဆက်လုပ်" လို့ ကျန်စစ်သားက အမိန့်ပေးလိုက်တယ်။ ပါးကွက်သားနှစ်ဦးလည်း ဒူးတုပ်နေသူနှစ်ဦးရဲ့ကုပ်ပေါ် ဓားများကို တစ်ပြိုင်နက် ခုတ်ချလိုက်တယ်။ ထက်နေအောင်

---

၁။ ပါဠိ 'နတ္ထိ' နဲ့ တူတယ်။ ဘာမှမရှိလို့ အဓိပ္ပာယ်ရတယ်။ တင်ဆက်သူ

mgyoe.com

mgyoe.com
သွေးထားတဲ့ ဓားသွားနှစ်လက်ဟာ သားရေပြားနှယ် တွန့်လိပ်သွားရပေါ့။ ပါးကွက်သားတို့ မျက်လုံးပြူးရပြီ။

"ဟော့ ညောင်ပင်အောက်က ကောင်တွေ၊ သံချွန်မီးဖုတ်နေတာ မရသေးဘူးလားဟေ့" စိတ်မရှည်ဘဲ ကျန်စစ်သား အော်လိုက်တယ်။

"တအောင့်ဆို ရပါပြီ"

မကြာမီ နီရဲနေတဲ့ သံချွန်နှစ်ခုယူလာရာ ပါးကွက်သား တစ်စုအား ကုလားဖြူညီနောင်ရဲ့ ရင်ဝမှာ အားစိုက်ပြီး ထိုးကြစေတယ်။ "အား" ဆိုတဲ့ အသံကြီးနဲ့အတူ လူအသားကို မီးမြိုက်တဲ့မီးခိုးတန်းများရင်ဝမှ ထွက်လာကာ ညီနောင်တို့ ရုပ်ကာယများ နောက်ပြန်လဲကျသွားတယ်။ ရင်ဝက မီးခိုးကတော့ ဆံပင်ဖားလျားနဲ့ မည်းမည်းနက် မိစ္ဆာရုပ်တွေဖြစ်သွားကာ ကိုယ်ကာယအလောင်းနှစ်ခုဘေး ခါးထောက်ရပ်ကာ တဟားဟားရယ်ကြပေါ့။ ကျန်စစ်သားရော၊ သူ့တပည့်ပါးကွက်သားတွေပါ ချွေးသီးချွေးပေါက်တွေ ပြန်ကြလျက် ဘာလုပ်ရမှန်းမသိ ဖြစ်ကုန်တယ်။ တော်ပါသေးရဲ့ မီးခိုးတို့ လွင့်ပြယ်ကာ မိစ္ဆာရုပ်တွေ ပျောက်ကွယ်သွားကြလို့။

* * *

## (၇)

ကျန်စစ်သားနဲ့ သူ့တပည့်တို့ သက်ပြင်းချကာ စခန်းချရာဆီ ပြန်လာနိုင်ခဲ့ကြသော်လည်း တောက်လျှောက်ကြီး မအေးမချမ်းရသူတွေကတော့ ရွာထဲက လူတွေ။ လကွယ်ည မဟုတ်ပါဘဲလျက် ညမှာခွေးတွေ တားမနိုင်ဆီးမရ ဟောင်ကြ၊ အူကြတယ်။ အဖျားတက်ကာ မရှိပါဘဲနဲ့ ကလေးငယ်တွေ တအားဟာစ်ပြီး အော်ငိုကြတယ်။ ကြောက်ဖွယ်မည်းမည်းသဏ္ဍာန်နှစ်ခု ရွာလမ်းမပေါ် မြင်နေရလို့ ကာလသားတောင် အပျို့အိမ် မလည်ရဲ။ ကင်းသမားကင်းတဲမှာ မနေရဲ။ ကမ်းမှာဆိုက်ထားတဲ့ ဘုရင့်လှေတော်တွေလည်း မှန်တိုင်းမငှေ့၊ လှိုင်းမကြွပါဘဲလျက် မိခင်ရှူး ပုခက်လွှဲသလို လူးလိမ့်နေတော့တယ်။

အဆိုးဆုံးကတော့ မင်းကြီးတည်နေတဲ့ ဂူဘုရားမှာ ကြုံတွေ့ကြရတာပါပဲ။ နေ့မအား၊ ညမနား ကြိုးစားတည်လိုက်ကြတာ ဘုရားဟာ ရက်ပိုင်း

mgyoe.com

mgyoe.com

အတွင်း ပြီးလို့သွားပါတယ်။ ရေစက်ချမယ့်နေ့ မနက်မှာ အနိရုဒ္ဓ ဘုရားဆီ ကြွလာပြီး လှည့်ပတ်ကြည့်ရှုတော်မူတယ်။ အဲဒီအခါ ဘုရားအတွင်းနံရံမှာ အားနဲ့ဆွဲထုတ်ယူထားသလို "အုတ်နှစ်ချပ် လပ်" နေတာကို တွေ့ကြရပါလေတော့တယ်။

"ဒါက ဘယ်လိုဖြစ်ရတာလဲ" အနိရုဒ္ဓက မေးလိုက်တယ်။

အမတ်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မျက်စိမျက်နှာပျက်ကုန်ကြတယ်။ ဘယ်လိုမှ မပြန်ကြားနိုင်ကြ။ နောက်ဆုံးမှာ ဘုရားကို စောင့်ရတဲ့ ကင်းတာဝန်ကျ တပ်သားလေးတစ်ဦးက ဖြေလိုက်တယ်။

"လင်းကြက်မတွန်မီလောက်က မည်းမည်းသဏ္ဍာန်နှစ်ခု ဂူဘုရားထဲက ထွက်သွားတာကို မြင်လိုက်ရတယ် မင်းကြီး။ သူတို့လက်ထဲမှာ တစ်ခုခုကို ဝှက်ဆောင်သွားကြပုံပဲ။ သူတို့သွားပြီးနောက် အဖော်တို့ကိုနှိုးကာ ဘုရားထဲ ဝင်ကြည့်ကြတော့ ခုလိုအုတ်နှစ်ချပ်လပ်နေတာ တွေ့ရတာပါပဲ"

အနိရုဒ္ဓ ဘာမှမပြော။ ခေါင်းကိုသာ ညိတ်လိုက်တယ်။ အမတ်တွေကြားမှာလည်း ဘာစကားမှ မတုန့်လှယ်ဖြစ်ပေမယ့် လူတိုင်းရဲ့ရင်တွင်းမှာတော့ "ဒါ ဟိုနှစ်ကောင်ရဲ့လက်ချက်" ဆိုတာကို နားလည်သဘောပေါက်သွားကြပုံပါပဲ။

မင်းကြီးလည်း ဂူဘုရားကို အနေကဇာတင်၊ ရေစက်သွန်းချ၊ လှူဒါန်းပြီးနောက် ညနေအေးမှာ လှေတော်ပေါ်တက်ပြီး အပြန်ခရီးကို စုန်ဆင်းဖို့ ပြင်ဆင်တော့တယ်။ ဒီတွင် "ဟိုနှစ်ကောင်ရဲ့လက်ချက်" ကို ဒုတိယ အကြိမ် ကြုံရပြန်ပါလေရော။ လှေတော်ရွေ့လို့မရ ဖြစ်နေတော့တယ်။ ဘုရင် အနိရုဒ္ဓမျက်မာန်တော်ရှသွားကာ ဘေးနားမှာ ချထားတဲ့ အရိန္ဒမာကြိမ်လုံးကို ကောက်ယူတဲ့ပြီး လှေဦးဘက် ထွက်လာတော့တယ်။ ပြီးနောက် အားမာန်ပါပါနဲ့ ကြိမ်လုံးကို လေမှာ တစ်ချက်ဝှေ့ယမ်းလိုက်ပြီး "လာခဲ့စမ်း ကုလားညီနောင်" ဆိုကာ လှေဦးကြမ်းပြင်ပေါ် ရိုက်ချလိုက်တော့တယ်။

အမတ်တွေ တပ်သားတွေ တအံ့တဩ ငေးကြည့်နေစဉ်မှာပဲ လှေရဲ့ ပဲ့ပိုင်းဆီက ဧရာမဝုန်းဒိုင်း အသံကြီးနဲ့အတူ ရေထဲက မည်းမည်းသဏ္ဍာန် နှစ်ခုပေါ်ထွက်လာကာ လှေဦးပိုင်း ဘုရင့်ရှေ့မှာ လက်တစ်ဖက်က မျက်စိ

mgyoe.com

mgyoe.com

ကိုပိတ်၊ လက်တစ်ဖက်က ရင်ဝကိုဖိလျက် ဒူးတုပ်ဝပ်တွားရောက်လာကြ တော့တယ်။ အနိရုဒ္ဓက မိန့်တယ်။

"နင်တို့ ငါ့ဂူဘုရားက အုတ်နှစ်ချပ်ကို ခိုးတယ်။ ခုလည်း ငါ့လှေကို ဆွဲထားကြတယ်။ ငါ့ကို ရန်မူကြတာလား ကုလားငယ်တို့..."

ရွှေဖျဉ်းကြီး လျှောက်တင်တယ်။

"ငါတို့ ဘုရင်အမှုတော်ကို ကိုယ်စွမ်းရှိသရွေ့ ထမ်းရွက်ခဲ့တယ်။ ဒါကိုပဲ ကျန်စစ်သားပြောစကားကို ယုံမှားကာ မင်းကြီး ငါတို့ကိုသတ်ရက် ပလေတယ်။ ငါတို့နတ်စိမ်းဘဝမှာ စိတ်နာပြီး ပြုမိပြုရာပြုမိခဲ့တယ် မင်းကြီး"

"ကောင်းပြီး ဒီက ငါ့ဂူဘုရားမှာ နင်တို့အတွက် နတ်ကွန်းဆောက် စေပြီး နင်တို့ကို ကျော်စည်ဒေသတစ်ဝန်းက လူတွေ ကိုးကွယ်စေ အမိန့် ထုတ်ပြန်ခဲ့မယ်။ ကောင်းကောင်းမွန်မွန် နေရစ်ခဲ့ကြ၊ ကိုင်း သွားကြတော့"

"ငါတို့ ပုဂံကို လိုက်ခဲ့လိုတယ် မင်းကြီး ပုပ္ပားတောင်မက မိခင်နဲ့ တွေ့လိုသေးတယ်"

"ဒါဖြင့်လည်း အေးအေးဆေးဆေး ပဲ့ကိုကိုင်ပြီး လိုက်ခဲ့ကြ။ နင်တို့ ရဲ့ကြောက်ဖွယ် မိစ္ဆာရုပ်ကို လူတွေမမြင်ကြစေနဲ့။ ငါက ဒီက အတန်ငယ် စုန်မိရင် မန်းတောင်ကို[၁] ရောက်တဲ့အခါ တောင်ထိပ်မှာ ဘုရားတည်ဦးမယ်၊ ကောင်းကောင်းနေကြ၊ ကိုင်း သွားတော့"

ဘုရင် အနိရုဒ္ဓရဲ့ မှာစကားကို ရွှေဖျဉ်းငယ်ဟာ မန်းတောင်မရောက် ခင် ခရီးတိုင်အနည်းငယ်အလိုမှာပဲ မေ့ပစ်လိုက်ပါတော့တယ်။

* * *

(၈)

အခုအခါ မန္တလေးတောင်လို့ ခေါ်နေကြတဲ့ မန်းတောင်ရဲ့အရှေ့ဘက် မှာရှိတဲ့ ရန်ကင်းတောင်၊ မယ်ဥတောင်တို့နဲ့ အနီးနားဝန်းကျင်ဒေသဟာ ရှေးနှစ်ပေါင်း (၉၀၀) ကို မပြောနဲ့။ ကနေ့ခေတ်မှာကို စိုပြည်စိမ်းလန်းတဲ့ တောဂနိုင်မြိုင်ရပ်လိုဖြစ်နေပါတယ်။ ရှာနဲ့တောနဲ့ဟာ ဆက်နေတတ်ပြီး

၁။ အခုမန္တလေးတောင်ကို ရှေးက 'မန်းတောင်' ပဲခေါ်ပါတယ်။ တင်ဆက်သူ

mgyoe.com

mgyoe.com

တောက တောင်ကို ဝိုက်နေတတ်တယ်။ ကနေ့ "မယ်ဥတောင်" လို့ခေါ်နေကြပြီဖြစ်တဲ့ တောင်ရဲ့ မလှမ်းမကမ်းမှာရှိတဲ့ရွာကလေးရဲ့အမည်က ရေကြည်ရွာပါတဲ့။

တကယ့် တောနားက တောရွာကလေးမျှဖြစ်တဲ့ ရေကြည်ရွာကလေးဟာ လှပသာယာပြီး လူနေအိမ်ခြေကလည်း နည်းကာ အေးချမ်းလှတယ်။ တောင်သူလယ်သမားများဖြစ်ကြတဲ့ ရွာနေလူထုဟာ ရိုးသားဖြူစင်ကြပြီး တစ်ဦးနဲ့တစ်ဦး ချစ်ချစ်ခင်ခင်နဲ့ အေးအေးလူလူ နေထိုင်ကြတယ်။ ဆင်းရဲသားရွာကလေးဆိုတော့ မြို့နဲ့ဝေး၊ တခြားရွာတွေနဲ့ အဆက်ပြတ်ပေမယ့်လည်း ခိုးသားစားပြဘေးရန် ကြုံရတယ်လို့ မရှိဘဲ ပကတိငြိမ်းချမ်းတယ်။

တစ်ညနေစောင်း နေဝင်ဖျိုးဖျမှာတော့ ရွာငယ်ထဲက ခွေးတွေ ထူးထူးခြားခြား ဟောင်ကြ၊ အူကြတာကို တအံ့တသြ ကြုံတွေ့ကြရတယ်။ ဘာများပါလိမ့်လို့ ရွာသားတွေ လုပ်ငန်းခွင်က ထမင်းဝိုင်းက ခေါင်းထောင် ကြည့်ကြပေမယ့် ဘာမျှမမြင်ကြရဘူး။ "ဆန်းတော့ အဆန်းသား" လို့ တွေးလိုက်မိကြတယ်။ တချို့လူကြီးသူမများကတော့ "ဖွဟဲ့ ဖွဟဲ့" လို့ဆို သူကဆို "ဣတိပိသော ဘဂဝါ" ရွတ်သူကရွတ်ဖြစ်ကုန်ကြတော့တယ်။

ရွာနောက်ဖျားက အိမ်ငယ်ထဲမှာ ရက်ကန်းရက်နေတဲ့ မယ်ဥတစ်ယောက်ကတော့ ခွေးဟောင်သံတွေကြားလို့ လမ်းဘက်လှမ်းကြည့်မိရာက–

"အမေရေ... သူ... သူ..." လို့ အော်ပါလေတော့တယ်။

အိမ်သူအိမ်သားတွေ သူ့ဆီပြေးလာကြကာ "ဟဲ့ ဟဲ့ ဘယ်သူတုန်း" လို့ မေးမြန်းကြပြီး သူကြောက်ကြောက်ရွံ့ရွံ့နဲ့ လက်ညှိုးညွှန်ရာ လမ်းဘက်ဆီကို ကြည့်ပေမယ့်လည်း ဘာကိုမှ မမြင်ကြရဘူး။ မယ်ဥကတော့ တစ်ကိုယ်လုံး တုန်ယင်ကာ ရေရွတ်နေတော့တယ်။

"သူ သူ... ဟိုကုလားဖြူအငယ်ကောင်လေ၊ လမ်းပေါ်ကနေ လက်ယပ်ခေါ်နေတယ်၊ လုပ်ကြပါဦး သူ့ကို မောင်းထုတ်ကြပါ"

တခြားသူတွေ မမြင်ကြရပေမယ့် မယ်ဥကတော့ သူ့ကို လမ်းပေါ်မှာ ခါးထောက်ရပ်ရင်း ပြုံးဖြီးဖြီးလုပ်ကာ လက်ယပ်ခေါ်နေတာကို အတိုင်းသားမြင်နေရတယ်။ မြင်လို့ မြင်ပါတယ် ပြောပေမယ့် မမြင်သူတွေက အယုံရ

mgyoe.com

ခပ်ခက်ခက်ဖြစ်နေတော့တယ်။ ဒီကုလားငယ် အသတ်ခံခဲ့ရပြီဆိုတာကို လည်း ရေကြည်ရွာက လူတွေက မသိကြသေး။ ဒီတော့ မယ်ဥကပဲ ကယောင် က တမ်းဖြစ်နေလေသယောင်ယောင်။

ဒါပေမဲ့ တစ်ရက်က နှစ်ရက်ဖြစ်လာရာမှာတော့ မယ်ဥရဲ့စကားကို ချင့်ချိန်လာကြရတယ်။ ကျန်အချိန်များမှာ မယ်ဥရဲ့ စိတ်အခြေအနေဟာ ပုံမှန်ဖြစ်နေတာကို တွေ့ကြရလို့လည်း ယုံကြည်စရာပိုဖြစ်လာတယ်။ ဒုတိယ ညမှာ ယောကျ်ားဖြစ်သူ ကိုရင်မောင်က သူ့ရုပ်သဏ္ဍာန်ကိုမြင်လိုက်ရပြီး လမ်းဘက်စားဆွဲလိုက်တဲ့အထိ ဖြစ်ရတယ်။ ခွေးတွေကလည်း ပွက်လော ရိုက်ဆူညံသွားလေရဲ့။

တတိယည၊ သူလာခဲ့ရာမှာတော့ ခွေးတွေ ဟောင်ရာက အမြီးကုပ် ကာ အိမ်အောက်၊ တဲအောက် လျှိုးဝင်ကုန်ကြတယ်။ သူ့ထုံးစံအတိုင်း မယ်ဥ ကို လက်ယပ်ခေါ်။ မယ်ဥက ခေါင်းယမ်းပြတော့ သူ့သွားတစ်ဖက်ကို လက် ညှိုးထိုးပြလိုက်ရာ ကြောက်စရာ ကျားဟိန်းသံတစ်ချက်ပေါ်ထွက်လာတာ ကို အိမ်သူအိမ်သားတွေတင်မက ရွာသူရွာသားအားလုံး ကြားလိုက်ရတော့ တယ်။ ကိုရင်မောင်လည်း နံရံက လှံကြီးကိုဆွဲယူကာ လမ်းဘက်ပြေးထွက် လေပေါ့။ ချစ်လင်က ကျားကို အန်တုတော့မယ်ဆိုတာကို သိတာနဲ့ မယ်ဥ နောက်က ပြေးလိုက်သွားပြီး ကိုရင်မောင်ကို နောက်ကနေ ဝင်ဖက်လိုက် တော့တယ်။

"ကိုရင်မောင် မလိုက်နဲ့။ လာ... အိမ်ထဲပြန်ဝင်... လာ..."

မယ်ဥ နောက်ကျခဲ့ပြီ။ မယ်ဥက ကိုရင်မောင်ကို လှမ်းဖက်နေချိန် တစ်စုံတစ်ခုက မယ်ဥကို ခုန်အုပ်ကာ ဆွဲယူသွားချေပြီ။ ကျား...။ မယ်ဥကို ကျားက ကိုက်ချီပြေးတော့တယ်။

ကိုရင်မောင် ပထမတော့ မှင်တက်မိနေသေးရဲ့။ ချက်ချင်းပဲ သတိ ပြန်လည်ကာ ဇနီးသည်ကို ကျားချီသွားရာနောက် လှံနဲ့လိုက်တော့တယ်။ သူ့နောက်က ရွာသားတွေ လိုက်ပါလာတာကိုလည်း သူမသိလေ။ ကျားကို သူမမြင်ရတော့ ရွာနဲ့လည်း ဝေးလာပေါ့။ မကြာမီ ရွာသားတွေ သူ့ဆီရောက် လာကာ ဝိုင်းကူရှာပေးကြရဲ့။

မီးတုတ်တွေနဲ့ ထိုးကြည့်ကြရာမှာ ကိုရင်မောင်နဲ့ ရွာသားတွေ မြက်

mgyoe.com

mgyoe.com

ခင်းပေါ် သစ်ရွက်ခြောက်တွေပေါ် စတင်တွေ့ကြရတာကတော့ သွေးစက်များ...။ ဟိုမှာ တစ်စက်... သည်မှာတစ်စက်။ တစ်နေရာမှာတော့ အိုင်ထွန်းနေလေရဲ့...။

တစ်နေရာမှာတော့ ခါးစည်းလေးပြုတ်ကျနေတာကို တွေ့ရတယ်။ ကိုယ်ငွေ့လေးတောင် မပြယ်ချင်သေး။

"အမယ်လေး ဒါ ကျုပ်မိန်းမ ခါးစည်းလေးပါဗျ... လုပ်ကြပါဦး၊ သူ ဒီက မဝေးတော့ပါဘူး။ ကြိုးစားရှာပေးကြပါဦး"

သစ်ဖောင်သမားကြီး ကိုရင်မောင်ရဲ့အသံမှာ ဆို့အက်နေတယ်။ ကြားရသူများ စိတ်မကောင်းကြ။

တစ်ညလုံး ရှာလိုက်ကြတာ။ အရုဏ်ကျင်းလို့ အလင်းရောင်ပေါ်စမပြုခင် ညဥ့်နှောင်းပိုင်းမှာတော့ မယ်ဥရဲ့အဝတ်အစား အစအနများ၊ ကိုယ်လက်အင်္ဂါ အပိုင်းအစများကို တွေ့ကြရပြီး ပင်မ ခန္ဓာကိုယ်အပိုင်းကြီးနဲ့ ဦးခေါင်းကို တောင်ပေါ်လမ်းဘေးချုံထဲမှာ တွေ့ကြရသမို့ ရွာဆီသယ်ယူခဲ့ကြကာ တင့်တောင့်တင့်တယ် သင်္ဂြိုဟ်ဖို့ စီစဥ်ကြရတော့တယ်။

ကိုရင်မောင် စိတ်မကျေနိုင်သေးဘဲ တောအနံ့သူငယ်ချင်းတစ်စုနဲ့ မွှေနှောက်ရှာပေမယ့် ကျားကိုတော့ အစအနတောင် မတွေ့ကြရတော့ဘူး။

* * *

## (၉)

ကျားက ခုန်အုပ်ကာ ကိုက်ခဲချီယူသွားစက ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်းတို့နဲ့အတူ ဆိုးရွားလှတဲ့ နာကျင်မှုကို ခံစားလိုက်ရတဲ့ မယ်ဥဟာ ရုတ်တရက် ကျားပါးစပ်မှ လွတ်မြောက်သွားကာ နာတာကျင်တာတွေလည်း အရှိန်လောက်သာ ခံစားမိပြီး ပေါ့ပါးသွားတော့တယ်။ ကျား ငါ့ကို လွှတ်ပစ်ခဲ့ပြီ။ ဘာဖြစ်လို့များပါလိမ့်ဆိုပြီး လှမ်းကြည့်မိတော့ ကျားရဲ့ပါးစပ်ထဲမှာ သွေးသံရဲရဲနဲ့ မိန်းမတစ်ယောက်ပါသွားတာကို မြင်ရတယ်။ သြော် တခြားမိန်းမကို ကိုက်စရာရသွားလို့ ငါ့ကိုလွှတ်လိုက်တာနေမှာပေါ့လို့ မယ်ဥစဥ်းစားစပြုနေစဥ်မှာပဲ ကျားရဲ့နောက်နား မလှမ်းမကမ်းက လှံကြီးကိုင်ထားတဲ့ ကိုရင်မောင်နဲ့ တုတ်ဓားကိုင်ရွာသားတွေ လိုက်ပါလာကြတာကို မြင်ရပြန်

mgyoe.com

mgyoe.com

တယ်။ သူတို့ဟာ ကျားနဲ့ ဟိုမိန်းမနောက်ကိုပဲ သည်းကြီးမည်းကြီးလိုက်နေကြပါလား။

ကျားက တခြားမိန်းမတစ်ယောက်ကို ချီသွားတာ။ ငါ့ကို လွှတ်သွားပြီဆိုတာကို ကိုရင်မောင်သာ သိသွားရင် စိတ်သက်သာရာရမှာပဲ။ ငါ့ကို ကျားက လွှတ်ပစ်ခဲ့ပြီဆိုတာကို ကိုရင်မောင် သိကောသိရဲ့လား။ သိပေမယ့် ဟိုမိန်းမကလည်း ကိုယ့်ရွာထဲက မိန်းမပဲမို့ ရွာသားတွေနဲ့အတူ လိုက်နေရတာများလား။ ဘာပဲဖြစ်ဖြစ် မိမိလွတ်ပြီဆိုတာကိုတော့ ကိုရင်မောင်ကို ပြောမှနဲ့တူတယ်။ မယ်ဥရွာသားတွေနောက်ကလိုက်ဖို့ အားထုတ်လိုက်တယ်။ ဟင် သူတို့နောက် လိုက်ရတာ လွယ်လှချည့်လား။ ယောကျ်ားသားကြီးတွေ ချွေးတွေသံတွေနဲ့ ဟောဟဲလိုက်ကာပြေးနေရတာကို မိမိက လွယ်လွယ်နဲ့ အမီလိုက်လို့ရနေပါလား။ မိမိမှာ ဘယ်တုန်းကများ ဒီလို မမောမပန်းပြေးနိုင်လွှားနိုင်တဲ့ အစွမ်းအစတွေရနေပါလိမ့်။

တစ်နေရာမှာတော့ ကိုရင်မောင်တို့တစ်တွေ တန့်ရပ်သွားကြကာ မြေပေါ်က အဝတ်စလိုဟာကို ကောက်ယူတဲ့ပြီး ကိုရင်မောင်က "အမယ်လေး ဒါကျုပ်မိန်းမ ခါးစည်းလေးပါဗျ" လို့ အော်လိုက်သံကို မယ်ဥကြားလိုက်ရတယ်။ ကိုယ့်ခါးကိုယ် စမ်းကြည့်မိတော့လည်း ခါးစည်းက အပါသား။ ဒါနဲ့ "ကိုရင်မောင်ရေ မယ်ဥ ဒီမှာလေ" လို့ လှမ်းအော်ပြောလိုက်မိတယ်။ ဟိုက ကြားပုံမရ၊ ကိုရင်မောင်ရော ရွာသားတွေကပါ မိမိအော်ပြောတာကို ကြားကြပုံလည်းမရ။ မိမိအနားမှာ ရပ်နေတာကိုလည်း မြင်မိကြပုံမရ၊ ဘယ်လိုများဖြစ်နေပါလိမ့်။ မိမိ ကိုရင်မောင့်ဆီ တအားပြေးပြီး ဖက်မယ်လုပ်တော့ တစ်စုံတစ်ဦးက တားလိုက်သလို ခံစားလိုက်ရတယ်၊ ရှေ့တိုးလို့မရ၊ ကိုရင်မောင် မိမိကို တမ်းတမြည်တမ်းသံတွေ ကြားနေရကာ ရှေ့ဆက်ပြေးလွှားသွားတာကို မြင်လိုက်ရတယ်။ ရွာသားတွေလည်း ပါသွားတယ်။ မယ်ဥလည်း နောက်က မယောင်မလည်နဲ့ လိုက်သွားတယ်။

ရွာသားတွေဟာ တစ်နေရာမှာ ဟိုဟာလေးကောက် တစ်နေရာမှာ ဒီဟာလေး ကောက်လုပ်ကြရင်း ဆက်ပြေးသွားကြကာ တောင်ခြေရင်းတောစပ်တစ်နေရာမှာတော့ ပုံပျက်ပန်းပျက်ဖြစ်နေတဲ့ ကိုယ်ကာယနဲ့ သွေးအလူးလူး မျက်နှာကို တွေ့ကြရပြီး ကိုရင်မောင်က မျက်နှာလေးကို ပွေ့ဖက်

mgyoe.com

ကာ "အံမယ်လေး မယ်ဥရဲ့၊ အဖြစ်ဆိုး လေခြင်းကွယ်" လို့ အော်ဟစ်ငိုကြွေး လိုက်တာကို မယ်ဥ ကြားရတော့တယ်။ ဒီတော့မှ သူ့ဖက်ပွေ့ထားတဲ့ ဆံပင်ဖားလျားနဲ့ သွေးစွန်းပေနေတဲ့ ဦးခေါင်းရဲ့မျက်နှာကို သေသေချာချာကြည့်လိုက်တော့မှ မိမိမျက်နှာဖြစ်နေတာကို မယ်ဥ တအံ့တသြတွေ့ရတော့တယ်။ ဒီတော့မှပဲ ကိုရင်မောင်နဲ့ မိမိတို့ ဘဝခြားခဲ့ပြီဆိုတာကို တောသူမလေး သဘောပေါက်သွားရှာတော့တယ်။ ကိုယ်ချစ်တဲ့ ချစ်လင်ကိုရင်မောင်နဲ့ရော၊ မိဘဆွေမျိုးသားချင်း သူငယ်ချင်းတွေနဲ့ရော ဘဝချင်းကွာခြားသွားရကာ မိမိတစ်ယောက်တည်း ဘဝတစ်ပါးမှာ နတ်စိမ်းဖြစ်ခဲ့ရပြီဆိုတာကို သိလိုက်ရတော့ မယ်ဥ ဘယ်လိုမှ နှိုင်းယှဉ်ပြောပြစရာ မရှိတဲ့ ယူကျုံးမရ နှမြောတသခြင်းနဲ့ ဝမ်းနည်းမဆုံးဖြစ်ကာ ပုံလဲကျသွားပြီး အားရပါးရ ငိုချလိုက်မိရှာတော့တယ်။

* * *

## (၁၀)

မယ်ဥတစ်ယောက် ဘယ်လောက်ကြာအောင် ငိုချနေလိုက်မိတယ် မသိ။ အငိုရပ်ပြီး ဘေးဘီကို ကြည့်မိရာမှာတော့ ကိုရင်မောင်နဲ့ ရွာသားတွေ မရှိပြီ။ ညဉ့်ဟာ နက်သထက်နက်လာနေခဲ့ပေါ့။ ဒါပေမဲ့ ညရဲ့အမှောင်ထဲမှာ မိမိဟာ သစ်ပင်ချုံဖုတ်တွေကိုရော၊ ယုန်ငယ် ချေငယ် အကောင်အလှောင်တို့ကိုရော၊ အိပ်တန်းတက်နေတဲ့ ငှက်ကလေးတွေကိုရော၊ ထင်ထင်ရှားရှား မြင်နိုင်စွမ်းနေတာကို မယ်ဥ တွေ့ရတယ်။ တချို့သစ်ပင်သစ်ရွက်တွေ ကျောက်သားမြေသားတွေကိုလည်း ဖောက်ထွင်းမြင်နေရတော့တယ်။ မိမိမှာ ရုပ်ဝတ္ထုဒြပ် အဆီးအတားရယ်လို့ မရှိတော့ပါကလား။ လူ့ဘဝတုန်းကသာ ဒီလိုအစွမ်းအစတွေ ရခဲ့ရင်ကောင်းမှာ၊ ဟိုအကောင် ကျားနဲ့ တိုက်စဉ်က ကောင်းကောင်းကြီး ကာကွယ်ခုခံနိုင်ခဲ့မှာ...။

"သြော် ဒီက ငဖျဉ်းငယ်ကို သတိရနေပြီလား မယ်ဥ၊ ဟုတ်လား။ အေး အခုနင်နဲ့ငါ ဘဝချင်းတူသွားပြီ၊ နင် ကိုရင်မောင်နဲ့ ဘဝခြားသွားပြီ။ ငါ့ကို ယူပေတော့"

သိုးဆောင်းလုလင်ဟာ ထုံးစံအတိုင်း စပ်ဖြီးဖြီးမျက်နှာနဲ့ မယ်ဥ

mgyoe.com

ရှေ့မှာ ပေါ်လာတော့တယ်။ မယ်ဥဒေါသတွေ ထိန်းမနိုင် သိမ်းမရဖြစ်လာရတယ်။

"သြော် နင်က ကျန်စစ်သားကွပ်မျက်လို့ အသေဆိုးသေပြီး နတ်စိမ်းဖြစ်နေတာကိုး။ လူ့ဘဝက ငါမသိခဲ့ဘူး။ နင်ငါ့ကို ကျားနဲ့တိုက်သတ်ခဲ့တာ။ ငါ့ရဲ့လူ့ဘဝချမ်းသာလေးကို နင်ဖျက်ဆီးခဲ့တာ။ နင် အယုတ်တမာ၊ မိစ္ဆာကောင် လူ့ဘဝတုန်းကလည်း နတ်ဆိုးနတ်ယုတ်မှာ နင်... နင်..."

"ပြောချင်သလိုပြောတော့ မယ်ဥ၊ ငါကတော့ နင်ကိုချစ်လွန်းလို့လုပ်ရတာပဲ။ လူ့ဘဝတုန်းကလည်း ချစ်တယ်။ နတ်ဖြစ်တော့လည်း ချစ်တယ်။ နတ်ဘဝမှာ ငါတောင်ပြုံးရောက်တော့ ရွာထဲတက်ရှာသေးတယ်။ ခွေးတွေ တအူအူနဲ့ပေါ့။ မတွေ့ခဲ့ရဘူး။ ဘယ်များရောက်သွားပါလိမ့်လို့ လွမ်းဆွေးနေခဲ့ရတာ။ မင်းကြီး အနိရုဒ္ဓနဲ့ မန်းတောင်လိုက်လာခဲ့တော့မှ နင်ရေကြည်ရွာရောက်နေမှန်းသိရတာ။ ဒီတော့ အတူပေါင်းရအောင် ကြံခဲ့ရတာပ"

"အချစ်ဆိုတာ ချော့လို့မရသလို ခြိမ်းခြောက်လို့လည်းမရဘူး သိုးဆောင်း လုလင်။ ငါ လူ့ဘဝတုန်းကလည်း နင့်ကိုမချစ်ခဲ့ဘူး။ အခု နင့်ရက်စက်မှုကြောင့် လူ့ဘဝကို စွန့်ခဲ့ရပြီးနောက်မှာလည်း နင့်ကို ချစ်လို့မရ ရုံမက ရွံရှာစက်ဆုပ်လို့တောင်သွားတယ်၊ နင် ပုပ္ပားသွားမှာသွားတော့..."

"နင်မပါဘဲမသွားဘူး မယ်ဥ၊ ချိုချိုသာသာပြောမရရင် ငါ အကြမ်းကိုင်ရလိမ့်မယ်။ နင် ငါ့အကြောင်း သိတယ်မဟုတ်လား။ လူဘဝတုန်းက ငါ့ကို ငြင်းဆန်လို့မရခဲ့ဘူး။ နတ်ဘဝမှာလည်း ငါ့ကို နင်မပယ်နိုင်ဘူး။ ငါ့မှာ နင့်ထက် တန်ခိုးပိုတယ်။ နင်က တစ်ယောက်တည်းရယ် လာ လိုက်ခဲ့"

ပြောပြောဆိုဆို ရွှေဖျဉ်းငယ် ရှေ့တိုးလာခဲ့ကာ မယ်ဥကို ဖမ်းကိုင်ဖို့ ကြိုးစားတော့တယ်။ ဒါပေမဲ့မရ။ မယ်ဥရှေ့က တစ်စုံတစ်ဦး ဝင်ရပ်လိုက်ပေါ့။ ဒီတစ်ခါ မယ်ဥဘက်က လာရပ်သူက ရွှေဖျဉ်းကြီးတော့ မဟုတ်။

"ဟဲ့ ကုလားဖြူ၊ နောက်ဆုတ် ဒါ ငါ့နယ်မြေ။ ငါ့နယ်မြေထဲ နင်ခုလို ဝင်နေတာကိုက လွန်လှပြီ။ ဘာများမဟုတ်တာလုပ်လေမလဲ ငါ စောင့်ကြည့်နေခဲ့တာ။ ငါ ဒီတောင်ကိုစောင့်တဲ့ တောင်စောင့်နတ်။ နင့်အမေက ပုပ္ပားတောင်မကြီးကို စောင့်ရသလို ငါက ဒီတောင်ကို စောင့်ရတာ။ အခု ငါ့သက်

mgyoe.com

mgyoe.com

တမ်းကုန်ပြီ။ မယ်ဥကို လွှဲပေးရတော့မယ်။ သူ့နယ်မြေကို မကျူးကျော်ရဘူး သိရဲ့မဟုတ်လား။ ကိုင်း ပြန်တော့"

တောင်စောင့်နတ်ရဲ့ အောင်မြင်ခန့်ညားတဲ့အသံက သူ့ရဲ့တန်ခိုး အဆင့်အတန်းကို ပြနေတယ်။ သူဟာ ရွှေဖျဉ်းငယ်တို့လို နတ်စိမ်းမျိုးမဟုတ်။ စတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့က တာဝန်ပေးထားတဲ့ အာကာသစိုး၊ ဘုမ္မစိုး၊ ရုက္ခစိုး ဂိုဏ်းဝင် သမာဒေဝနတ်မျိုးဖြစ်တယ်။ လူတွေအပေါ် မိုလ် ကျခဲ့တဲ့ ရွှေဖျဉ်းငယ် တုန်လှုပ်ချောက်ချားသွားရပေါ့။

ရွှေဖျဉ်းငယ် မယ်ဥကို တစ်ချက်ကြည့်လိုက်တယ်။ ခုအကြည့်က အလျင်ကလို မောက်မာတဲ့အကြည့်၊ အပေါ်စီးက အကြည့်မျိုးမဟုတ်၊ မာန် စွယ်ကျိုးသူရဲ့အကြည့်၊ အားမတန် မာန်ချရသူရဲ့အကြည့်၊ အသနားခံတဲ့ အကြည့်မျိုးသာ ဖြစ်တယ်။ ဒါပေမဲ့ မယ်ဥရဲ့ တည်ကြည်တင်းမာတဲ့အသွင် ကိုသာ မြင်လိုက်ရပြီးတဲ့နောက်မှာ ချာခနဲလှည့်ကာ ပျောက်ကွယ်သွားလေ တော့တယ်။

* * *

## (၁၁)

ဒီအဖြစ်အပျက်တွေ ဖြစ်ပျက်ပြီး ရက်အတန်ငယ်ကြာသွားပြီးတဲ့ နောက်မှာတော့ တောင်ပေါ်ကို ထင်းခွေသွားကြ၊ ပန်းခူးသွားကြတဲ့ ယောကျ်ား မိန်းမတို့ ပြန်လာတဲ့အခါမှာ 'တောင်ပေါ်မှာ မယ်ဥကို မြင်ခဲ့ရတယ်ဟေ့' 'မမဥကို တွေ့ခဲ့ရသတော့်' စတဲ့စကားတွေ စတင်ကြားကြရတယ်။ အစပိုင်း မှာ တက်လာတဲ့ လူတိုင်းကို မယ်ဥက ကိုယ်ထင်ပြပြီး နှုတ်ဆက်ခဲ့တာပါပဲ။ မကြောက်ကြဖို့ မိမိတာဝန်ယူနေရတဲ့ တောင်တစ်ဝိုက်မှာ ဘာအန္တရာယ်မှ မရှိစေရ၊ စိတ်ချလက်ချသွားလာဖို့၊ မကောင်းမှု ဒုစရိုက်တွေကိုတော့ မပြု မိဖို့ မှာကြားလေ့ရှိတယ်။ နောင်ရက်တွေ လတွေက နှစ်တွေညောင်းလာခဲ့ ရာမှာတော့ လာသမျှလူကို အတွေ့မခံတော့ဘူး။ ဒါပေမဲ့ တောင်ကိုတော့ 'မယ်ဥတောင်'၊ 'မမဥတောင်' ရယ်လို့ ခေါ်စပြုလာခဲ့ကြတယ်။ ကာလရှည် ကြာသွားရာမှာ တချို့က လေးလေးစားစားနဲ့ 'သခင်မတောင်' လို့တောင် ခေါ်နေကြပါပြီ။

mgyoe.com

မယ်ဥကို ကျားချီပြေးစဉ်က ခါးစည်းပြုတ်ကျခဲ့တဲ့နေရာမှာ အထိမ်းအမှတ်နတ်စင်လေးတစ်ခု လူတွေက ပြုလုပ်ထားကြတယ်။ သွေးစက်တွေ ဒလဟောသွန်ချခဲ့တဲ့နေရာမှာလည်း 'သွေးစက်ကျဘုရား' ဆိုပြီး ကိုရင်မောင့် အမျိုးတွေက တည်ခဲ့ကြပါသေးတယ်။ အခုတော့ ဘုရားအို၊ ဘုရားပျက်တစ်ဆူမျှ ဖြစ်နေပါပေါ့။ မယ်ဥခေါင်းကပန်းတွေ ပြုတ်ကျခဲ့တဲ့နေရာမှာတော့ သရဖီပင်တွေ ပေါက်လာကြတယ်။ ပွင့်ပြီဆိုမှဖြင့် သရဖီပွင့်တွေဟာ မွှေးမှမွှေးသနဲ့။ ဒါပေမဲ့ ဘယ်လုံမမှ ဒီသွေးနဲ့ရင်းထားတဲ့ပန်းတွေကို မပန်ရက်ပါဘူး။ အသာအယာ ကောက်ယူကာ တောင်ထိပ်က သက်ဆိုင်သူဆီကိုပဲ သွားရောက်ပသလေ့ရှိကြတယ်။ ခုတော့ တောင်ပေါ်မှာလည်း မယ်ဥရဲ့ ရုပ်တုနဲ့တကွ နတ်ကွန်းရှိနေပါပြီ။

ဒီတောင်ပေါ် မယ်ဥရောက်ခဲ့တာ ရာစုနှစ် ကိုးခုရှိခဲ့ပြီ။ ပွဲတော်အခါမှာရော တခြားရက်များပါ ရွာနီးချုပ်စပ်က လူတွေ၊ မြန်မာပြည် တစ်နံတစ်လျားက ပြည်သူတွေဟာ လင်ယောကျ်ားအပေါ် သစ္စာရှိပြီး မဟုတ်မတရားတာကို ကြက်ခေါင်းဆိတ်မခံ အလျှော့မပေးခဲ့တဲ့ ဆတ်ဆတ်ကြဲသူရဲကောင်းမလေးဆီ အဆက်မပြတ်လာလေ့ရှိကြတယ်။ ဒါပေမဲ့ ကျန်အချိန်များမှာတော့ 'သခင်မတောင်တော်' ဟာ တိတ်ဆိတ်ငြိမ်းချမ်းလို့ပါပဲ။ နေချိုတဲ့ ညနေအေးများမှာ လဆန်းရက် ညဦးပိုင်းများမှာ ထင်းခုတ်ရာ၊ ဟင်းရွက်ရှာရာက ပြန်လာသူများ တောင်ခါးပန်းကိုပတ်ကာ ရွာပြန်လာခဲ့ကြရင်ဖြင့် တောင်ထိပ်ဆီက ကျောင်း–ဂျက် ရက်ကန်းခတ်သံနဲ့အတူ ပန်းပွင့်ထဲ လေတိုးသံလို လှပချိုအေးတဲ့ အသံလေးနဲ့ လွမ်းတေးသီနေတဲ့ လုံမငယ်တစ်ဦးရဲ့ အသံကို ကြည်နူးစဖွယ် ကြားကြရတုန်းပါပဲတဲ့။

မှတ်ချက်။ ။ အစဉ်အလာ ပြောကြဆိုကြတာကတော့ ဘုရားတည်ရာမှာ အုတ်နှစ်ချပ်လပ်လပ်လို့ အမျက်တော်ရှပြီး ရွှေဖျဉ်းညီနောင်ကို သတ်တယ်လို့ ဖြစ်ပါတယ်။ ဒါပေမဲ့ ဦးကုလားမှာရော မှန်နန်းမှာပါ 'ယုံကြည်တော်မမူ၍ ဝရင်းတုတ်အရပ်၌ ကွပ်မျက်တော်မူလေ၏' လို့ အတိအကျပါရှိနေတာရယ်။ ဆုတောင်းပြည့်ဘုရားကို ကိုယ်တိုင်သွားကြည့်တော့လည်း လစ်လပ်နေတာထက် တမင်ဆွဲထုတ်ထားပုံပေါ်နေတဲ့အတွက်ရယ်ကြောင့် ရာဇဝင်ကျမ်းများအတိုင်းပဲ ရေးသားလိုက်ပါတယ်။

mgyoe.com

mgyoe.com

မယ်ဥကို ကပိုင်ရှာသူဖြစ်ကြောင်းနဲ့ တချို့ အမှတ်အသားများက ဆိုတယ်။

အင်ကျယ်ရှာသူလို့လည်း တချို့ကဆိုတယ်။

ကျမ်းကိုး။ ။

၁။ မှန်နန်းရာဇဝင်တော်ကြီး၊ ပထမတွဲ၊ သတင်းနှင့် စာနယ်ဇင်း လုပ်ငန်း၊ ၁၉၉၂။

၂။ ဦးကုလား မဟာရာဇဝင်ကြီး၊ ပထမအုပ်၊ ဟံသာဝတီ ပုံနှိပ် တိုက်၊ ၁၉၆၂။

၃။ June C Nash: Living with the Nats, Yale University, 1966.

ကလျာမဂ္ဂဇင်း၊ ဧပြီ၊ ၁၉၈၅။

❒

mgyoe.com

mgyoe.com

# ပရိမ္မရဲ့လွှမ်းတေး

mgyoe.com

mgyoe.com

ချစ်ခြင်းမေတ္တာဆိုတာ မတည်မြဲသလို အလွမ်းဆိုတာလည်း 'အတည်မဲ့' (အနိစ္စ) ပါပဲကလား။ မဆုံးတဲ့လွမ်းတေးရယ်လို့ မရှိဘူး။ လွမ်းတေးတစ်ပုဒ် ရပ်သွားကာ အချစ်တေးတစ်ပုဒ် လာရမယ်။

mgyoe.com

mgyoe.com

( ၁ )

သတ္တရဘာန်၊ သီတာခုနစ်သွယ်၊ တောင်စဉ် ခုနစ်ထပ်ရယ်လို့ လူကြီး သူမတွေ ပြောကြဆိုကြသံ ကြားဖူးခဲ့တာ ဒါများ လေလားလို့ ရွှေမင်းသမီး အတွေးဝင်မိတယ်။ တစ်လမ်းလုံးမှာ လူသူရယ်လို့ တွေ့ရလှတယ် မရှိ။ တောပြီးတော့ တောင်၊ တောင်ပြီးတော့ တော၊ ပြီးတော့ မြစ်ချောင်း ဒါပဲ။ ကိုယ်က ဝေါယာဉ်ပေါ်က အခန့်သား လိုက်လာရတယ် ဆိုပေမယ့်လို့ တောင်စောင်းကို တက်ရတဲ့အခါ ဝေါကြီးဟာ မှောက်သွားပြီး ချိုင့်ထဲကို ဆင်းရပြန်တော့လည်း ဦးစိုက် စိုက်နဲ့ ရင်ဖိုစရာကြီး။ မြစ်ချောင်းများကို ကူးရပြန်တော့လည်း ခုချက်ချင်း သစ်ဝါးခုတ်၊ ခုချက်ချင်းဖောင်ဖွဲ့၊ အဲ့ဒီ ခနော်ခနဲ့ ဖောင်နဲ့ မြစ်ကို ကူးရတာ စိတ်ပင်ပန်းလှတယ်။ ကစ္ဆပနဒီကို ဖြတ်ကူးစဉ်က ဆို မြစ်ရေပြင်ကလည်း ပင်လယ်နီးနီး၊ လှိုင်းတွေကလည်း ကြမ်းပါ ဘိသနဲ့။

ပုဂံသားတို့ရဲ့အကြီးအကဲ ရာဇတမန်အမတ်က တင်းမာခက်ထန်တဲ့ မျက်လုံး၊ မျက်ခုံးတို့ကြားက မခိုးမခန့် ရယ်သွမ်းသွေးကာ 'အချိန်တန်တော့ ရောက်ရမှာပ။ မပူပါနဲ့ ဝေသာလီသူကြီးရဲ့' ဘဲ့။ ဟောဒီ အရိမဒ္ဒနပူရ်က မင်းတမန်တော်ကြီးကို ပဥ္စကလျာဏီစိတ်ထဲမှာ တစ်မျိုးခံစားမိနေတယ်။ သူဟာ ဒီဒေသဓာစ်ဝိုက်မှာ ဘုန်းမိးနေလ ထွန်းပနေတဲ့ ပုဂံက မင်းပျို

mgyoe.com

မင်းလွင် အနိရုဒ္ဓရဲ့ ယုံကြည်ကိုးစားခြင်းကို ခံရတဲ့ အမတ်ျာတစ်ဦးပေပဲ။ သူ့တို့ပြည်မှာ အတော်ဩဇာတိက္ကမရှိသူ ဖြစ်ရပေမယ်။ ခန့်ညားထည်ဝါတဲ့ ကိုယ်လုံးကိုယ်ဖန်နဲ့ ကျားကျားလျားလျားရှိလှသူဆိုတော့ သူရသတ္တိ ပြောင်မြောက်သူတစ်ဦးရဲ့အသွင်ကို ဆောင်နေတယ်။ ဝေသာလီကို သမီး တောင်းဖို့လာခဲ့ရာမှာ သူ့ရဲ့နှစ်ကျိပ်ပဲ ပါလာခဲ့သတဲ့။ နယ်စပ်ကို ကျော်ရင် သူ့ဘုရင်က ထောင်တပ်နဲ့ လာကြိုမှာပါတဲ့။ ခု နယ်စပ်ကို ကျော်ခဲ့လို့ ယူဇနာ အတန်လှမ်းခဲ့ပြီ။ ဘာအကြိုတော်မှ မထောက်လေသေး။ သူကသာ ဝေသာလီ ပြည့်ရှင် ထည့်ပေးလိုက်တဲ့ အစောင့်ကျေးကျွန် ရှစ်ကျိပ်ထဲက ငါးကျိပ်ကို နယ်စပ်က တစ်ယူဇနာအကွာမှာ ပြန်လွှတ်ခဲ့တယ်။ ကစ္ဆပနဒီကို ကူးကြမယ် လုပ်တော့ နောက်နှစ်ကျိပ်။ ခုဆို ဝေသာလီကပါလာတဲ့ ရံရွေတော် တစ်ကျိပ် ပဲ ကျန်ချေတော့တယ်။

ကနဦးမှာ ရာဇတမန်ကို ပဉ္စကလျာဏီ ကြောက်မိရဲ့။ ဝေသာလီ ပြည့်ရှင် ခမည်းတော်ကို သူတို့ဘုရင်အတွက် သမီးတောင်းပုံ လေသံကိုက နူးညံ့ပျော့ပျောင်းခြင်း မရှိ။ စကားပရိယာယ် မပါ။ ရွှေစာသဝဏ်ကို ခပ်မာမာ လေနဲ့ ဖတ်ကြားကာ၊ လိုရင်းကို ခပ်ဆတ်ဆတ်ပဲ ရှင်းပြခဲ့တယ်။ တိုင်းငယ် ပြည်ငယ်ရဲ့ မင်းတစ်ပါးမျှဖြစ်တဲ့ ခမည်းတော်လည်း ပုဂံပြည်ကြီးရှင်ရဲ့ လိုအင်ကို လိုက်လျောရုံမှတစ်ပါး အခြားမရှိတာမို့ ခုလို သမီးတော်ကို သူရို့ပုဂံသားတွေနောက် ထည့်လိုက်တာပါပဲ။ မျက်ရည်စက်လက်နဲ့ ခမည်းတော် မယ်တော်ကိုခွဲကာ လိုက်ပါခဲ့တဲ့ ပဉ္စကလျာဏီကို ရံရွေတော် တွေက ချော့မော့နှစ်သိမ့် အားပေးကြပေလို့သာ။ ပုဂံ အမတ်ျာကတော့ တစ်ချက် စာနာသနားပုံ မပြ။

ဒါပေမယ့် ကစ္ဆပနဒီကို ဖြတ်ကူးခဲ့ကြရာမှာတော့ ပုဂံသားကြီး ပြုမူပုံ ကို အံ့ဩရတော့တယ်။ လှိုင်းလုံးရိုင်းတွေပေါ် ခုန်ပျံကျော်လွှားနေတဲ့ ဖောင်ပေါ်မှာ အထိန်းတော် လက်ချမ်းနဲ့ ရှမိလာတို့ကြား ခေါင်းဝှက်ထားကာ ရင်ဖိုငိုရှိုက်နေတဲ့ ဝေသာလီသူလေးရဲ့ ရွှေရောင်အိနေတဲ့ ကိုယ်ကလေးကို ညိုမည်းမည်းလက်တံကြီးက ဆတ်ခနဲလှမ်းယူတည့်ကာ သူ့ရင်အုပ်ညိုညို ကြီးထဲ သွတ်သွင်းထွေးပိုက်ထားလေတော့တယ်။ ဆံစလေးတွေကို သူ့ လက်ကြမ်းကြီးနဲ့ တယုတယ ပွတ်သပ်ပေးတယ်။

mgyoe.com

သူ့ရင်ခွင်ထဲ ကြောက်ကြောက်နဲ့ အိပ်ပျော်သွားတော့လည်း ရှမိလာတို့ဆီ ပြန်လွှဲခဲ့ပြန်ရဲ့။

နောက်တစ်နေ့ နေ့ခင်း တစ်ဘက်ကမ်းကို ဖောင်ဆိုက်တော့လည်း ပုဂံသားကြီးဟာ ပဥ္စကလျာဏီရဲ့ ကိုယ်ကလေးကို ဇွေ့ခနဲ ပွေ့ယူလိုက်ကာ ဖောင်ပေါ်ကဆင်းခဲ့ပြီး ကမ်းပေါ်မှာ အသင့်ဖြစ်နေတဲ့ ဝေါပေါ် အသာအယာ တင်ပေးခဲ့တယ်။ ဝေါပေါ်မှာထိုင်ရင်း ပြုံးလဲ့လဲ့မျက်လုံးတို့နဲ့ ပဥ္စကလျာဏီက ကြည့်လိုက်တော့လည်း မောင်မင်းကြီးသား မပြုံးမရယ်။ ခပ်တည်တည် ခပ်တွေတွေပဲ ငေးကြည့်နေတယ်။ ပဥ္စကလျာဏီကိုလား၊ ဟိုးအဝေးက သူတို့ ပေါက္ကန်ပြည်ဆီကိုလား။

ကစ္ဆပနဒီမြစ်ကမ်းပါးက ခွာခဲ့ကာ နေ့တစ်ဝက် ခရီးနှင်ခဲ့ကြပြီးနောက်၊ ဇနပုဒ် ရွာတစ်ရွာနဲ့ မလှမ်းမကမ်း တောစပ်မှာ ညအိပ်ရပ်နားဖို့ စခန်းထောက်ကြရာမှာတော့ ပုဂံအမတ်ကြီးကို ပိုလို့သာ အံ့သြခြင်းမက အံ့သြစရာ ကြုံရပြန်တယ်။ ယာယီတဲနန်းဆောက်ဖို့ သစ်ဝါးခုတ်သူက ခုတ်၊ ဆောက်သူက ဆောက်၊ အမဲဟင်းလျာ ထွက်ရှာသူကရှာ၊ ချက်သူက ချက်ပြုတ်၊ အလုပ်များနေကြချိန်မှာ အမတ်ကြီးဟာ ခေါင်းဆောင်ပီပီ ပိုင်ပိုင်နိုင်နိုင် ခန့်ခွဲနေလေတယ်။ နေဝင်ဖျိုးဖျရဲ့ တောတောင်အလှမှာ ယစ်မူးနေမိတဲ့ ပဥ္စကလျာဏီရဲ့အနား သိပင်မသိ။ ရွှေမင်းသမီး ပွဲတော်တည်နေစဉ်မှာတော့ ဝါဝင်းနေတဲ့ ပင်မှည့်တောငှက်ပျော တစ်ဖီးကို လက်ဆွဲကာ ရောက်လာခဲ့ပြီး ရှမိလာကို ငှက်ပျောသီးတွေ အခွံနွှာ၊ ပိုးပဝါပါးနဲ့ အရည်ညှစ်စေပြီး ပျားရည်နှယ် ငှက်ပျောရည်ကို ရွှေဖလားနဲ့ မင်းသမီးကို ဆက်စေတယ်။ ပဥ္စကလျာဏီက တစ်ကျိုက်မြည်းကြည့်ပြီး ချိုမြလွန်းလို့ ပြုံးမိတော့ ပုဂံသားကြီး သွားဖြီးလေရဲ့။

တကြော်ကြော်ဆိုကြ၊ ကကြ၊ စကားတဖောင်ဖောင် ပြောကြနဲ့ ညံစီနေတဲ့ သစ်ခက်တဲနန်းလေးဟာ ညဉ့်နက်လာတာနဲ့အတူ တစ်စတစ်စ ငြိမ်ကျလာတယ်။ ညအိပ်ဖန်စောင့်များကလွဲလို့ အိပ်မောကျကုန်ကြပြီနဲ့ တူပါတယ်။ မင်းသမီးရဲ့ဘေးနား ယပ်ခပ်စားနေတဲ့ ရှမိလာနဲ့ လက်ချမ်းတို့လည်း ငိုက်မျဉ်းစပြုလာကြပြီ။ တောကြက်တချို့တွန်သံနဲ့ မရှေးမနှောင်းမှာတော့ သဏ္ဌာန်မည်းတစ်ခုဟာ ပဥ္စကလျာဏီရဲ့တဲနန်းဝမှာ ပေါ်လာတယ်။

mgyoe.com

အရိမဒ္ဒနကို အိပ်မက်စပြုနေတဲ့ မင်းသမီးရော ရုံရွှေတော်နှစ်ဦးပါ မျက်လုံးလေးတွေ ပြူးပွင့်ကုန်ကြတယ်။ သဏ္ဍာန်ဟာ ရှေ့တိုးလာပြီး၊ ရှမိလာနဲ့ လက်ချမီးကို အပြင်ထွက်သွားဖို့ လက်ဟန်နဲ့ အမိန့်ပေးနေတယ်။ သူတို့ခမျာ အမိန့်ကို နာခံရုံကလွဲလို့ ဘာတတ်နိုင်ကြမှာတုန်း။ ငုံ့ကိုင်းရိုကျိုးကာပဲ တဲနန်းက ထွက်သွားကြတယ်။

သူ ရွှေမင်းသမီးရဲ့ဘေးမှာ ဝင်ထိုင်ချလိုက်ကာ ကစ္ဆပနဒီမြစ်ပေါ် တုန်းက ပွေ့ခဲ့သလိုမျိုး ပွေ့ပိုက်ထားလိုက်တော့တယ်။ 'ပဥ္စကလျာဏီ၊ ငါ နင့်ကို ချစ်နေပြီ' တဲ့။ 'ရာဇတမန်၊ ငါဟာ နင့်သခင် အနိရုဒ္ဓအတွက် ဖြစ်တယ်။ နင် ထိန်းသိမ်းပါဦး' ဆိုတဲ့ စကားလုံးကလေးများ ပဥ္စကလျာဏီရဲ့ ရင်ထဲမှာပဲ ငုပ်လျှိုးကွယ်ပသွားတော့တယ်။ ဝန်းကျင်မှာ ဒီတစ်ခါ ပေါ်လာတဲ့ အသံကတော့ တောကြက်တွန်သံ မဟုတ်ချေဘူး။ သစ်ကိုင်းများမှာ တွဲလောင်းချ အိပ်စက်တတ်ကြတဲ့ လင်းဝက်တို့အော်သံပဲ ဖြစ်ပါလိမ့်မယ်။

* * *

## ( ၂ )

ဓညဝတီရဲ့ကျေးလက်ကို ဖြတ်ကျော်လာခဲ့ကြရာမှာ ပဥ္စကလျာဏီရဲ့ စိတ်ဟာ မြူးကြွလို့နေတယ်။ သူနဲ့ ဖီလာဆန့်ကျင်ကာ ရာဇတမန်ရဲ့ စိတ်တွေကတော့ ခရီးပေါက်လာလေ ယောက်ယက်ခတ်လာလေဖြစ်နေပုံပါပဲ။ မကြာခင် ရိုးမတောင်ကြီးကို ကျော်ကြရမယ်။ တောင်တန်းကြီးပေါ်က ဆင်းလိုက်တာနဲ့ မြေပြန့်ခရီးကို ဆက်လိုက်ရင် မကြာမတင်မှာ အရိမဒ္ဒနပူရ်ပါပဲတဲ့။ ပဥ္စကလျာဏီရဲ့ ကိုယ်ကလေးကို သူ့ရင်ခွင်ထဲ ထွေးပိုက်ထားရင်းက ပုဂံရဲ့အမတ်ကြီးဟာ ပူပန်တဲ့မျက်လုံးတွေနဲ့ အဝေးဆီ ငေးနေတတ်တယ်။ တစ်မနက်မှာတော့ သူ့အသံအက်အက်ကြီးနဲ့ ရာဇတမန်က ဆိုတယ်...။

"အနိရုဒ္ဓ ကိုယ်တော်တိုင် ဓညဝတီကို ဆင်းလာနေပြီတဲ့ ပဥ္စကလျာဏီ..."

"ဟင်... ဟုတ်ကဲ့လား..."

မျှော်လင့်ထားပြီးသား ဖြစ်ပေမယ့်လို့ ခုလိုဖြုန်းစားကြီး ကြားလိုက်ရတော့လည်း ဝေသာလီရဲ့ သမီးကညာ မျက်လုံးကလေးများ ဝိုင်းစက်သွားတော့တယ်။

mgyoe.com

mgyoe.com

"ငါ သူ့ကို နယ်စပ်သွားပြီး ဆီးကြိုတွေ့ရမယ်..."

"ပြီးတော့ ငါ့ကို လာခေါ်မှာပေါ့... ဟုတ်လား..."

ရာဇတမန် ဘာမှပြန်လည်မပြောကြားဘူး။ တွေတွေမျက်နှာထားကြီးနဲ့သာ မြင်းပေါ် လွှားတက်ကာ ဒုန်းနှင်သွားတော့တယ်။

ဘာကြောင့် တစ်ဦးတည်း ထွက်သွားရပါလိမ့်။ ဘာကြောင့် သူ့ကိုပါ တစ်ပါတည်း ခေါ်မသွားရပါလိမ့်။ ပြည့်ရှင်မင်းကို ဦးဦးဖျားဖျား သတင်းပါးချင်သမို့ အလျင်သွားနှင့်တာလား။ အဲဒီလို ကြိုသွားနှင့်ကာ သတင်းပေးပြီးမှ ဘုရင်နဲ့အဖွဲ့ကို သူကိုယ်တိုင် မိမိတို့စခန်းချရာဆီ လမ်းပြခေါ်ဆောင်ခဲ့မှာလား။ စတဲ့ စတဲ့ မေးခွန်းလေးတွေနဲ့ ဝေသာလီသူလေး ကျန်ရစ်ခဲ့တယ်။ သူ့တစ်သက်မှာ အနိရုဒ္ဓဆိုတဲ့ ပုဂံပြည့်ရှင်ကို ဘယ်တော့ မှ ဖူးတွေ့ရလိမ့်မယ် မဟုတ်ဘူးဆိုတာကို သူ့ခမျာ မသိရှာလေ။

နောက်နေ့မှာ ရာဇတမန် ပြန်ရောက်လာရာမှာတော့၊ ညိုမည်းခက်ထန်တဲ့ သူ့မျက်နှာမှာ အပြုံးရောင်ဆိုတာကို တိတိကျကျ မြင်ရဖို့ ခက်ခဲပေမယ့် စိုးရိမ်မှုဆိုတာ မရှိတော့ဘဲ အလိုပြည့်အားရလာတယ်ဆိုတာကို မှန်းတတ်သူတို့ မှန်းဆသိနိုင်တယ်။ ဝေသာလီသူ အပျိုရိုင်းကလေးကတော့ ဒါတွေ မမှန်းဆအား၊ သူသိချင်တာကို ကလေးလို ကောက်ကာငင်ကာ မေးတော့တယ်။

"အနိရုဒ္ဓကော ဟင်၊ သူ လာနေပြီလား..."

"သူ တပ်လှည့်သွားပြီ... ပဉ္စကလျာဏီ၊ ငါတို့ချည်း ခရီးဆက်ရမယ်...၊ ငါတို့ ရိုးမကို နက်ဖြန်ကျော်ကြမယ်"

ခရီးရောက်မဆိုက်မှာ ရာဇတမန်က ဒီမျှပဲ ပြောပြတယ်။ နောက်နေ့ခရီးအတွက် ပြင်စရာရှိတာတွေကို ပြင်ကြပေါ့။ ညအိပ်စက်နားနေချိန်မှာတော့ ဝေသာလီ သတို့သမီးရဲ့ခေါင်းကလေးကို သူ့ရင်ခွင်ကျယ်ကြီးပေါ် အုံးမှီစေရင်း၊ ဆံစလေးတွေကို သူ့လက်ချောင်းကြီးများနဲ့ ထိုးဆွ ဆော့ကစားရင်း၊ ပုဂံရဲ့အမတ်ကြီးက စကားတစ်လုံးချင်း အသေးစိတ်ပြောပြတယ်။

"ငါ နင့်ကိုပဲ လိုချင်တယ် ပဉ္စကလျာဏီ၊ ငါ့သခင် အနိရုဒ္ဓရဲ့လက်ထဲ ထည့်လိုက်ရမှာတောင် ငါတွန့်တိုတယ်...၊ အနိရုဒ္ဓထက် ရှင်မထီးရဲ့ ရင်ခွင်ထဲသာလို့တောင် မထည့်နိုင်သေးတယ်"

mgyoe.com

mgyoe.com

"ရှင်မထီးဆိုတာ ဘယ်သူလဲ..."

"ရှင်မထီးက အရည်းကျောင်းက ဆရာတော်ကြီးပေါ့... အနိရုဒ္ဓလည်း နင့်ကို ရှင်မထီးဆီ ပို့ပြီးမှ မိဖုရားမြှောက်နိုင်မှာ...၊ ရှင်မထီးဆီ ပို့လိုက်ရင် နင်နဲ့ ငါတို့အကြောင်းတွေကို ရှင်မထီး သိသွားတော့မှာပဲ..."

"ငါ ရှင်မထီးကို မပြောဘဲနေမှာပေါ့"

"နင်မပြောလည်း သူသိမှာပဲ"

"ရှင်မထီးဆီ သွားရမှာကို ငါကြောက်တယ်...၊ ဒါထက် အနိရုဒ္ဓကို နင်ဘယ်လိုပြောလိုက်လဲဟင်"

"နင်ဟာ ဝေသာလီဘုရင့်သမီးတော် အစစ်မဟုတ်ဘူးလို့ ပြောလိုက်တာပ...၊ ဘုရင့်သမီးတော်မဟုတ်ရင် အနိရုဒ္ဓ မိဖုရား မမြှောက်လိုဘူးလေ..."

"နင် ဒီလိုပြောလိုက်တာကို နင်တို့အနိရုဒ္ဓက အလွယ်နဲ့ယုံသတဲ့လား"

ပဉ္စကလျာဏီ နှုတ်ခမ်းလေးတွေစူကာ တွေငေးနေတော့တယ်။

ရိုးမတောင်ကြီးကို ဖြတ်ကျော်ရတဲ့ခရီးဟာ ခက်ခဲကြမ်းတမ်းပေမယ့် ချစ်သူတို့ရဲ့ ခရီးမို့ လှပတဲ့ခရီးတစ်ခု ဖြစ်တယ်။ ပဉ္စကလျာဏီနဲ့ ရာဇတမန် အမတ်တို့ရဲ့ အချစ်ခရီးတင် မဟုတ်။ သူတို့အရှင်သခင်ရဲ့လမ်းကို လိုက်ခဲ့ကြပြီဖြစ်တဲ့ တမန်အဖွဲ့ဝင် ပုဂံသားတို့နဲ့ ဝေသာလီက လိုက်လာခဲ့သူ ရံရွေတော်တို့ရဲ့ ချစ်ခရီးလည်းဖြစ်တယ်။ ရိုးမ တောစိုးပင်ကြီးတို့ရဲ့ ဝေသီမြင့်ဖျားမှာ ပန်းဝါဝါ နီနီတို့ ဝင်းခနဲ လက်ပြလေတိုင်း ပုဂံသားတို့ ပင်စည်လုံး ချောချော ပေါ် သူ့ထက်ငါဦး အပြိုင်တက်ကြတယ်။ စခန်းတစ်ထောက် နားလေတိုင်း တောင်ကျစမ်းရေကို ဖက်ခွက်လေးတွေနဲ့ သယ်ယူပေးကြရဲ့။ တောချုံ တစ်ခိုက ကျားဟိန်းသံလိုလို ကြားလေတိုင်း ဓားကြီးတဝင့်ဝင့်နဲ့ ကိုယ့်ချစ်သူ ရှေ့ ဟန်ရေးပြရတာကလည်း အမော။

ရိုးမကဆင်း၊ မြစ်ကိုကူး၊ ကျေးလက်ကိုဖြတ်ကာ ချီခဲ့ရတော့လည်း ကြည်နူးစရာ အတိသာ။ အရိမဒ္ဒနပူနဲ့ နီးလာလေလေ၊ ပုဂံသားတို့ မြူးကြွ မဆုံး ဖြစ်လာလေလေ။

မမြူးနိုင် မပျော်နိုင်၊ သုန်မှုန်မှုန် မျက်နှာထားနဲ့ တမူခြားနေသူက တော့ ရာဇတမန်အမတ်သာ။ သူ့နဂိုဟန်ကပဲ ခပ်ထန်ထန် ခပ်တည်တည်မို့ပဲ

mgyoe.com

mgyoe.com
လား၊ စိတ်ပိုင်းဖြတ်ချက် တစ်ခုကြောင့်ပဲလားတော့ မသိ။ ငယ်သားတွေ အပေါ် ခါတိုင်းလို အမိန့်ပေးညွှန်ကြားမြဲ၊ ပဉ္စကလျာဏီအပေါ်မှာလည်း ခါတိုင်းလို ကြင်နာမြဲဆိုတာတော့ အကဲခတ်ရတော့ ခက်တယ်။

ပေါက္ကာရာမကိုရောက်ဖို့ ယူဇနာ အနည်းငယ်သာ လှမ်းတော့တဲ့ ပရိမ္မာအရပ်ကို ရောက်တဲ့အခါမှာတော့ သူ ပဉ္စကလျာဏီကို ပြောပြတယ်..

"ပဉ္စကလျာဏီ နင့်ကို အရိမဒ္ဒနပူရ်ထိ မခေါ်ခဲ့ရဘူးလို့ အနိရုဒ္ဓက အမိန့်ချသွားတယ်...၊ ငါ နင့်ကို ဒီက ငါ့ကံကျွေးစား တောင်သူကြီးဆီမှာ အပ်ထားခဲ့မယ်...၊ နောက် ငါလာတွေ့မယ်..."

မောင့်မျက်နှာ တစ်ရှူမှတ်လို့ လိုက်ခဲ့ရသူအဖို့မှာတော့ မောင်မင်းကြီးသား စီမံတာကို နာခံရုံကလွဲလို့ ဘာများတတ်နိုင်ဦးမှာလဲ။ မိခင်၊ ဖခင်တို့ရဲ့ ဝေသာလီဆိုတာ ကမ္ဘာရေမြေအဆုံးမှာ ကျန်ရစ်ခဲ့ပြီ။

* * *

( ၃ )

ဒီနေ့မနက် တောင်ယာကို ထွက်ခဲ့ရာမှာ ပဉ္စကလျာဏီ ထိုင်းမှိုင်းလေးလံလို့ နေတယ်။ ကိုယ်ကပဲ နေထိုင်မကောင်းချင်တာလား၊ စိတ်ကပဲ တလွမ်းလွမ်း တပူဆွေးဆွေးနဲ့မို့ ပင်ပန်းနွမ်းကျေနေတာလား။ တကယ်ဆိုတော့ မိုးဦးကျ မနက်လေးဟာ ကြည်နူးဖွယ်ရာ ကောင်းလှတယ်။ နှစ်ရဲ့ အစောဆုံး မိုးရေ ကျဲပက်ထားသမို့ မြေသင်းနံ့ကလေး ကြိုင်နေတယ်။ သစ်ပင်ပန်းမန်တို့လည်း ခေါင်းကလေးများ လွန့်လာကြကာ လန်းဆန်းလတ်ဆတ်ပါဘိသနဲ့။

သူ့ကို ကျွေးမွေးထားကြသူ တောင်သူကြီးမိသားစုက သူ့ကို ဘာမှ မခိုင်းကြပါဘူး။ သူကသာ မနေနိုင်လို့ တတ်စွမ်းသရွေ့ ကူညီညာဝိုင်းခဲ့တာ ဖြစ်တယ်။ နို့ပြီး အိမ်မှာ အချည်းနှီးထိုင်နေရင် စိတ်က လွမ်းတာ ဆွေးတာ တွေဘက်ချည့် ဦးလှည့်နေမိတတ်တယ်။ အမိနဲ့ အဖကို လွမ်းတယ်၊ ကိုယ့်မွေးရပ်မြေကို တမ်းတတယ်။ ဘုရင့်သမီးစစ်စစ်က တောင်သူကြီးရဲ့ တဲဆီ ရောက်ခဲ့ရတဲ့ ကိုယ့်ကြမ္မာကို နာကြည်းမိတယ်။ ကြမ္မာလား။ ဟိုး.. အနိရုဒ္ဓဆိုတဲ့ မတော်လိုက်ရတဲ့ ခင်ပွန်းလောင်း ပုဂံပြည့်ရှင်လား။ ပြီး သူ့ရဲ့
mgyoe.com

mgyoe.com

ရာဇတမန်... 'နောက် ငါလာတွေ့မယ်' ဆိုပြီး သူ့ကို ပရိမ္မမှာ ထားခဲ့တာ၊ ခုတော့ လပြည့်တာကိုတောင် နှစ်ခါကြုံခဲ့ရပြီ။ လူလည်း မလာ၊ သတင်းစကားလေးမှလည်း မပါး။ ပထမ လေးငါးဆယ်ရက်မှာ ပဥ္စကလျာဏီ ငိုလို့ချည်း နေမိတယ်။ တစ်စတစ်စနဲ့ တောင်သူကြီးတို့တစ်တွေရဲ့ ဖျောင်းဖျမှုကြောင့် မျက်ရည်ကိုသုတ်ကာ သူတို့လုပ်ငန်းခွင် သူတို့ဘဝလမ်းမှာ ရောပါနေတတ်လာခဲ့ရဲ့။ ဒါပေမယ့် လွမ်းတေးကတော့ မဆုံးတတ်နိုင်သေး။

တောင်သူကြီး ခုတ်ထွင်သွားခဲ့တဲ့ ပေါင်းပင်ချုံပင်လေးတွေကို ပဥ္စကလျာဏီ ခက်ရင်းကလေးနဲ့ ရှင်းလင်းလို့ နေတယ်။ မတွေးတော့ပါဘူးဆိုပေမယ့် လွမ်းစရာအတွေးလေးတွေက ခက်ရင်းကိုင်နေတဲ့ လုံမရဲ့ ရင်ဝကို လာလာတိုးဝှေ့နေကြရဲ့။ တွေးရင်း... လွမ်းရင်း... ခက်ရင်းကို ဆွရင်းနဲ့ပဲ ပဥ္စကလျာဏီ ချုံပုတ်ကလေးတစ်ခုကို ခက်ရင်းနဲ့မလိုက်တော့... အလိုလေးလေး – မြွေကြီး။ 'အဖရေ...' လို့ အော်ခေါ်လိုက်ချင်ပေမယ့် တောင်သူကြီးက တော်တော့်ကိုလှမ်းခဲ့ပြီ။ အော်နိုင်အားလည်း သူ့မှာမရှိတော့။ ခက်ရင်းကို လက်ကလွှတ်ချမိကာ မြွေကြီးကို စိုက်ကြည့်နေမိတော့တယ်။ နည်းလိုက်တဲ့ မြွေကြီးမဟုတ်ပါလား။ လူ့ခြေသလုံးလောက်တော့ တုတ်မယ်ထင်တယ်။ ပါးပျဉ်းထောင်ကာ သူ့ကို စိုက်ကြည့်နေရာမှ မျက်လုံးစွေစွေကြီးတွေက တဖိတ်ဖိတ် တလက်လက်နဲ့ ကြောက်စရာကောင်းလှပါဘိတော့။ ဒီမျက်လုံးကြီးတွေက မင်းသမီးကို ညှို့ယူနေကြထင့်။ ပဥ္စကလျာဏီ မလှုပ်နိုင် မရွေ့နိုင်တော့၊ မျက်လုံးတွေလည်း ဝေသီလာတယ်။ ပြီး မိုက်ခနဲဖြစ်ကာ လဲကျသွားတော့တယ်။

မင်းသမီး သတိပြန်လည်ကာ မျက်လုံးအစုံကို ဖွင့်လိုက်တဲ့အခါမှာတော့ သူဟာ ယာတင်းကုပ်ထဲ ရောက်နေတာ တွေ့ရတယ်။ နောက်ပြီး လူတစ်ယောက်ရဲ့ ပေါင်ခွင်ပေါ်မှာ။ သူ့ပေါင်ခွင်က မနွေးဘဲ အေးနေပါလား။ မျက်နှာလေးကိုမော့ကာ အဲ့ဒီလူရဲ့မျက်နှာကို ကြည့်လိုက်တဲ့အခါ.. ဟင်၊ သူ့မျက်လုံးကြီးတွေက စွေစွေစောင်းစောင်း အရောင်တဖိတ်ဖိတ်လက်နေသလိုပါပဲလား။ ယာတဲရဲ့ အမှောင်ထဲမှာ လင်းလက်လို့ နေတယ်။ ပဥ္စကလျာဏီ လူးလွန့်ထမိတယ်။

"နင် ... နင် ဘယ်သူလဲဟင်..."

mgyoe.com

"ငါ နင့်ကို အကူအညီပေးတဲ့သူပါ…၊ နင် မူးမေ့လဲကျသွားတော့ ဒီတင်းကုပ်ဆီ ယူလာခဲ့ပြီး နေကောင်းအောင် ပြုစုပေးနေတာပါ"

"ဟို–ဟို… မြွေကြီးကော…"

"မင်းက မြွေကြီးကို လန့်သွားတာကိုး…၊ မြွေတို့ နဂါးတို့ဆိုတာ လူကို အန္တရာယ်မပေးပါဘူးကွယ်…၊ သူ့ဘာသာသူ နေကြတာပါ…၊ လူတွေကသာ သူတို့ကို အသက်အန္တရာယ် ပြုကြတာပါ…၊ သူတို့က လူတွေနဲ့ ခင်မင်ချင်ကြပါတယ်…၊ မြွေနဂါးမှာလည်း နှလုံးသားရှိတယ် ပဥ္စကလျာဏီ"

"နင် ငါ့နာမည်ကို ဘယ်လိုလုပ်သိလဲ…၊ ဒီအရပ်မှာ ငါ့ကို အိမ္မွန်လို့ ခေါ်နေကြတာပဲဟာ…"

"ငါက နင့်နာမည်ကိုလည်း သိတယ်…၊ နင့်ဘဝကိုလည်း သိတယ်…၊ နင့်ကို အနိရုဒ္ဓရဲ့ မိဖုရားမြှောက်ဖို့ ခေါ်ခဲ့တာ…၊ လမ်းမှာ ရာဇတမန်အမတ်နဲ့ ချစ်ခဲ့ကြတယ်…၊ အနိရုဒ္ဓကိုလည်း နင်ဟာ ဝေသာလီ ဘုရင့်သမီးတော် မဟုတ်ဘူးလို့ ရာဇတမန်က ကုန်းချောလို့ အနိရုဒ္ဓ နင့်ကို စွန့်ခဲ့ပြီ…၊ အခု လည်း ရာဇတမန် နင့်ကို စွန့်ခဲ့ပြန်တာပါပဲ"

ပဥ္စကလျာဏီရဲ့ ပြူးဝိုင်းတဲ့ မျက်လုံးအိမ်ကလေးတွေမှာ မျက်ရည်စကလေးတွေ စို့လာတယ်။

"ငါ့ရဲ့ ကံကြမ္မာကိုက ဆိုးပါတယ်"

"အနိရုဒ္ဓရဲ့ မိဖုရားခေါင် မဖြစ်ရတာကို ကံကြမ္မာဆိုးတယ်လို့ ပြောချင်ရင်လည်း ပြောပေါ့လေ…၊ ငါနဲ့ ဆုံစည်းဖို့ ဖန်လာရတာကိုတော့ ကံကြမ္မာဆိုးတယ်လို့ မပြောစေချင်ဘူး…၊ ငါ နင့်ကို စောင့်ရှောက်ဖို့ လာခဲ့တာပါ"

"နင် ပုဂံက လာခဲ့တာလား…၊ ဟင်… နင့်ရုပ်က ပုဂံသားနဲ့လည်း မတူပါဘူး…၊ နင် ဝေသာလီကလား…"

"ငါ ဘယ်ကလာတယ်ဆိုတာ အရေးမဟုတ်ပါဘူး–ကလျာဏီ…၊ ငါ ဒီယာတဲကို မနက်တိုင်း လာခဲ့မယ်…၊ နင်လည်း နေ့တိုင်း လာခဲ့"

"နင် ရွာထဲကို လိုက်ခဲ့ပါလား…"

"ငါလိုက်လို့ မဖြစ်ဘူး…၊ ရွာသားတွေ ငါ့ကို အန္တရာယ်ပေးကြလိမ့်မယ်…၊ ဟော– နင့်အဖ တောင်သူကြီး လာနေပြီ…၊ ငါသွားမှ"

တစ်ခါတလေမှ ယာတောဆီ လိုက်လာတတ်တဲ့ ပဥ္စကလျာဏီ ခုတော့

mgyoe.com